ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်၊ တနင်္ဂနွေနေ့ (16-8-2015) (၈၂၉၄)

## ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။
ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။

(ဓမ္မပဒ)

# ဒုတိယသမ္မတ ဦးညာဏ်ထွန်း သာယာဝတီနှင့် ဇီးကုန်းမြို့ရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်

**နေပြည်တော် ဩဂုတ် ၁၅**

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညာဏ်ထွန်းသည် ယမန်နေ့ နံနက် ၁၀ နာရီက ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်အတွင်းရှိ ရေဘေးကယ်ဆယ်ရေးစခန်းများ၌ ရောက်ရှိနေသည့် ရေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံအားပေးခဲ့သည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဦးညာဏ်ထွန်းသည် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညာဏ်ဝင်း၊ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်တို့နှင့်အတူ ရတနာဝင်းရုပ်ရှင်ရုံတွင် ဖွင့်လှစ်ထားသည့် သာယာဝတီမြို့နယ်အတွင်းရှိ အိမ်ထောင်စု ၁၉၃ စုမှ ရေဘေးသင့်ပြည်သူ ၅၄၆ ဦးရှိသော ကယ်ဆယ်ရေးစခန်း အမှတ်(၈)သို့လည်းကောင်း၊ ဓမ္မသုခကျောင်းတိုက်တွင် ဖွင့်လှစ်ထားသည့် အိမ်ထောင်စု ၆၉ စုမှ ရေဘေးသင့်ပြည်သူ ၂၀၁ ဦးရှိသော ကယ်ဆယ်ရေးစခန်း အမှတ်(၅)သို့လည်းကောင်း၊ မင်္ဂလာအုဋ္ဌကျောင်းတိုက်တွင် ဖွင့်လှစ်ထားရှိသည့် အိမ်ထောင်စု ၉၈ စုမှ ရေဘေးသင့်ပြည်သူ ၃၀၁ ဦးရှိသော ကယ်ဆယ်ရေးစခန်းသို့လည်းကောင်း ရောက်ရှိကြပြီး ရေဘေးသင့်ပြည်သူများအား ဆေးဝါးများနှင့် အခြေခံစားသောက်ကုန်ပစ္စည်းများကိုပေးအပ်ကာ အားပေးစကားပြောကြားခဲ့သည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် သာယာဝတီမြို့နယ် ဇရပ်ကျေးရွာသို့ရောက်ရှိပြီး ဒေသခံပြည်သူများအားတွေ့ဆုံ၍ ဆေးဝါးများနှင့် အခြေခံစားသောက်ကုန်ပစ္စည်းများကိုပေးအပ်ကာ ကျေးရွာပတ်ဝန်းကျင်ရှိ ရေနစ်မြုပ် လယ်ယာများ၏အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့☆**




ဒုတိယသမ္မတ ဦးညာဏ်ထွန်းနှင့် ဇနီး ဒေါ်ခင်အေးမြင့်တို့ သာယာဝတီမြို့ မင်္ဂလာအုဋ္ဌကျောင်းတိုက် ကယ်ဆယ်ရေးစခန်းတွင် ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းပေးအပ်စဉ်။ (သတင်းစဉ်)




## ပယ်မဲမဖြစ်ရေး

ဆောင်းပါး - စာမျက်နှာ » ၆

# ငွေလဲလှယ်မှုတွင် ဒေါ်လာဈေးနှုန်းမြင့်တက်မှုမှာ ခဏတာသာဖြစ်မည်ဟု စီးပွားရေးအကဲခတ်တစ်ဦး ပြောကြား

**ဒေါက်တာသာစိန်**

ကျပ်ငွေနှင့်လဲလှယ်ရာတွင် ဒေါ်လာဈေးနှုန်းမြင့်တက်မှုသည် ကာလရှည်မဟုတ်ဘဲ ခဏတာသာဖြစ်မည်ဖြစ်ကြောင်း၊ အကြောင်းမှာ အကူအညီအထောက်အပံ့ စီးဝင်လာမှုများက ဒေါ်လာရောင်းလိုအားကို မြင့်တက်လာစေမည်ဖြစ်ကြောင်း စီးပွားရေးအကဲခတ်ပညာရှင်တစ်ဦးက ဩဂုတ် ၁၄ ရက်တွင် ပြောကြားသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဒေါ်လာလဲလှယ်နှုန်းမှာ ဩဂုတ် ၁၄ ရက်က ၁၂၅၆ ကျပ်ဖြစ်ပြီး ဩဂုတ် ၁၃ ရက်က ၁၂၄၆ ကျပ်၊ ယခုလအစောပိုင်းက ၁၂၃၄ ကျပ်နှင့် နှိုင်းယှဉ်ပါက အနည်းငယ် မြင့်တက်လာခဲ့သည်။ ဈေးကွက်အခြေအနေအရ ဒေါ်လာဈေးနှုန်းမှာ ဆက်လက်ပြီး ပြန်မတ်လာမည်မဟုတ်ဘဲ တက်လိုက်ကျလိုက်သာရှိနေမည်ဖြစ်ကြောင်း၊ ရေဘေးသင့်လျှုဒါန်းမှုများကြောင့် ကျပ်ငွေဝယ်လိုအားမြင့်တက်ကာ ကျပ်ငွေတန်ဖိုး မြင့်တက်လာမည့်အချိန်တွင် နိုင်ငံတကာအကူအညီများ စီးဝင်လာမှုကြောင့် ဒေါ်လာဝယ်လိုအား ကျဆင်းလာပြီး မကြာသေးမီက ကျပ်ငွေနှင့်လဲလှယ်သည့် ဒေါ်လာဈေးနှုန်းမြင့်မှုကို ထိခိုက်လာမှာဖြစ်ကြောင်း Applied Economics မှ ဦးစောနိုင်က သတင်းထောက်များကို ပြောကြားသည်။

အခြားအကြောင်းရင်းများကြောင့်ဒေါ်လာဈေးနှုန်းမြင့်တက်လာမှုမှာလည်းခဏတာသာဖြစ်လိမ့်မည်ဖြစ်ကြောင်း ဦးစောနိုင်ကဆိုသည်။ ဩဂုတ် ၁၄ ရက်က တရားဝင်ဒေါ်လာလဲလှယ်နှုန်းမှာ ၁၂၅၆ ကျပ်ရှိသော်လည်း ဈေးကွက်၌ ဒေါ်လာ လဲလှယ်နှုန်းမှာ ကျပ် ၁၂၈၀ အထိ ရှိနေကြောင်း သိရသည်။

**စာမျက်နှာ ၃ ကော်လံ ၅ သို့☼**

**ညောင်းညာကိုက်ခဲအတွက်ဆို ဆိပ်ထန်း၊ ရွှေပြည်နန်းရတနာကိုးသွယ်သနပ်ခါးရဲ့ အစွမ်း**



ဆရာသောင်း
(ရမည်းသင်း)

ကျွန်တော်ဟာ နေ့စဉ်သတင်းစာတွေမှာ သတင်းနှင့်ဆောင်းပါးတွေ၊ မြန်မာ့အသံရေဒီယိုမှာ ပြဇာတ်တွေကို ဆရာသောင်း(ရမည်းသင်း) အမည်ဖြင့် ရေးသားနေပြီး မြို့မ(ရမည်းသင်း) တေးဂီတအဖွဲ့မှာလည်း ပင်တိုင်တေးသံရှင်ဖြစ်ပါတယ်။ ကံဆိုးချင်တော့ အသက်(၆၀)လောက်မှာ ရုတ်တရက် လေဖြန်းသွားပါလေရောဗျာ။ ညာဘက်တစ်ခြမ်းက အကြောတွေကပ်သွားပြီး ဆရာဝန်နဲ့ အချိန်မီကုသလိုက်လို့ လေဖြတ်မသွားပေမယ့် ခြေလက်တွေထုံကျင် အဆစ်အမြစ်တွေကိုက်ခဲပြီး သီချင်းဆိုဖို့ ဝေလာဝေး ကျွန်ရှင်ကလည်းမပြနိုင် စာလည်းကောင်းကောင်းမရေးနိုင်တာကြာပါပြီ။ ဒါပေမယ့် ကံကောင်းချင်တော့ မန္တလေးမှာနေပြီး ဆေးပစ္စည်းနဲ့အလုပ်ကိုင်ဖွင့်ထားတဲ့ တပည့်မလေးတစ်ယောက်က ကျွန်တော့်အိမ်ကိုရောက်လာပြီး **"ဆရာ...ရွှေပြည်နန်း ရတနာကိုးသွယ်သနပ်ခါးဟာ သမီးတို့ဆိုင်မှာ ရောင်းအားအကောင်းဆုံးပါပဲဆရာ။ လေဖြန်းတာ၊ လေဖြတ်တာ၊ လေးဘက်နာရောဂါနဲ့ အဆစ်အမြစ်ကိုက်ခဲတာတွေကို အမြန်ဆုံးပျောက်ကင်းတယ်"** လို့ပြောပြီး ဆေးဘူးတွေနဲ့ ဦးချကန်တော့သွားပါတယ်။ ကျွန်တော်လည်းအားရဝမ်းသာစွာနဲ့ ရွှေပြည်နန်းရတနာကိုးသွယ်သနပ်ခါးကို ညအိပ်ယာဝင်တိုင်း လိမ်းအိပ်လာလိုက်တာ ဆေးတစ်ဘူးမကုန်ခင်မှာဘဲ အညောင်းအညာ အကိုက်အခဲ တွေလည်းသက်သာလာပါတယ်။ အရင်ကခံစားခဲ့ရတဲ့ဝေဒနာတွေလည်း အမြစ်ပြတ်သလိုပျောက်သွားတာကြောင့် အခုဆိုရင် ကျွန်တော်ဟာ ကျွန်ရှင်လည်းပြနိုင်ပြီ၊ စာလည်းရေးနိုင်ပြီ၊ သီချင်းလည်းဆိုနိုင်ပြီမို့ ကျေးဇူးကမ္ဘာပါ ရွှေပြည်နန်းလေးနဲ့ ရွှေမန္တလေးက တပည့်မလေးရေ... **"မြန်မာ့ထိပ်တန်း ရွှေပြည်နန်း ရှင်လန်းချမ်းမြေ့နိုင်ပါစေ"** လို့လည်း ဆုမွန်ကောင်းတောင်းပေးလိုက်ပါတယ်...

ဆရာသောင်း(ရမည်းသင်း) အငြိမ်းစားပန်းချီဆရာ ... မြို့မရပ်ကွက်ကြီး၊ ရမည်းသင်းမြို့၊
ဆယ်ဆင့်ဆောက်စံသူ ... ဒေါ်တင်နွဲ့ရီ၊ ရွှေမိုးငွေမိုးပိန်ဆိုင်၊ မြို့မဈေး၊ ရမည်းသင်းမြို့၊

အတွေးအမြင်

**ကြေးမုံစာတည်းရှုထောင့်** — **၁၆-၈-၂၀၁၅၊ တနင်္ဂနွေနေ့**

# နှစ်ဦးနှစ်ဝ စိတ်ချမ်းသာ

မြန်မာတို့၏ဆိုရိုးစကားတွင် "ရတာမလို၊ လိုတာမရ" ဟူ၍ရှိသည်။ မိမိတို့အလိုရှိရာကို ရကြသောအခါ မလိုအပ်သောအရာကိုရခြင်းနှင့် လိုအပ်သောအရာကိုမရခြင်းတို့ ရှိလာတတ်ပြီး ထိုသို့ဆိုတတ်ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် မည်သို့ပင်ရသည်ဖြစ်စေ မိမိအလိုနှင့်မကိုက်ညီပါက ထိုသို့ဆိုတတ်ကြသည်။

ယခုဆိုလိုချင်သော ရတာမလို၊ လိုတာမရမှာ ရေဘေးသင့်ပြည်သူများအား ပေးဝေနေသောပစ္စည်းများကို ဆိုလိုခြင်းဖြစ်ပါသည်။ ထိုရခြင်းသည်လည်း အထက်နည်းအတိုင်းပင်ဖြစ်ပါသည်။ လူ့သဘာဝအရ "လူ့အလိုနတ်မလိုက်နိုင်"ဟူ၍လည်းရှိပါသည်။ လူတို့တွင် လိုအင်ဆန္ဒများ များပြားလှသဖြင့် ပြည့်စုံအောင်ဖြည့်ဆည်းနိုင်ရန်မှာ လွယ်ကူသောအလုပ်မဟုတ်ချေ။

ဘေးဒုက္ခကျရောက်နေမှုကြောင့် အရာရာလိုအပ်နေသောအချိန်ကာလတွင် ဖြည့်ဆည်းပေးရာ၌ လိုအပ်မှုရှိနေမည်ဖြစ်သည်။ သို့ရာတွင် အချို့လိုအပ်မှုများပြည့်စုံသော်လည်း လက်တွေ့လိုအပ်ချက်ရှိသေးပါလျှင် ထိုသို့ပင်ဆိုရမည်ဖြစ်သည်။ ထို့ကြောင့် ဖြစ်ပေါ်နေသောအနေအထားနှင့် ဆီလျော်ကိုက်ညီသော လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်လျှင် ပိုမိုကောင်းမွန်မည်ဖြစ်သည်။

ယခုအခါ ရေဘေးသင့်ပြည်သူများအား ပရဟိတစေတနာရှင်ပြည်သူများက အစားအစာ၊ အဝတ်အထည်နှင့် ဆေးဝါးများ အများဆုံးလှူဒါန်းလေ့ရှိပါသည်။ လက်ရှိတွင် အစားအစာနှင့် ဆေးဝါးပိုမိုလိုအပ်ပါသည်။ အစားအစာတွင်လည်း ရေရှည်စားသောက်နိုင်သော အစားအစာပိုမိုလိုအပ်မည်ဖြစ်သည်။ ကိုယ်လွတ်ရုန်းပြေးခဲ့ရသူများအဖို့ အစားအစာအပြင် အဝတ်အထည်များလည်း လိုအပ်လိမ့်မည်။ အချို့ကျန်းမာရေးအတွက် ဆေးဝါးနှင့် သောက်သုံးရေများလိုအပ်မည်ဖြစ်သည်။

အချို့ရေပြန်ကျသွားသော ဒေသများအဖို့ မိမိတို့ဘဝပြန်လည်ရပ်တည်ရှင်သန်ရေးအတွက် ငွေကြေးလိုအပ်ပေလိမ့်မည်။ ထို့ကြောင့် ဒေသတစ်ခုနှင့်တစ်ခု အခြေအနေအချိန်အခါအလိုက် အခြေခံလိုအပ်ချက်ချင်း တူညီလိမ့်မည်မဟုတ်ချေ။ ထိုအချက်များကိုကြည့်၍ ပရဟိတစေတနာရှင်များက လှူဒါန်းကြမည်ဆိုလျှင် ရေဘေးသင့်သူများ ရတာမလို၊ လိုတာမရ မဖြစ်ဘဲ လိုတာရ၍ ပြည့်စုံပေလိမ့်မည်။

အလှူရှင်များအနေဖြင့် မိမိတို့လှူဒါန်းမှုပြုရာ၌ စေတနာအပြည့်ဖြင့် လိုအပ်မည်ဟုထင်သည့် ပစ္စည်းများကို စုဆောင်းကာ သွားရောက်လှူဒါန်းနေကြသည်ကို တွေ့ရပါသည်။ ထိုသို့လှူဒါန်းရာတွင် ရေဘေးသင့်သော ဒေသများအနက် ကိုယ်တိုင်ကိုယ်ကျသွားရောက်ရလွယ်သည့် နေရာများသို့ အများဆုံးပို့ဆောင်ပေးနေသည်ကို တွေ့ရပါသည်။ ဒေသတစ်ခုအတွက် လမ်းပန်းဆက်သွယ်ရေးသည် တစ်ကြောင်းတည်းဖြစ်၍ နီးစပ်ရာကျေးရွာများမှာ အလှူပစ္စည်းများ အများဆုံးရကြမည်ဖြစ်သည်။

နေ့စဉ် စဉ်ဆက်မပြတ်လာရောက်လှူဒါန်းမှုများကြောင့် လိုအပ်ချက်ပင်ကျော်လွန်၍ အပိုအလျှံပင်ရှိနေလောက်ပြီ။ ဤသည်မှာ လမ်းပန်းဆက်သွယ်ရေးသင့်သော နေရာများဖြစ်ပြီး အချို့လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ဝေးလံခေါင်ဖျားသည့် ကျေးရွာများအတွက်မူ လိုတာမရဖြစ်နေလိမ့်မည်။ အချို့လူတို့အတွက် ပြည့်စုံသော်လည်း တိရစ္ဆာန်များအတွက် အစားအစာများ လိုအပ်ပေလိမ့်မည်။

ဤသို့ဆိုလျှင် ရတာလို၊ လိုတာရရှိကြစေရန် နယ်မြေဒေသများ၏ မြေပြင်အခြေအနေများကို ဦးစွာစုံစမ်းထောက်လှမ်းပြီး လိုအပ်ချက်အတိုင်း ဖြည့်ဆည်းပေးနိုင်ခြင်းသည်သာ အကောင်းဆုံးဖြစ်သည်။ အဆိုပါဒေသ၏ ဒေသခံများ၊ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့် ချိတ်ဆက်မေးမြန်းပြီးမှ လိုအပ်ချက်ကို အနီးစပ်ဆုံးဖြည့်ဆည်းပေးသင့်သည်။

သို့ရာတွင် ပရဟိတအဖွဲ့အစည်းများအနေဖြင့် အာဏာပိုင်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်မှုအားနည်းနေသည်ကိုတွေ့ရသည်။ အာဏာပိုင်အဖွဲ့အစည်းများကလည်း မိမိတို့မြို့ရွာများ တစ်ခုချင်းအလိုက် အခြေအနေမှန်ကို သတင်းထုတ်ပြန်ပေးနေပေသည်။ အချို့ပြည့်စုံမှုရှိနေပြီး အချို့လိုအပ်နေသည့်အရာများကို မှန်မှန်ကန်ကန် အသိပေးနိုင်ပါလျှင် လှူဒါန်းမှုများလည်း အချည်းအနှီးမဖြစ်ဘဲ လိုအပ်နေသူများလည်း လိုတာရပြီး နှစ်ဦးနှစ်ဝ စိတ်ချမ်းသာမည်ဖြစ်သည်။ ။

# ဆန်နှင့် ကြက်သွန်စျေးနှုန်းများ ပြန်လည်ကျဆင်း

**ရန်ကုန် ဩဂုတ် ၁၅**

ဩဂုတ်လပထမပတ်အတွင်း ရန်ကုန်ကုန်စည်စျေးကွက်တွင် စျေးနှုန်းများမြင့်တက်ခဲ့သော ဆန်နှင့်ကြက်သွန်နီစျေးနှုန်းများသည် ဩဂုတ်လ ဒုတိယပတ်ကုန်တွင် သိသာစွာ စျေးနှုန်းပြန်လည်ကျဆင်းလာသည်ဟု ကုန်စည်စျေးကွက်အတွင်းမှ ရောင်းဝယ်သူများက ဆိုသည်။

ဩဂုတ် ၁ရက် ရန်ကုန်ဆိပ်ကမ်းဆန်စျေးကွက်တွင် နွေဆန်တစ်အိတ်လျှင် ကျပ် ၁၉၅၀၀ နှုန်းသာရှိရာမှ ဩဂုတ် ၃ ရက်တွင် တစ်အိတ်လျှင် ကျပ်၂၀၀၀ ဝန်းကျင်မြင့်တက်လာရာ နွေဆန်တစ်အိတ်လျှင် ကျပ်၂၁၅၀၀-၂၂၅၀၀ နှုန်းသို့ မြင့်တက်သွားသည်။ ပေါ်ကျွဲဆန်နှင့် ပေါ်ဆန်းဆန်စျေးနှုန်းမှာလည်း တစ်အိတ်လျှင် ကျပ် ၁၀၀၀ မှ ကျပ် ၁၅၀၀ အတွင်း စျေးမြင့်တက်လာသည်ဟု ရန်ကုန်ဆိပ်ကမ်း ဆန်စျေးကွက်မှကုန်သည်များက ဆိုသည်။

ရေဘေးကယ်ဆယ်ရေးအတွက် လိုအပ်သောဆန်များ စျေးနှုန်းသက်သာစွာ ဝယ်ယူရရှိနိုင်ရန် သက်ဆိုင်ရာက စီစဉ်ဆောင်ရွက်ပေးနေခြင်းကြောင့် ရန်ကုန်ဆန်စျေးကွက်တွင် ဆန်ဝယ်လိုအား ဩဂုတ်လ ဒုတိယပတ်လယ်မှစ၍ လျော့ကျလာသည်။ သို့ဖြစ်ရာ ဩဂုတ် ၁၄ ရက် ဆန်စျေးကွက်တွင် ဆန်စျေးနှုန်းမှာ တစ်အိတ်ကျပ် ၁၀၀၀ စီ ကျဆင်းမှုရှိလာသည်။

ဩဂုတ် ၁၄ ရက်တွင် နွေဆန်တစ်အိတ်လျှင် ကျပ် ၂၀၅၀၀-၂၁၅၀၀ နှုန်း၊ ပေါ်ကျွဲတစ်အိတ်လျှင် ကျပ် ၂၈၅၀၀-၃၀၀၀၀ နှုန်း၊ ပေါ်ဆန်းဆန်တစ်အိတ်လျှင် ကျပ် ၃၄၀၀၀-၃၇၀၀၀ နှုန်း၊ ၂-၃-၄ဆန်ကွဲတစ်အိတ်လျှင် ကျပ် ၁၃၂၀၀နှုန်း၊ ၁-၂ဆန်လတ်ဆန်ကွဲတစ်အိတ် ကျပ် ၁၃၈၀၀ နှုန်းသို့ ကျဆင်းမှုရှိလာသည်ဟု ရန်ကုန်ဆိပ်ကမ်းဆန်စျေးကွက်သွားရောက်ခဲ့သည့် ဘုရင့်နောင်ဆန်ပွဲရုံပိုင်ရှင် ဦးကျော်ကဆိုသည်။

ဩဂုတ် ၁ ရက်မှ ဩဂုတ် ၁၄ ရက်ထိ ဘုရင့်နောင်ကုန်စည်စျေးကွက်သို့ ကြက်သွန်နီ ပျမ်းမျှပိဿာချိန် ၁၈၀၀၀၀ ဝင်ရောက်မှုရှိခဲ့သည်။ ဩဂုတ် ၃ရက်၊ ၄ရက်၊ ၅ရက်တို့တွင် နေ့စဉ်ကြက်သွန်နီ ပိဿာချိန် ၁၆၀၀၀၀ ဝန်းကျင် ဝင်ရောက်ခဲ့သော်လည်း စျေးကွက်တွင် တရားဝင်ဒိုင်ဖွင့်စျေးနှုန်းထက် တစ်ပိဿာလျှင်ကျပ် ၅၀ မှ ၁၀၀ အတွင်း စျေးပိုပေးဝယ်ယူရသည်။ ပုံမှန်နေ့စဉ်ဝယ်နေကျအရေအတွက်အတိုင်းဝယ်ယူ၍မရဘဲ ခွဲတမ်းစနစ်ဖြင့် ဝယ်ယူခဲ့ရသည်ဟု နယ်ပို့အဝယ်တော်များ စိန်ပန်းလမ်းရှိ လုပ်ငန်းသုံးအကြော်လုပ်ငန်းရှင် ဦးဇော်ဝင်းက ဆိုသည်။

ယင်းနေ့ရက်များတွင် ဘုရင့်နောင်ပွဲရုံဝင်းအတွင်းရှိ ကြက်သွန်နီပွဲရုံများတွင် ကြက်သွန်နီများမြင်တွေ့ရမှုနည်းသည်။ တက်စျေးမျှော်ပစ္စည်းထိန်း၊ သိမ်းဆည်း၍တက်စျေးဖြင့် ရောင်းချသည့်အတွက် ကြက်သွန်နီစျေးမြင့်တက်လာရသည်။ ကြက်သွန်နီနည်းတူ အာလူးသည်လည်း စျေးမြင့်တက်ပြီး ဝယ်ရခက်ကာ စျေးနှုန်းပိုပေးဝယ်ရသည်ဟု အာလူး-ကြက်သွန်ဝယ်ယူသူများက ဆိုသည်။

ဩဂုတ် ၆ ရက်တွင် ဆိပ်ဖြူကြက်သွန်နီတစ်ပိဿာကျပ် ၇၀၀-၉၀၀-၁၀၀၀-၁၀၅၀ ထိ စျေးမြင့်တက်ခဲ့သည်။ ရှမ်းအာလူးတစ်ပိဿာလျှင်ကျပ် ၅၂၀-၇၂၀-၉၀၀-၉၅၀ နှုန်းထိ စျေးမြင့်တက်ခဲ့သည်။

ဩဂုတ်လ ဒုတိယပတ်အတွင်း ဝယ်လိုအားကျဆင်းမှုကြောင့် ဩဂုတ် ၁၀ ရက်တွင်ကြက်သွန်နီ တစ်ပိဿာ၂၅ ကျပ်၊ ဩဂုတ် ၁၂ ရက်တွင် ၂၅ ကျပ်၊ ဩဂုတ် ၁၃ ရက်တွင် ကျပ်၅၀ဖြင့် သုံးရက်အတွင်း တစ်ပိဿာကျပ် ၁၀၀ စျေး ပြန်ကျလာသည်။ အာလူးပိဿာချိန် နေ့စဉ်ပျမ်းမျှ တစ်သိန်းဝန်းကျင်ဝင်ရောက်ပြီး ရေစိုအပုပ်များသဖြင့် စျေးနှုန်းများ ပြန်လည်ကျဆင်းလာရာ ဩဂုတ် ၁၄ ရက်တွင် ကျပ် ၄၇၀-၅၃၀-၅၈၀ နှုန်းသာရှိသည်ဟု ကုန်စည်ဒိုင်နေ့စဉ်စျေးနှုန်းစာရင်းများမှ သိရသည်။

ဩဂုတ်လ ပထမပတ်အတွင်း ကြက်သွန်နီပွဲရုံများတွင် ကြက်သွန်နီ၊ အာလူးအိတ်များ မြင်တွေ့ရမှုမရှိသော်လည်း ဒုတိယပတ်အလယ်မှစ၍ ကြက်သွန်နီပွဲရုံများတွင် ရောင်းမကုန်သည့်အပြင် စျေးနှုန်းပါကျသဖြင့် ကြက်သွန်နီအိတ်များစွာ ပြန်လည်မြင်တွေ့လာရသည်။ အာလူးပွဲရုံများတွင် ရေစိုအပုပ်များ၍ ပြန်လည်ရွေးချယ်သန့်စင်ပြီးမှ ရောင်းချမှုရှိလာသည်။ အပုပ်များသောအိတ်များဆိုလျှင် ပုတ်ပြတ်စနစ်ဖြင့် စျေးလျှော့ရောင်းချနေသည်ကို မြင်တွေ့ရသည်ဟု ပွဲရုံဝင်းသို့ ကြက်သွန်နီ၊ အာလူးဝယ်ရန်လာသူများက ဆိုသည်။

ဩဂုတ်လ ပထမပတ်အလယ်တွင် အဝယ်ခက်၊ စျေးပိုပေးနေသော ကြက်သွန်၊ အာလူးများ ဩဂုတ်လ ဒုတိယပတ်ကုန် အဝယ်လွယ်၊ စျေးနှုန်းလျှော့ချမှုများရှိလာသည်။ ရန်ကုန်ပွဲရုံများတွင် ကြက်သွန်နီအိတ်များ ရောင်းမကုန်၍နယ်မှ တင်ပို့မှုလျှော့ချရန် ရန်ကုန်ပွဲရုံများမှ အကြောင်းကြားမှုရှိသဖြင့် ဩဂုတ် ၁၅ ရက်မှ စ၍ ရန်ကုန်သို့ ကြက်သွန်နီအဝင်လျော့လာရန် ရှိသည်ဟု ရေတမာလမ်း ကြက်သွန်နီပွဲရုံပိုင်ရှင် ဦးထွေးက ဆိုသည်။

နယ်မှ ရန်ကုန်သို့ ကြက်သွန်နီပို့ကားခ တစ်ပိဿာ ကျပ် ၃၀ မှ ၃၅ ကျပ်အတွင်းသာရှိရာ ဩဂုတ်လ ပထမပတ်အတွင်း ရန်ကုန်စျေးကွက်တွင် စျေးနှုန်းမြင့်တက်ခဲ့သဖြင့် နယ်မှကြက်သွန်နီတင်ပို့သူများ အကျိုးအမြတ်များစွာရရှိသည်ဟု သိရသည်။

ဆန်နှင့် ကြက်သွန်နီ စျေးနှုန်းကျဆင်းသော်လည်း ဩဂုတ် ၁၄ ရက်တွင် ရှမ်းကြက်သွန်ဖြူ တစ်ပိဿာ ကျပ် ၂၃၀၀-၂၆၀၀-၂၈၀၀-၃၀၀၀ နှုန်း၊ ကြူကုတ်ကြက်သွန်ဖြူ တစ်ပိဿာ ၂၃၅၀-၂၃၇၅ ကျပ်နှုန်း၊ ကုလားပဲခြမ်း တစ်ပိဿာကျပ် ၁၉၂၀နှုန်းတို့ဖြင့် စျေးနှုန်းအမြင့်တွင်ရှိနေဆဲဖြစ်ကြောင်း သိရသည်။ **(မောင်စေအောင်)**

## အထွေထွေရွေးကောက်ပွဲကို
## ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။ မဲစာရင်းများယွင်းမှု ရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။ မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ ၅၀(ဂ)တွင် အတိအလင်းပြဋ္ဌာန်းထားပါသည်။

# သာပေါင်း ရေဘေးသင့် ပြည်သူများအား လှူဒါန်း

**သာပေါင်း ဩဂုတ် ၁၅**

မြန်မာစီပီလိုက်ဖ်စတော့အဖွဲ့မှ သာပေါင်းမြို့နယ် ရေဘေးသင့်ပြည်သူများအား စားသုံးကုန်ပစ္စည်းရှစ်မျိုးထည့်ထားသောအထုပ် ၁၂၇၃ ထုပ်ကို ရွှေညောင်ပင်ကျေးရွာ၊ နွယ်နီချောင်းကျေးရွာနှင့် ကျန်ရှိ ရေဘေးသင့်ကျေးရွာ ယာယီရေဘေးသင့်ကျေးရွာများအရောက် ပေးပို့လှူဒါန်းခဲ့ကြောင်း သိရသည်။

**သာပေါင်း(မြန်/ဆက်)**

**ဥတုရာသီ တောကိုမှီ၏**



ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းများ** - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
**အနုပညာစာတည်း** - ခင်ခင်သက်
**အားကစားစာတည်း** - မေလဲ့သင်း
**ဆောင်းပါးစာတည်း** - စန္ဒာဝင်း
**အကြီးတန်းသတင်းထောက်များ** - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်
**အငယ်တန်းသတင်းထောက်များ** - သီသီမင်း၊ အောင်ကျော်ဦး၊ ခင်ဇာလီ၊ သန့်ဇင်ဝင်း၊ မေသကြ်န်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
**အထူးသတင်းထောက်** - စုနှင်းလဲ့၊ သီရိ

## ပြည်တွင်းရေးရာ

**☆ ဒုတိယသမ္မတမှ**

ထို့နောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းက သုံးဆယ်ရေလှောင်တမံစီမံကိန်းခန်းမတွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်၊ ကျေးရွာများအလိုက် ရေကြီးရေလျှံမှုများကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသော လမ်း၊ တံတား၊ စာသင်ကျောင်းများ၊ ထိခိုက်ပျက်စီးသည့် လယ်ယာမြေများ၊ ရေဘေးသင့်ပြည်သူများ၏ လက်ရှိအခြေအနေ၊ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ထားရှိမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် လိုအပ်ချက်များအား ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လုပ်ငန်းတာဝန်များဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီးအဆင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရန်ဖြစ်ပြီး ပြည်ထောင်စုအစိုးရအနေဖြင့် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးသဘာဝဘေးအန္တရာယ်များ ရန်ပုံငွေအဖွဲ့ကိုလည်း ဥပဒေအတိုင်းဖွဲ့စည်းထားပြီး ဘတ်ဂျက်မှထည့်ဝင်ငွေ၊ အလှူရှင်များမှရရှိသောအလှူငွေ၊ နိုင်ငံတကာမှရရှိသော အကူအညီငွေများကို ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ စီမံခန့်ခွဲသွားရန်ဖြစ်ပါကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စနစ်တကျအကောင်အထည်ဖော်နိုင်ရန် တိုင်းဒေသကြီး ပြန်လည်ထူထောင်ရေး ညှိနှိုင်းမှုဌာနများဖွဲ့စည်း၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းညှိနှိုင်းမှုဗဟိုနှင့် ပေါင်းစပ်ဆောင်ရွက်သွားရန်ဖြစ်ပါကြောင်းဖြင့်ပြောကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် သာယာဝတီခရိုင် ဇီးကုန်းမြို့နယ် အုပ်ချုပ်ရေးမှူးရုံးသို့ရောက်ရှိကြပြီး ရေဘေးသင့်ပြည်သူများအတွက် အခြေခံစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ကာ ဇီးကုန်းမြို့နယ်ပြည်သူ့ဆေးရုံကြီးသို့သွားရောက်၍ ဆေးရုံတက်ရောက်ကုသလျက်ရှိသော လူနာများအား ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် မြသိန်းတန်စေတီတော် ပရိဝုဏ်အတွင်း ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့သည်။

**(သတင်းစဉ်)**



**ဒုတိယသမ္မတ ဦးညဏ်ထွန်း ဇီးကုန်းမြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာတစ်ဦးအား ထောက်ပံ့ငွေပေးအပ်စဉ်။**
(သတင်းစဉ်)

# ပြည်သူလူထုယုံကြည်ကိုးစားမှုခံရသော တပ်မတော်ဖြစ်စေရန် တစ်ဦးချင်းက ကြိုးစားရန်လို

**နေပြည်တော် ဩဂုတ် ၁၅**

တပ်မတော်သည် အစဉ်အလာကောင်းသည့် တပ်မတော်ဖြစ်ကြောင်း၊ ၎င်းအစဉ်အလာများကို ထိန်းသိမ်းရန်လိုကြောင်း၊ တပ်မတော်တစ်ရပ်တွင် စစ်စည်းကမ်းကောင်းမွန်မှုနှင့် အမိန့်နာခံမှုသည် တန်ဖိုးအရှိဆုံးဖြစ်ကြောင်း၊ ခေါင်းဆောင်ကောင်း တစ်ယောက်ဖြစ်ရန်အတွက် နောက်လိုက်ကောင်းတစ်ယောက်ဖြစ်ရန်နှင့် မိမိကိုယ်မိမိ စွမ်းရည်ရှိအောင် ကြိုးစားရန်လိုကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့နံနက်ပိုင်းတွင် စစ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ပြင်ဦးလွင်တပ်နယ်ရှိ အရာရှိများ၊ နည်းပြအရာရှိများနှင့် သင်တန်းသားအရာရှိများအား တွေ့ဆုံမှာကြားရာတွင် ထည့်သွင်းပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးထွဋ်၊ ပြင်ဦးလွင်တပ်နယ်မှ အရာရှိကြီးများ၊ နည်းပြအရာရှိများနှင့် သင်တန်းသားအရာရှိ ၁၉၈၅ ဦး တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိတို့တပ်မတော်၏ အဓိကတာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်နိုင်ရန်အတွက် စစ်မှုအတတ်ပညာများနှင့် အတွေးအခေါ်မြင့်မားကောင်းမွန်ရန်အတွက် သင်ကြားလေ့ကျင့်ပေးလျက်ရှိကြောင်း၊ ဖတ်ရှုလေ့လာမှတ်သားမှုမှရသည့် အတွေးအခေါ်ကောင်းများသည် မိမိအလုပ်ကို မှန်မှန်ကန်ကန်ဆောင်ရွက်နိုင်ရန်နှင့် စီမံခန့်ခွဲမှုကို အထောက်အကူပြုရန်ဖြစ်ကြောင်း၊ မည်သည့်နိုင်ငံဖြစ်စေ စစ်ကိုနိုင်အောင်တိုက်နိုင်သည့် တပ်မတော်ကိုသာ ယုံကြည်ကိုးစားမည်ဖြစ်ကြောင်း၊ ပြည်သူလူထုယုံကြည်ကိုးစားမှုခံရသော တပ်မတော်ဖြစ်စေရန် တစ်ဦးချင်းက ကြိုးစားရန်လိုကြောင်း။



သင်တန်းကျောင်းများကလည်း သင်တန်းသားများကို သေချာစွာလေ့ကျင့်ပေးလိုက်ပါမှ အရာရှိကောင်းများဖြစ်လာပြီး တပ်ကိုနိုင်နင်းစွာ ဦးဆောင်နိုင်မည်ဖြစ်ကြောင်း၊ တပ်မတော်၏ သင်တန်းအသီးသီးတွင် လက်ရှိရာထူးထက်ပိုမိုမြင့်မားသည့်ရာထူးများ ထမ်းဆောင်နိုင်သည်အထိ လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊ အရာရှိများအနေဖြင့် သင်ကြားပေးလိုက်သည့် စစ်မှုအတတ်ပညာများ၊ အသိပညာများ၊ အတတ်ပညာများကိုပေါင်းစပ်ပြီး လက်တွေ့နယ်ပယ်တွင် အသုံးချစေလိုကြောင်း၊ အရာရှိငယ်များသည် လူငယ်များဖြစ်သည့်အတွက် ထိုက်သင့်သည့် ဦးဆောင်မှု၊ ခေါင်းဆောင်မှုပေးနိုင်ရန်လိုကြောင်း၊ မိမိကိုယ်မိမိလည်း အသိတရားဖြင့် ထိန်းသိမ်းရန်လိုကြောင်း။

မိမိတို့နိုင်ငံသည် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းလျက်ရှိရာတွင် မှန်ကန်ခိုင်မာစွာ လျှောက်လှမ်းနိုင်ရန်အတွက် တပ်မတော်အနေဖြင့် ခံယူဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ လျှောက်လှမ်းနိုင်ရန်မှာ ဦးစွာနိုင်ငံတည်ငြိမ်မှုရှိပြီး စည်းလုံးညီညွတ်စွာဖြင့် လုပ်ဆောင်ကြရန်လိုကြောင်း၊ သို့မှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ယခုအခါ တပ်မတော်အနေဖြင့် မိမိတို့တိုင်းပြည် တည်ငြိမ်မှုရှိရေးအတွက် သဘောတူညီမှုရရှိပြီးသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးလက်မှတ် ရေးထိုးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ အရာရှိများအနေဖြင့် နိုင်ငံ့အရေးကိစ္စဖြစ်သည့် မိမိဒေသမှသည် တိုင်းပြည်အဆင့်အထိ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ထားရှိပြီး လုပ်ဆောင်ရန်လိုကြောင်း။

မိမိတို့တပ်မတော်သားများအနေဖြင့် နိုင်ငံတော်အတွက် မိမိအသက်ကို စွန့်လွှတ်ရန်အထိပင် သစ္စာဆိုထားသူများဖြစ်သည်နှင့်အညီ မိမိကိုယ်မိမိ စွမ်းရည်ရှိအောင်ကြိုးစားပြီး နိုင်ငံတော်နှင့် ပြည်သူ၏အကျိုးအတွက် တတ်စွမ်းသရွေ့ ဆောင်ရွက်ကြရန်လိုကြောင်း၊ သဘာဝဘေးဒဏ်ကျရောက်ခဲ့သော အချို့သောဒေသများတွင် မိမိတို့တပ်မတော်သားများအနေဖြင့် ကူညီကယ်ဆယ်မှုများ ဆောင်ရွက်နေသကဲ့သို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း စွမ်းအားပြည့်ဆက်လက်ကူညီဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်တက္ကသိုလ် အောင်ဇေယျတပ်ရင်းရှိ ဘောလုံးအားကစားကွင်း၌ ပွဲကြည့်စင် တည်ဆောက်နေမှုနှင့် အားကစားရုံတည်ဆောက်ပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော် အထည်ချုပ်စက်ရုံ (ပြင်ဦးလွင်)သို့ သွားရောက်၍ စက်ရုံအတွင်း စက်ပစ္စည်းများ တပ်ဆင်ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုပြီး **(ဝဲပုံ)**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အရည်အသွေးကောင်းမွန်သော အဝတ်အထည်များ ထုတ်လုပ်နိုင်ရေးမှာကြားကာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ **(မြဝတီ)**

# မြန်မာနှင့် ကာဂျစ္စတန် *AACC* အဖွဲ့ဝင်နိုင်ငံများဖြစ်လာ

**ရန်ကုန် ဩဂုတ် ၁၅**

မြန်မာနိုင်ငံနှင့် ကာဂျစ္စတန်နိုင်ငံတို့သည် အာရှ နိုင်ငံတကာဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံးများနှင့် သာတူညီမျှ အဖွဲ့အစည်းများအသင်း (AACC)၏ အဖွဲ့ဝင်နိုင်ငံများစာရင်းတွင် ပါဝင်လာခဲ့ပြီဖြစ်သည်။

ကာဂျစ္စတန်နိုင်ငံသည် AACC ၏ အဖွဲ့ဝင်နိုင်ငံဖြစ်လာရေးအတွက် ကာဂျစ္စတန်ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံးအကြီးအကဲ မူကမ်ဘက်ကာဆီမာလီက ၂၀၁၄ ခုနှစ် ဇူလိုင် ၁၈ ရက်တွင် လျှောက်လွှာတင်သွင်းပေးပို့ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံကမူ ယခုနှစ် ဩဂုတ် ၄ ရက်တွင် AACC ၏ (၁၆) နိုင်ငံမြောက် အဖွဲ့ဝင်ဖြစ်လာရေး လျှောက်လွှာတင်သွင်း ပေးပို့ခဲ့ခြင်းဖြစ်သည်။

ထိုသို့ မြန်မာနိုင်ငံနှင့် ကာဂျစ္စတန်နိုင်ငံတို့၏ အဖွဲ့ဝင်ဖြစ်လာရေးလျှောက်လွှာများကို AACC အဖွဲ့ဝင်နိုင်ငံ ၁၂ နိုင်ငံက သဘောတူလက်ခံခဲ့ခြင်းကြောင့် မြန်မာနိုင်ငံနှင့် ကာဂျစ္စတန်နိုင်ငံတို့သည် ၂၀၁၆ ခုနှစ် ဧပြီလတွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့၌ ကျင်းပမည့် AACC ကွန်ဂရက်သို့တက်ရောက်ခွင့် ရရှိမည်ဖြစ်ကြောင်းလည်း သိရသည်။

AACC ၏ ယခင်အဖွဲ့ဝင်နိုင်ငံ ၁၄ နိုင်ငံမှာ အာဖဂန်နစ္စတန်၊ အဇာဘိုင်ဂျန်၊ အင်ဒိုနီးရှား၊ ကာဇက်စတန်၊ တောင်ကိုရီးယား၊ မလေးရှား၊ မွန်ဂိုလီးယား၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ ရုရှား၊ တာဂျီကစ္စတန်၊ ထိုင်း၊ တူရကီနှင့် ဥဇဘက် ကစ္စတန်တို့ဖြစ်ကြသည်။

AACC ဆိုသည်မှာ အာရှဒေသတွင်း ဒီမိုကရေစီ၊ တရားဥပဒေစိုးမိုးမှုနှင့် အခြေခံကျသည့်လူ့အခွင့်အရေးများ ဖွံ့ဖြိုးတိုးတက်မှုတို့ကို တိုးမြှင့်ဆောင်ရွက်ရန် ၂၀၁၀ ခုနှစ် ဇူလိုင်လအတွင်းက စတင်အသက်ဝင်ခဲ့သည့် ဖွဲ့စည်းပုံအခြေခံဆိုင်ရာ တရားမျှတမှုကို အဓိကဆောင်ရွက်မည့် အာရှဒေသတွင်းဖိုရမ်တစ်ခုဖြစ်သည်။ **(ငွေကြယ်)**

**❂ငွေလဲလှယ်မှုမှ**

မြန်မာနိုင်ငံ မော်တော်ကားထုတ်လုပ်သူများနှင့် ဖြန့်ဖြူးရောင်းချသူများအသင်းဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းက မကြာသေးမီက ဒေါ်လာဈေးနှုန်းမြင့်တက်ခဲ့ခြင်းသည် ပို့ကုန်ပစ္စည်းဈေးနှုန်းကို ပို၍မြင့်တက်စေကြောင်း၊ ထို့အတူ မိုးရာသီတွင် ဆန်တင်ပို့မှုရပ်ဆိုင်းထားခြင်း၊ ပို့ကုန်များကန့်သတ်ထားလိုက်ခြင်း၊ နိုင်ငံတွင်း လတ်တလော ရေကြီးရေလျှံမှုဖြစ်ပွားပြီးနောက်ပိုင်း ဆောက်လုပ်ရေးပစ္စည်းများနှင့် စားသောက်ကုန်များ တင်သွင်းရာတွင် ဒေါ်လာလိုအပ်လာခြင်းနှင့် ကမ္ဘာ့ဈေးကွက်တွင် ဒေါ်လာအားကောင်းလာခြင်းတို့ကြောင့် ဒေါ်လာလဲလှယ်နှုန်း ရုတ်တရက်မြင့်တက်လာခြင်းဖြစ်ကြောင်း ပြောကြားသည်။

# ပါကစ္စတန်နှင့်အိန္ဒိယ လုံခြုံရေးဆွေးနွေးပွဲကျင်းပမည်

**အစ္စလာမ္မာဘတ် ဩဂုတ် ၁၅**

ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့၏ လုံခြုံရေးဆိုင်ရာ ဆွေးနွေးပွဲကို ယခုလနှောင်းပိုင်းတွင် အိန္ဒိယနိုင်ငံ၌ ကျင်းပမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်း ထုတ်ပြန်သည်။

နှစ်နိုင်ငံအမျိုးသားလုံခြုံရေး အကြံပေးပုဂ္ဂိုလ်များ၏ ဆွေးနွေးပွဲသို့ တက်ရောက်ရန် အိန္ဒိယနိုင်ငံသို့ ဩဂုတ် ၂၃ရက်တွင် မိမိသွားရောက်မည်ဖြစ်ကြောင်း ပါကစ္စတန်နိုင်ငံ၏ ထိပ်တန်းလုံခြုံရေးအကြံပေးပုဂ္ဂိုလ် ဆာတာဇ်အဇစ်က အတည်ပြုပြောကြားသည်။

နှစ်နိုင်ငံ ရင်ဆိုင်နေရသော အကြမ်းဖက်မှုပြဿနာနှင့်သက်ဆိုင်နေသော အကြောင်းရပ်များကို အမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ်များ တွေ့ဆုံဆွေးနွေးသင့်ကြောင်း ပါကစ္စတန် ဝန်ကြီးချုပ်နာဝပ်ရှရစ်ဖ်နှင့် အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီတို့ ရုရှားနိုင်ငံ အူဖာမြို့၌ တွေ့ဆုံခဲ့ကြရာတွင် သဘောတူညီခဲ့ကြသည်။





အိန္ဒိယနိုင်ငံသည် လွန်ခဲ့သည့်နှစ် ဩဂုတ်လအစောပိုင်းက ပါကစ္စတန်နိုင်ငံနှင့် အဆင့်မြင့်ပုဂ္ဂိုလ်အဆင့် သံတမန်ရေး ဆွေးနွေးမှုများကို ရုတ်ခြည်းဆိုင်းငံ့ထားခဲ့သည်။ နယူးဒေလီရှိ ပါကစ္စတန် အထူးသံတမန်က ကက်ရှ်မီးယား ခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့ပြီး နောက်ယင်းသို့ သံတမန်ရေးဆွေးနွေးပွဲများကို ဆိုင်းငံ့ခဲ့ခြင်းဖြစ်သည်။

နှစ်နိုင်ငံဖြစ်ပေါ်နေသည့် လုံခြုံရေးဆိုင်ရာပြဿနာများကို ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်ရန် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်သင့်ကြောင်းအဇစ်က ပြောကြားသည်။ ပိုင်နက်နယ်မြေ အငြင်းပွားနေသော ကက်ရှ်မီးယားပြဿနာသည် နှစ်နိုင်ငံလုံခြုံရေးကို ခြိမ်းခြောက်နေသည့် ပြဿနာဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

**ဆင်ဟွာ။**

# ဂျပန်ပင်လယ်အတွင်း ရုရှားနှင့်တရုတ် ရေတပ်ပူးတွဲစစ်ရေးလေ့ကျင့်မည်

**ကျင်တောင် ဩဂုတ် ၁၅**

ရုရှားစစ်သင်္ဘောများနှင့်ပူးတွဲစစ်ရေးလေ့ကျင့်ရန် တရုတ်နိုင်ငံအရှေ့ပိုင်း ကျင်တောင်ဆိပ်ကမ်းမြို့တော်မှ တရုတ်စစ်သင်္ဘောခုနစ်စင်း ဂျပန်ပင်လယ်သို့ ဩဂုတ် ၁၅ ရက်က ထွက်ခွာသွားခဲ့ကြောင်းသိရသည်။

အမည်ဝှက် "Joint Sea-2015 (II)" ဟု ပေးထားသည့် ပူးတွဲစစ်ရေးလေ့ကျင့်မှုသည် ကိုးရက်ကြာမြင့်မည်ဖြစ်ပြီး ယင်းကို ဂျပန်ပင်လယ်အထက်ဘက်ရှိ Clerk Cape ရေပိုင်နက်အလွန် Peter the Great ပင်လယ်ကွေ့တွင် ဩဂုတ်၂၀ ရက်မှ ၂၈ ရက် အထိ လုပ်ဆောင်သွားမည်ဖြစ်သည်။အဆိုပါလေ့ကျင့်မှုမှာ ယခုနှစ်အတွင်း ဒုတိယအကြိမ်မြောက် တရုတ်-ရုရှား ပူးတွဲစစ်ရေးလေ့ကျင့်မှုဖြစ်သည်။ နှစ်နိုင်ငံရေတပ်များကရေငုပ်သင်္ဘောတိုက်ဖျက်ချေမှုန်းရေး၊ လေကြောင်းရန် ကာကွယ်ရေးနှင့် အခြားသက်ဆိုင်ရာမစ်ရှင်းများကို ပူးတွဲလေ့ကျင့်မည်ဖြစ်ကြောင်း သတင်းများကဆိုသည်။ ထို့ပြင် တပ်ဖွဲ့ဝင်များ ပူးတွဲကမ်းခြေဆင်းသက်မှုလေ့ကျင့်ခန်းကို ယင်းစစ်ရေးလေ့ကျင့်မှုတွင် ပါဝင်ဆောင်ရွက်ရန် စီစဉ်ထားသည်။

အဆိုပါပူးတွဲရေတပ်လေ့ကျင့်မှုများမှာ မည်သည့်တိုင်းပြည်ကိုမျှ မရည်ရွယ်သလို ဒေသတွင်းအခြေအနေနှင့်လည်းမသက်ဆိုင်ကြောင်း စစ်ရေးလေ့ကျင့်မှုနှင့် နီးစပ်သည့် သတင်းရပ်ကွက်များက ပြောကြားသည်။ တရုတ်ရေယာဉ်စုတွင် ဖျက်သင်္ဘောများဖြစ်သည့် ရှန်ရန်နှင့်တိုင်ကျိုး၊ ဖရီးဂိတ်သင်္ဘောများဖြစ်သော လင်ယီနှင့်ဟန်ရန်၊ ကမ်းတက်သင်္ဘောများဖြစ်သည့် ချန်ပိုင်ရှန်နှင့်ယွမ်ဝူရှမ်းနှင့် ထောက်ပံ့ရေးသင်္ဘောတိုင်ဟုတို့ပါဝင်သည်။ တရုတ်ရေတပ်မှ ရဟတ်ယာဉ်ခြောက်စင်း၊ လေယာဉ်ငါးစင်း၊ ကုန်းရေနှစ်သွယ်သုံး ပစ္စည်းကိရိယာတန်ဆာပလာ ၂၁ စုံနှင့် ကမ်းတက်တပ်ဖွဲ့ဝင် ၂၀၀ လည်း ယင်းပူးတွဲရေတပ်လေ့ကျင့်မှုတွင် ပူးပေါင်းမည်ဖြစ်သည်။

လေ့ကျင့်မှုများတွင်ပါဝင်ရန် စစ်သင်္ဘော ၁၆ စင်း၊ ရေငုပ်သင်္ဘောနှစ်စင်း၊ ကုန်းရေနှစ်သွယ်သုံး ပစ္စည်းကိရိယာတန်ဆာပလာ ၉ စုံနှင့်ကမ်းတက်တပ်ဖွဲ့ဝင် ၂၀၀ ရုရှားရေတပ်ကစေလွှတ်မည်ဖြစ်သည်။ ယခင် တရုတ်-ရုရှား ရေတပ်လေ့ကျင့်မှုများဖြစ်သော "Joint Sea-2015 (I)" ကို ပြီးခဲ့သည့်မေလအတွင်းက မြေထဲပင်လယ်တွင် ကျင်းပခဲ့သည်။

**ဆင်ဟွာ။**



# တောင်ကိုရီးယားသမ္မတ အမေရိကန်ပြည်ထောင်စုသို့ သွားရောက်လည်ပတ်မည်

**ဆိုးလ် ဩဂုတ် ၁၅**

တောင်ကိုရီးယားသမ္မတပတ်ဂွမ်ဟီးသည် လာမည့်အောက်တိုဘာလ ၁၆ ရက်တွင် ဝါရှင်တန်၌ အမေရိကန်သမ္မတ ဘာရက်အိုဘားမားနှင့် တွေ့ဆုံမည်ဖြစ်ကြောင်း တောင်ကိုရီးယားအစိုးရက ကြေညာခဲ့သည်။

ခေါင်းဆောင်နှစ်ဦးသည် မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယား အစီအစဉ်၊ အရှေ့မြောက်အာရှဒေသတွင် တည်ငြိမ်အေးချမ်းမှုမြှင့်တင်ရန် ပူးပေါင်းဆောင်ရွက်မှုနှင့် နှစ်နိုင်ငံမဟာမိတ်ပြုခြင်းကိုအားသစ်လောင်းရန် နည်းလမ်းများကိုဆွေးနွေးမည်ဖြစ်ကြောင်း တောင်ကိုရီးယားအစိုးရက ပြောကြားသည်။

သမ္မတပတ်ဂွမ်ဟီးသည် ဇွန်လကအမေရိကန်ပြည်ထောင်စုသို့ သွားရောက်လည်ပတ်ရန် စီစဉ်ထားသော်လည်းတောင်ကိုရီးယားနိုင်ငံ၌ မားစ်ရောဂါဖြစ်ပွားမှုအခြေအနေများကြောင့် အဆိုပါခရီးစဉ်ကိုရွှေ့ဆိုင်းခဲ့သည်။

ယခုခရီးစဉ်သည် ပတ်ဂွမ်ဟီးအစိုးရနှင့် အမေရိကန်ပြည်ထောင်စုတို့ ဆက်ဆံရေး၏ အရေးပါပုံကို မီးမောင်းထိုးပြရန်ရည်ရွယ်ကြောင်းလေ့လာသူများက ဆိုသည်။

**ဆင်ဟွာ။**



# တရုတ်နိုင်ငံ ထျင်ကျင်းမြို့ပေါက်ကွဲမှု သေဆုံးသူ ၈၅ ဦးရှိ

**ထျင်ကျင်း ဩဂုတ် ၁၅**

တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း ထျင်ကျင်းမြို့တွင် ဖြစ်ပွားခဲ့သည့်ပေါက်ကွဲမှုများကြောင့် ယခုအချိန်အထိ လူ ၈၅ ဦးသေဆုံးခဲ့ကြောင်းနှင့် ၇၂၁ ဦး ဆေးကုသမှုခံယူလျက်ရှိကြောင်း ဒေသန္တရအစိုးရအဖွဲ့က ဆိုသည်။

ပေါက်ကွဲမှုများဖြစ်ပွားခဲ့သည့် နေရာများကို မီးသတ်သမားများက သဲနှင့်ရေများ ပက်ဖျန်းထားကြသည်။ သို့သော် ပေါက်ကွဲမှု၏နောက်ဆက်တွဲဆိုးကျိုးအနေဖြင့် ဓာတုဗေဒဆေးများကြောင့် ကျန်းမာရေးဘေးဥပဒ်များဖြစ်ပွားမည်ကို ဒေသခံပြည်သူများက စိုးရိမ်ပူပန်လျက်ရှိကြသည်။ ဒေသခံအများအပြားက အိမ်အပြင်ဘက်ထွက်သည့်အခါတွင် နှာခေါင်းစည်းများ အသုံးပြုနေကြသည်။

အဆိုပါပေါက်ကွဲမှုကြောင့် လေထုညစ်ညမ်းမှုများ ယခုထိတိုင် ဖြစ်ပွားမှုမရှိသေးကြောင်း တာဝန်ရှိသူများက ဆိုသည်။ ဒေသခံများသည် ပေါက်ကွဲမှုဒဏ်ကို ရင်ဆိုင်ကြုံတွေ့နေရကြောင်းနှင့် ယင်းဖြစ်ရပ်သည် ဒေသန္တရအာဏာပိုင်များတွင် တာဝန်ရှိကြောင်း ဒေသခံအများအပြားက သတင်းစာရှင်းလင်းပွဲတွင် ဆိုသည်။

သို့သော် ပေါက်ကွဲမှု၏နောက်ဆက်တွဲအခြေအနေများကို ကိုင်တွယ်ဖြေရှင်းရန် ဒေသခံများ၏ စိုးရိမ်ပူပန်မှုများက အာဏာပိုင်များကို အခက်တွေ့စေကြောင်း သိရသည်။

**ဆင်ဟွာ။**

# လစ်ဗျားနှင့်ထိစပ်နေသော နယ်နိမိတ်အနီး၌ အီဂျစ်စစ်လေယာဉ်ပျက်ကျ လူလေးဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရ

**ကိုင်ရို ဩဂုတ် ၁၅**

လစ်ဗျားနိုင်ငံနှင့် ထိစပ်နေသော နယ်နိမိတ်ဒေသအနီးတွင် အီဂျစ်လေတပ်မှ လေယာဉ်တစ်စင်း ဩဂုတ် ၁၄ ရက်က ပျက်ကျခဲ့ရာ လေယာဉ်ပေါ်ပါသူများအနက်မှ လေးဦးသေဆုံးပြီး အခြားနှစ်ဦးမှာ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အီဂျစ်စစ်ဘက်က ပြောကြားသည်။ အဆိုပါလေယာဉ်သည် လစ်ဗျားနှင့် အီဂျစ်နှစ်နိုင်ငံနယ်စပ်တစ်လျှောက်ရှိ အိုက်အက်စ်စစ်သွေးကြွများအား တိုက်ခိုက်နေစဉ်အတွင်း ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

အဆိုပါ အီဂျစ်စစ်လေယာဉ် မြေထဲပင်လယ်ကမ်းရိုးတန်းဒေသမှ မာကာ မာထရို့စ်မြို့အနီးတွင် စက်ပိုင်းဆိုင်ရာ ချွတ်ယွင်းချက်ကြောင့် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်းနှင့် လေယာဉ်ပေါ်တွင် လိုက်ပါလာသူများအနက်မှ သေဆုံးသူအရေအတွက်နှင့် ထိခိုက်ဒဏ်ရာရရှိသူများအား ရှင်းလင်းပြတ်သားစွာ ပြောဆိုခြင်း မရှိပေ။

အီဂျစ်အစိုးရ မြေပြင်တပ်ဖွဲ့များနှင့် လေတပ်ဖွဲ့များက အီဂျစ်-လစ်ဗျား နယ်နိမိတ်စည်းမျဉ်းတစ်လျှောက်တွင် ပူးပေါင်းစစ်ဆင်ရေးများ ဆင်နွှဲနေပြီး အိုင်အက်စ်အကြမ်းဖက်အဖွဲ့၏ စစ်ယာဉ်လေးစီးအား တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့ကြောင်း အီဂျစ်စစ်ဘက်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အီဂျစ်တွင် သမ္မတရာထူးရယူခဲ့သည့် မိုဟာမက် မော်စီအား အီဂျစ်ပြည်သူများက ကြီးမားသော လူထုဆန္ဒကျင်ပွဲများကျင်းပကာ အုံကြွဆန့်ကျင်မှုများ ပြုလုပ်ခဲ့သည့် ၂၀၁၃ ခုနှစ်မှ စတင်ကာ အီဂျစ်အစိုးရအနေဖြင့် ဆိုင်နိုင်းကျွန်းဆွယ်အား အခြေကုပ်စခန်းများ တည်ဆောက်ပြီး ဆန့်ကျင်ပုန်ကန်မှုများ ပြုလုပ်သည့် သူပုန်အဖွဲ့များနှင့် ရင်ဆိုင်ခဲ့ရသည်။

သူပုန်တို့၏ ပုန်ကန်တိုက်ခိုက်မှုအတွင်း ရာနှင့်ချီသော အရေအတွက်ရှိသည့် အီဂျစ် စစ်ဘက်တပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များ သေဆုံးခဲ့ကြရသည်။

**ရိုက်တာ။**

# ဒီအလုပ်ရုံဆွေးနွေးပွဲကို လာတက်တဲ့သူတွေ Animation ကို စိတ်ဝင်စားကြတယ်

**ဂျပန် Animation ပညာရှင်**

ရန်ကုန် ဩဂုတ် ၁၅

**ဝဿန်ရုပ်ရှင်ပွဲတော်ကျင်းပရေးဗဟိုကော်မတီ၏စီစဉ်မှုဖြင့် အနုပညာမြောက်သော Animation ရုပ်ရှင်များ ပိုမိုပေါ်ပေါက်လာရေးရည်ရွယ်၍ Animation workshop ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲတွင် ဩဂုတ် ၁၀ ရက်မှ ၁၄ ရက်အထိ ကျင်းပခဲ့သည်။**



**Animation workshop ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲတွင် ကျင်းပစဉ်။** (သတင်းစဉ်)

ထိုဆွေးနွေးပွဲတွင် ဂျပန်နိုင်ငံမှ Animation Artist ပညာရှင်တစ်ဦးနှင့် Animation အနုပညာလေ့လာသုံးသပ်သူတစ်ဦးတို့ပါဝင်၍ အဓိကဆွေးနွေးခဲ့သည်။

စက်တင်ဘာ ၉ ရက်မှ ၁၃ ရက်အထိ ရန်ကုန်မြို့ ဝဇီရာရုပ်ရှင်ရုံ၌ ကျင်းပမည့် ဝဿန်ရုပ်ရှင်ပွဲတော်တွင် ယခုကျင်းပသည့် workshop မှထွက်ပေါ်လာသည့် Animation Film များ၊ ဂျပန်နိုင်ငံမှဇာတ်ကားများ၊ မြန်မာနိုင်ငံမှ မှတ်တမ်းတင်ရုပ်ရှင်ကား ၁၀ ကားနှင့် ဇာတ်လမ်းတို ၈ ကား စုစုပေါင်းဇာတ်ကား ၁၈ ကား ပြသသွားမည်ဖြစ်ကြောင်းသိရသည်။

ရန်ကုန်မြို့တွင် ကျင်းပခဲ့သည့် Animation workshop နှင့် စပ်လျဉ်း၍ တာဝန်ရှိသူများနှင့် သင်တန်းသားများ၏ သဘောထားအမြင်များကို စုစည်းတင်ပြလိုက်ရပါသည်။

**ဦးငြိမ်းကိုကိုထွန်း**
**ပြန်ကြားရေးဝန်ကြီးဌာန၊**
**ပြန်/ဆက်ဦးစီးဌာန**
**ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ**

Animation နဲ့ပတ်သက်ပြီး မမြင်ဖူးတာတွေ မြင်ရတယ်။ မြန်မာနိုင်ငံမှာက Animation လုပ်နေတဲ့ Professional တွေပါတယ်။ Animation ကို စိတ်ဝင်စားတဲ့သူတွေလည်း ပါတယ်။ Animation အနုပညာကို ကိုယ်တိုင်ဖန်တီးတဲ့ ဂျပန်ပညာရှင် ကိုယ်တိုင် လာရောက်သင်ကြားပေးပါတယ်။ ဂျပန်ဖောင်ဒေးရှင်း အာရှစင်တာရဲ့ ဂျပန်-မြန်မာ ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်အရ ဒီဆွေးနွေးပွဲကို ကူညီပံ့ပိုးပေးတာပါ။ ဝဇီရာရုပ်ရှင်ရုံမှာကျင်းပမယ့် ဝဿန်ရုပ်ရှင်ပွဲတော်မှာ ပြသမယ့်ကား ၁၈ ကားရှိပါတယ်။ ဒီဆွေးနွေးပွဲကထွက်လာမယ့်ကားတွေလည်းပြမယ်။ ဂျပန်ကားတွေလည်း လာပြဖို့ဖိတ်ခေါ်ထားပါတယ်။ ကပထမဆုံးအကြိမ်ဖြစ်ပါတယ်။ ဂျပန်နိုင်ငံက သင်ကြားမှုအပိုင်းမှာ စိတ္တဇပန်းချီလို့ အများခေါ်တဲ့ Animation အပိုင်းရဲ့ အခြေခံသဘောတရားသင်ပေးတယ်။ နိုင်ငံတကာမှာ သူတို့ဖန်တီးခဲ့တဲ့ Animation တွေကို ပြသတယ်။ လက်ရှိမြန်မာနိုင်ငံအနေနဲ့ Animation တွေထွန်းကားမှုက နည်းပါးပါသေးတယ်။ မြန်မာနိုင်ငံက ကာတွန်းရုပ်ရှင်ဇာတ်ကားကို သိပ်မကြည့်ကြဘူး။ အဲဒါကြောင့် Animation တွေက သိပ်ပြီး မတွင်ကျယ်ကြဘူး။ ကြိုးစားပြီးတော့ လုပ်ကြပါတယ်။ စီးပွားရေးအနေနဲ့ ကြိုးစားတာများတယ်။ ကြော်ငြာစီးပွားရေးလောက်ပဲ လုပ်ကြတယ်။ ရုပ်ရှင်ပိုင်းကြတော့ ကြည့်မယ့်သူသိပ်မရှိကြဘူး။ အခုနောက်ပိုင်း ကလေးတွေကလည်း ကာတွန်းရုပ်ရှင်ဇာတ်ကားတွေ သိပ်မကြည့်ကြဘူး။ ဒါပေမယ့် workshop



**ဦးသိဒ္ဓိအောင်။**



**ဦးငြိမ်းကိုကိုထွန်း။**



**ဦးကျော်စွာသိန်း။**



**ဦးဝင်းထိန်။**

**Mr. Mirai Mizue**
**(ဂျပန် Animation ပညာရှင်)**

မြန်မာနိုင်ငံမှာ Animation နဲ့ ပတ်သက်တဲ့ ကာတွန်းကားတွေ တွေ့မြင်ရတယ်။ ဒါပေမယ့် Animation ကို အနုပညာပစ္စည်း တစ်ခုလိုတင်ပြနိုင်မယ့် စမ်းသပ်ပုံစံမျိုးသိပ်မတွေ့ရဘူး။ အဲဒါကြောင့် ခုလို Animation အနုပညာဖန်တီးခွင့်ရမယ့် workshop မှာ လာချပြတယ်။ ကိုယ်တိုင်ဖန်တီးထားတဲ့ Animation အနုပညာကို လာရောက်ဆွေးနွေးပို့ချခြင်းဖြစ်ပါတယ်။ ဒီ workshop ကိုလာတက်တဲ့သူတွေ Animation နဲ့ ပတ်သက်ပြီး စိတ်ဝင်စားကြတယ်လို့ ထင်ပါတယ်။

**ဦးသိဒ္ဓိအောင်**
**Animation workshop**
**ကျန်းမာရေးတာဝန်ခံ**

Animation ကို ဈေးကွက်ဝင်ရောင်းတမ်းပုံစံမျိုးပဲ ထုတ်လုပ်ကြတာများတယ်။ တီဗွီတွေမှာ ကုန်ပစ္စည်းကြော်ငြာတာမျိုး၊ ဖျော်ဖြေရေးသက်သက်ပုံစံမျိုးတွေပဲများတယ်။ အခုအနုပညာနဲ့ဖန်တီးထားတဲ့ Animation မျိုးတွေ ပေါ်ပေါက်လာစေချင်တယ်။ အဲဒီရည်ရွယ်ချက်ပါ။ အခု သင်တန်းသား ၂၈ ယောက်ရှိပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနက ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ၊ ယဉ်ကျေးမှုတက္ကသိုလ်နဲ့ ပြင်ပအရင်က ပြခဲ့တဲ့ ကာတွန်းကားတွေ ကျွန်တော် ကြည့်ရတာဝါသနာပါတယ်။ ကိုယ်ကိုယ်တိုင်လည်း သတင်းကားတွေမှာ Animation လုပ်ရတယ်။ များသောအားဖြင့် အခုရိုက်နေတဲ့ Animation တွေဟာ Software တွေကို အခြေခံပြီးလုပ်ရတဲ့ Animation တွေ အများကြီးပဲ။ ဒီလိုမျိုး စာရွက်ပေါ်မှာ ကိုယ်တိုင်ရေးဆွဲပြီး တစ်ခုချင်းစီကို Animation လုပ်ရတာမတွေ့ဖူးဘူး။ အခုဒီမှာ လက်တွေ့ကျတယ်။ အသစ်အဆန်းဖြစ်တယ်။ တစ်ခါမှမတွေ့ဖူးတဲ့ အတွေ့အကြုံတွေရတယ်။ ကျွန်တော်တို့နိုင်ငံအတွက် အနုပညာအသစ်အဆန်းဖန်တီးမှုတွေကို မိတ်ဆက်ခွင့်ပေးတဲ့ ဂျပန်ပညာရှင် ဆရာ ဆရာမတွေနဲ့ ဝဿန်ရုပ်ရှင်တို့ကို ကျေးဇူးတင်ပါတယ်။

**ဦးကျော်စွာသိန်း**
**ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး**
**ဦးစီးဌာန**
**ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ**

workshop ရဲ့ ရည်ရွယ်ချက်က Animation ပေါ်ထွက်လာဖို့အတွက်ရယ်၊ Animation အပိုင်းကို အိမ်မှာပဲ ငွေကုန်ကြေးကျမလိုဘဲ ထုတ်လုပ်မှုကုန်ကျစရိတ်သက်သာစွာနဲ့ ဖန်တီးလို့ရဖို့ရယ် ရည်ရွယ်ပါတယ်။ မြန်မာနိုင်ငံမှာ ဒီ Animation workshop မှာ Animation ကို အသေးစိတ်လေ့လာရတဲ့အတွက် ကျေးဇူးတင်ပါတယ်။ workshop အနေနဲ့ သင်တန်းသား ၂၈ ဦးမှာ တစ်ယောက် သုံးစက္ကန့်စာလောက် ဖန်တီးခွင့်ရတယ်။ အဲဒီ သုံးစက္ကန့်ကိုပေါင်းပြီး တစ်မိနစ်ခွဲစာ workshop လုပ်ရခြင်းအကျိုးကျေးဇူးကို ဝဿန်ရုပ်ရှင်ပွဲတော်မှာ ပြသမယ်။ ဂျပန်နိုင်ငံက ပညာရှင်တွေက ဒီ workshop မှာ ပညာတွေ ဖလှယ်တဲ့အနေနဲ့ သင်ကြားပေးတယ်။ Animation အနေနဲ့ ဂျပန်ကတစ်ရှိန်ထိုး တိုးတက်လာတယ်။ ကြည့်တဲ့ပရိသတ်တွေအနေနဲ့လည်း တစ်ဖက်တစ်လမ်းက ပံ့ပိုးပေးတယ်။ ကြည့်တဲ့ပရိသတ်များရင် ဖန်တီးပေးရတဲ့သူကလည်း အားရှိတယ်။ မြန်မာနိုင်ငံမှာ Animation တွေ အများကြီးပေါ်ထွက်လာပြီး Animation ရုပ်ရှင်ဇာတ်ကားတွေ အများကြီးပေါ်ထွက်လာပါစေ။

**ဦးဝင်းထိန်**
**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး**
**ဦးစီးဌာန**
**ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ**

Animation နဲ့ ပတ်သက်ပြီး အကြောင်းအရာတွေကို အသေးစိတ်သိရပါတယ်။ Animation အပိုင်းမှာ တွေ့ဖူးမြင်ဖူးတာတွေထက် ပိုပြီးမြင်ခွင့်ရခဲ့တယ်။ ပြီးရင် ကမ္ဘာမှာ Animation ရဲ့ သမိုင်းကြောင်းက ဘယ်လိုရှိတယ်၊ Animation နဲ့ ပတ်သက်ပြီး နိုင်ငံခြားပညာရှင်တွေ လုပ်တယ်၊ ပွဲတော်တွေ ဘယ်လိုကျင်းပတယ်၊ ကိုယ့်ရိုးရာဓလေ့ယဉ်ကျေးမှုတွေကို Animation နဲ့လည်း နိုင်ငံတကာမှာဖော်ထုတ်ပြသလို့ရတယ်ဆိုတာကို သိခဲ့ရတယ်။ ကမ္ဘာ့ Animation သမိုင်းကြောင်းတွေ၊ နိုင်ငံတကာနဲ့ ဂျပန်နိုင်ငံက Animation ဖန်တီးမှုအပိုင်းတွေ အပြင် စိတ္တဇပန်းချီနဲ့ပတ်သက်တဲ့ Animation တွေ၊ အခြေခံသဘောတရားတွေကို လေ့လာသိရှိခွင့်ရတယ်။ workshop မှာလုပ်ထားတဲ့ သင်တန်းသားတွေဆွဲထားတဲ့ Animation တွေကို သက်ဝင်လာအောင်လုပ်ပြီး မြန်မာနိုင်ငံရဲ့ရိုးရာ ယဉ်ကျေးမှုတီးလုံးနဲ့ ပေါင်းစပ်ပြီး Animation တစ်ခု ဖန်တီးထားပါတယ်။ ဝဿန်မှာ ပြသပါမယ်။ workshop တွေလုပ်ပေးတဲ့အတွက် မြန်မာနိုင်ငံအတွက် အများကြီး ကောင်းပါတယ်။ ငွေကုန်ကြေးကျမများဘဲ ကိုယ့်ရဲ့အနုပညာကို ဖော်ထုတ်ပြသခွင့်ရနိုင်မယ်၊ နိုင်ငံတကာ ပွဲတော်တွေမှာ ပါဝင်ပြသလို့ရနိုင်မယ်ဆိုတာ သိလာရတယ်။ ကိုယ့်ရဲ့ ရိုးရာယဉ်ကျေးမှုကို Animation နဲ့ ဖော်ထုတ်ပြလို့ရတယ်ဆိုတာ သိလာပါတယ်။

**တွေ့ဆုံမေးမြန်း » ရီရီမြင့်၊ ဥမ္မာသန့်**
**ဓာတ်ပုံ » ရဲထွဋ်**

## အာဆီယံလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက်က ချီးမြှင့်မည့်ဆုများ ဝင်ရောက်ယှဉ်ပြိုင်ရန်ဖိတ်ခေါ်

**ရန်ကုန် ဩဂုတ် ၁၅**

မြန်မာနိုင်ငံ၏ ဒေသတွင်းယှဉ်ပြိုင်နိုင်စွမ်းရှိမှုပုံရိပ်အားမြှင့်တင်ပေးနိုင်ရန်အတွက် အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက်က ချီးမြှင့်မည့်ဆုများ ဝင်ရောက်ယှဉ်ပြိုင်ရယူနိုင်ရန် စက်ရုံ၊ အလုပ်ရုံလုပ်ငန်းရှင်များအား ဖိတ်ခေါ်ထားကြောင်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှသိရသည်။

အာဆီယံဒေသတွင်း လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အခြေအနေကောင်းများ ဖန်တီးနိုင်သည့် စက်ရုံ၊ အလုပ်ရုံများ၏ စွမ်းဆောင်ချက်များအပေါ် အကဲဖြတ်ဆန်းစစ်ပြီး အသိအမှတ်ပြုချီးမြှင့်ရန် ရည်ရွယ်ချက်ဖြင့် အာဆီယံလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက်အဖွဲ့(ASEAN -OSHNET) အနေဖြင့် ASEAN -OSHNET Excellence Award နှင့် Best Practices Award ဆုများကို ၂၀၁၆ ခုနှစ် မေလတွင် ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည့် တတိယအကြိမ်မြောက် အာဆီယံလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးညီလာခံတွင် ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

“လုပ်ငန်းခွင်မှာ ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေးဆိုတာ တကယ်တမ်းတော့ အရေးကြီးတယ်။ ဘာလို့လဲဆိုတော့ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ အလုပ်လုပ်ဖို့လိုတယ်။ အလုပ်လုပ်တယ်ဆိုတာကလည်း အလုပ်သမားတွေလုပ်မယ့်လုပ်ငန်းခွင်က ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာမှုဖြစ်မှာ။ ၂၀၁၆ ဆို အာဆီယံဒေသအားလုံးမှာ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေးဆိုင်ရာဆု ချီးမြှင့်ဖို့ရှိတယ်။ အာဆီယံဆိုတော့ မြန်မာနိုင်ငံလည်း ပါတာပေါ့။ နိုင်ငံတကာက အမှတ်ပေးအဖွဲ့တွေလာပြီး စိစစ်အကဲဖြတ်ကြမယ်။ အဲဒီအခါကျရင် မြန်မာနိုင်ငံက စက်ရုံတစ်ရုံမှ ဆုမရဘူးဆိုတာမဖြစ်ရအောင် ခုအချိန်ကစပြီး ဒီမှာရှိတဲ့ စက်ရုံ၊ အလုပ်ရုံတွေအနေနဲ့ နိုင်ငံတကာစံချိန်စံညွှန်းနဲ့ညီတဲ့၊ ကျန်းမာရေးနဲ့ ညီညွတ်တဲ့၊ ဘေးအန္တရာယ်ကင်းရှင်းတဲ့ လုပ်ငန်းခွင်တွေဖြစ်အောင် ကြိုတင်ပြင်ဆင်ဖို့လိုပါတယ်”ဟု အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က FAME ဆေးဝါးစက်ရုံတွင် ပြုလုပ်သည့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

မြန်မာနိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်မည့် စက်ရုံ၊ အလုပ်ရုံလုပ်ငန်းရှင်များအနေဖြင့် သတ်မှတ်လျှောက်လွှာပုံစံ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာမှတ်တမ်း၊ ဆုရွေးချယ်ရေးလုပ်ငန်းစဉ်အချိန်ဇယားတို့ကို အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဖုန်း-၀၁-၆၅၀၂၉၅ သို့ ဆက်သွယ်၍ဖြစ်စေ၊ အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးများ၊ သက်ဆိုင်ရာ စက်မှုဇုန်ကော်မတီရုံးများနှင့် fgllid.osh.promo@gmail.com သို့ စာရေးသားပေးပို့၍ဖြစ်စေ၊ Fgllid OSH Promo Facebook Page တွင်ဖြစ်စေ ရယူနိုင်ကြောင်းသိရသည်။

**(သီသီမင်း)**

# ပယ်မဲမဖြစ်ရေး

**တက္ကသိုလ်ဆရာတစ်ဦး**


၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပတော့မည့် အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒပေးပိုင်ခွင့်ရှိသူတိုင်း ဆန္ဒမဲပေးရန် အရေးကြီးသကဲ့သို့ မိမိပေးလိုက်သော မဲများသည်လည်း ပယ်မဲမဖြစ်စေရန် ပို၍ပင် အရေးကြီးပါသည်။

ပထမဦးဆုံး အရေးကြီးသည့်အချက်မှာ မဲပေးပိုင်ခွင့်ရှိသူတိုင်း မဲပေးနိုင်ရေးအတွက် မဲစာရင်းတွင် မိမိတို့၏အမည် ပါရှိရမည်ဖြစ်ပါသည်။ **မဲစာရင်းတွင် အမည်မပါရှိသူများအနေဖြင့် မည်သည့်နည်းနှင့်မျှ မဲပေးပိုင်ခွင့်ရရှိမည် မဟုတ်ပါ။** ထို့ကြောင့် လာမည့်စက်တင်ဘာလအတွင်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကြေညာမည့်မဲစာရင်းတွင် မိမိတို့အမည် ပါ/မပါ ကြည့်ရှုပြီး အကယ်၍ မိမိအမည် မပါရှိပါက ပုံစံ(၃)ဖြင့် လျှောက်ထားရန် ဖြစ်ပါသည်။ မိမိအမည်ပါသော်လည်း ကိုယ်ရေးအချက်အလက်များ မှားယွင်းနေပါက ပြင်ဆင်ပေးရန်အတွက် ပုံစံ(၄-ဂ) နှင့်လျှောက်ထားရန်လိုပါသည်။ ထိုအချိန်တွင် မဲစာရင်းများကို စတင်ကြေညာသည့် နေ့မှစ၍ ၁၄ ရက် အတွင်း၌သာ လျှောက်ထားခွင့်ရှိပြီး နောက်ဆုံးအကြိမ် ကြေညာပေးခြင်းဖြစ်သောကြောင့် မဲစာရင်းများကို မဖြစ်မနေ သွားရောက်ကြည့်ရှုကြရမည် ဖြစ်ပါသည်။


မဲစာရင်းတွင်ပါဝင်ပြီး မဲပေးခွင့်ရရှိသော်လည်း မိမိဆန္ဒပြုလိုက်သည့် မဲလက်မှတ်သည် ခိုင်လုံမဲဖြစ်ရန် အလွန် အရေးကြီးပါသည်။ မိမိဆန္ဒပြုလိုက်သော မဲလက်မှတ်သည် အကယ်၍ ပယ်မဲဖြစ်သွားမည်ဆိုပါက တန်ဖိုးမဲ့သည့်မဲဖြစ်သွားပြီး မိမိ၏ကြိုးပမ်းအားထုတ်မှုများသည် အချည်းနှီးဖြစ်သွားသည်သာမက နိုင်ငံတော်အတွက်လည်း ဆုံးရှုံးမှုတစ်ခုဖြစ်ပါမည်။ မဲဆန္ဒရှင် အများအပြားလာရောက် မဲပေးကြသော်လည်း ပယ်မဲများ များပြားသွားမည်ဆိုပါက မဲဆန္ဒရှင်အနည်းစု၏ ဆန္ဒကိုသာ ဖော်ပြသကဲ့သို့ ဖြစ်သွားမည်ဖြစ်သဖြင့် ရွေးကောက်ပွဲအတွက် နိုင်ငံတော်မှ ရင်းနှီးခဲ့ရသော အချိန်၊ ငွေနှင့် လူအရင်းအမြစ်များ အလဟဿ ဖြစ်သွားပါမည်။ ထို့ကြောင့် မဲဆန္ဒရှင်တိုင်း မိမိတို့ ဆန္ဒပြုလိုက်သောမဲသည် ခိုင်လုံမဲ ကျိန်းသေပေါက်ဖြစ်ရန် အလွန်အရေးကြီးပါသည်။

ယခုလာမည့် ရွေးကောက်ပွဲတွင် မြန်မာနိုင်ငံ၌ ယခင်က ကျင်းပပြီးစီးခဲ့သော ၁၉၉၀ အထွေထွေရွေးကောက်ပွဲ၊ ၂၀၁၀ အထွေထွေရွေးကောက်ပွဲနှင့် ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲများတွင် ကျင့်သုံးခဲ့သော ဘောပင်ဖြင့် အမှန်ခြစ် ခြစ်၍ ဆန္ဒပြုသည့် နည်းအစား တံဆိပ်တုံးနှိပ်၍ ဆန္ဒပြုသော နည်းကို ပြောင်းလဲကျင့်သုံးမည် ဖြစ်ပါသည်။ ယခင်က ကျင့်သုံးခဲ့သော ဘောပင်ဖြင့် ဆန္ဒပြုရာတွင် စာရေးသားလေ့မရှိသော တောသူတောင်သားများနှင့် အခြေခံလူတန်းစားများအတွက် အခက်အခဲဖြစ်ခြင်း၊ ဘောပင်နှင့် မဲလက်မှတ်စာရွက်၏ အရည်အသွေးကြောင့် တစ်ခါတစ်ရံ အမှန်ခြစ် ခြစ်ရာတွင် ထင်ရှားမှုမရှိသဖြင့် ပယ်မဲများ များပြားရသည်ကို တွေ့ကြုံခဲ့ရပါသည်။ ထို့ကြောင့် တောင်ကိုရီးယား၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ နီပေါ၊ ရိုမေးနီးယား၊ တူရကီ . . . စသည့် နိုင်ငံများတွင် ကျင့်သုံးသည့် တံဆိပ်တုံးနှင့် ဆန္ဒပြုခြင်းကို ပြောင်းလဲကျင့်သုံးရန် စီစဉ်ခြင်းဖြစ်ပါသည်။


## ခိုင်လုံမဲ နမူနာများ



နမူနာ-၁




နမူနာ-၂




နမူနာ-၃




နမူနာ-၄



နမူနာ-၅



နမူနာ-၆



နမူနာ-၇



နမူနာ-၈

မဲဆန္ဒရှင်များသည် မဲလက်မှတ်နမူနာ(၁)တွင် ပြထားသည့်အတိုင်း မိမိဆန္ဒပြုလိုသော ကိုယ်စားလှယ်လောင်း၏ အမည်နှင့် အမှတ်တံဆိပ်၏ ညာဘက်တွင်ရှိသော လေးထောင့်အကွက်၌ တံဆိပ်တုံးကိုနှိပ်၍ ဆန္ဒပြုရမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်များအနေဖြင့် ဖော်ပြပါအကွက်အတွင်း၌ တံဆိပ်ကို လွယ်ကူစွာနှိပ်နိုင်ရန်အတွက် တံဆိပ်တုံး၏ အရွယ်အစားကို အဆိုပါအကွက်၏ အရွယ်အစားထက် အတန်ငယ် သေး၍ထားပါသည်။ (အကွက်၏အရွယ်အစားမှာ ၁ လက်မ ပတ်လည် - ၁ လက်မ × ၁ လက်မ ရှိပြီး တံဆိပ်၏ အရွယ်အစားမှာ - လက်မ × - လက်မသာရှိသဖြင့် အကွက်အတွင်းသို့ တံဆိပ်တစ်ခုလုံး လွတ်လွတ်ကင်းကင်း ရောက်ရှိအောင် လွယ်ကူစွာနှိပ်နိုင်ပါသည်။)

အကယ်၍ မိမိနှိပ်လိုက်သော တံဆိပ်သည် မိမိဆန္ဒပြုလိုသော ကိုယ်စားလှယ်လောင်း၏ အကွက်အတွင်းသို့ တစ်ခုလုံး မကျရောက်ဘဲ အကွက်၏အပေါ်သို့ဖြစ်စေ (နမူနာ-၂)၊ အကွက်၏ဘေးသို့ဖြစ်စေ (နမူနာ-၃)၊ အကွက်၏ အောက်ဘက်သို့ဖြစ်စေ (နမူနာ-၄) တစ်စိတ်တစ်ဒေသ ကျရောက်သွားလျှင်လည်း ပယ်မဲ ဖြစ်မသွားပါ။ ခိုင်လုံမဲအဖြစ် သတ်မှတ်ပေးမည် ဖြစ်ပါသည်။ ထို့ပြင် မဲလက်မှတ်နမူနာ(၅)တွင် ပြထားသည့်အတိုင်း အမှန်ခြစ်ဇောက်ထိုးဖြစ်သွားလျှင်လည်း ပယ်မဲအဖြစ် မသတ်မှတ်ဘဲ ခိုင်လုံမဲအဖြစ် သတ်မှတ်ပေးမည်ဖြစ်ပါသည်။ တံဆိပ်တုံးကို အတည့် နှိပ်နိုင်စေရန် အမှန်အမှတ်အသားဖြင့် ပြပေးထားပါသည်။ ထို့မှ မက မိမိဆန္ဒပြုလိုသော ကိုယ်စားလှယ်လောင်း၏ ညာဘက်အကွက်တွင် တံဆိပ်မနှိပ်မိဘဲ နမူနာ(၆)နှင့် (၇)တို့တွင် ပြထားသည့်အတိုင်း ကိုယ်စားလှယ်လောင်း၏ အမည်၌ဖြစ်စေ၊ ကိုယ်စားလှယ်လောင်း၏ အမှတ်အသား၌ဖြစ်စေ တံဆိပ်နှိပ်ထားလျှင်လည်း ခိုင်လုံမဲအဖြစ် သတ်မှတ်ပေးမည် ဖြစ်ပါသည်။ ထို့ပြင် မဲလက်မှတ်နမူနာ(၈)တွင် ပြထားသည့်အတိုင်း ကိုယ်စားလှယ်လောင်း ဦးပန်းသီး၏ အကွက်တွင် တံဆိပ်နှိပ်ရာ၌ တံဆိပ်သည် ဒေါ်ဖရဲသီး၏ အကွက်အတွင်းသို့ အနည်းငယ်ရောက်ရှိသွားလျှင်လည်း တံဆိပ်၏ ဧရိယာအများစုသည် ဦးပန်းသီး၏ အကွက်အတွင်း၌သာ ရှိနေသဖြင့် ဦးပန်းသီးအား ဆန္ဒပြုထားသော ခိုင်လုံမဲအဖြစ် လက်ခံမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်တိုင်းသည် မဲလက်မှတ် နမူနာ(၁)တွင် ပြထားသည့်အတိုင်း အမှန်ခြစ်တံဆိပ်ကို မိမိဆန္ဒပြုလိုသော ကိုယ်စားလှယ်လောင်း၏ အမည်နှင့် တံဆိပ်တုံး၏ ညာဘက်ရှိ အကွက်တွင် လုံးဝဝင်နေအောင် နှိပ်လိုက်ခြင်းသည်သာ အကောင်းဆုံးဖြစ်ပါသည်။ ကျန်ခိုင်လုံမဲနမူနာများကိုပြသထားခြင်းမှာ ဗဟုသုတအဖြစ် သိရှိနိုင်ရန် ဖြစ်ပါသည်။


မဲဆန္ဒရှင်များအနေဖြင့် ခိုင်လုံမဲ နမူနာများကို သိရှိထားသည့်နည်းတူ ပယ်မဲနမူနာများကိုလည်း သိရှိထားသင့်ပါသည်။ နမူနာ(၉)နှင့် (၁၀)တို့တွင် ပြသထားသကဲ့သို့ တံဆိပ်ကို ကိုယ်စားလှယ်လောင်း နှစ်ဦး၏ကြားတွင် တစ်ဝက်စီနှိပ်မိပါက မည်သူ့အား ဆန္ဒပြုထားသည်ကို ဆုံးဖြတ်ရန်ခက်သဖြင့် ယင်းမဲမျိုးကို မဲရုံမှူးက ပယ်မဲအဖြစ် သတ်မှတ်မည်ဖြစ်ပါသည်။ တံဆိပ်၏ဧရိယာသည် မည်သည့်ကိုယ်စားလှယ်၏ အကွက်တွင် ပို၍ရောက်ရှိနေကြောင်း သိသာထင်ရှားစေရန်အတွက် တံဆိပ်တုံး၌ အကွက်ငယ်ကိုးခုကို သေချာစွာထည့်သွင်းထားခြင်း ဖြစ်ပါသည်။ နမူနာ(၁၁)တွင် ကိုယ်စားလှယ်လောင်း သုံးဦး၏ အကွက်များ၏ပြင်ပတွင် လုံးဝရောက်ရှိနေခြင်းကြောင့် ပယ်မဲဖြစ်သွားခြင်းဖြစ်ပါသည်။ နမူနာ(၁၂) တွင် တံဆိပ်ကိုနှစ်ကြိမ်နှိပ်ထားသောကြောင့် ပယ်မဲဖြစ်သွားခြင်းဖြစ်ပါသည်။ **အထူးအရေးကြီးသည့် အချက်မှာ မဲဆန္ဒရှင်များက ပထမအကြိမ် တံဆိပ်နှိပ်လိုက်သည့်အခါ မထင်မရှား (မှိန်) ဖြစ်နေလျှင်သော်လည်းကောင်း၊ မိမိဆန္ဒပြုလိုသောသူ၏ အကွက်အတွင်းသို့ တံဆိပ်တစ်ခုလုံး မကျရောက်ခဲ့လျှင် သော်လည်းကောင်း တံဆိပ်ကို နောက်တစ်ကြိမ် ထပ်၍ မနှိပ်မိစေရန် အထူးသတိထားရမည်ဖြစ်ပါသည်။ မဲလက်မှတ်၏မည်သည့်နေရာ၌ပင်ဖြစ်စေ တံဆိပ်ကို တစ်ကြိမ်ထက်ပို၍ နှိပ်ထားသည့်မဲလက်မှတ်အားလုံးသည် ပယ်မဲများ ဖြစ်ပါသည်။**

နမူနာ(၁၃)သည် လုံးဝတံဆိပ်နှိပ်မထားသော မဲလက်မှတ် တစ်နည်းအားဖြင့် လုံးဝဆန္ဒပြုမထားသော မဲလက်မှတ်ဖြစ်သောကြောင့် မည်သူ့အား ဆန္ဒပြုထားသည်ကို မသိရှိနိုင်သဖြင့် ပယ်မဲဖြစ်ပါသည်။ မဲလက်မှတ်နမူနာ(၁၄)သည် မဲရုံမှူး၏ လက်မှတ်မပါသော မဲလက်မှတ်ဖြစ်သဖြင့် ပယ်မဲဖြစ်ပါသည်။ နမူနာ(၁၅)သည် အစွန်းအထင်းပါနေသော မဲလက်မှတ်ဖြစ်သဖြင့် ပယ်မဲဖြစ်ပါသည်။ ထို့ကြောင့် မဲဆန္ဒရှင်များသည် မဲလက်မှတ်များကို ထုတ်ယူသည့်အခါ မဲရုံမှူး၏ လက်မှတ်ပါ/မပါနှင့် အစုတ်အပြဲ အစွန်းအထင်းများ ပါ/မပါ သေချာစွာကြည့်ရှုရန် လိုအပ်ပါသည်။ အကယ်၍ ဖော်ပြပါအချက်များနှင့် ငြိစွန်းနေပါက မဲရုံမှူးအား မဲလက်မှတ်အသစ်လဲပေးရန် တောင်းဆိုရမည်ဖြစ်ပါသည်။ **သို့ရာတွင် မဲလက်မှတ်(အကောင်း)သည် မိမိ၏လက်ဝယ်ရောက်ရှိပြီးမှ တစ်စုံတစ်ခုကြောင့် အစုတ်အပြဲ/ အစွန်းအထင်းဖြစ်သွားမည်ဆိုပါက မဲလက်မှတ်အသစ်လဲပေးရန် တောင်းဆိုခွင့်မရှိပါ။ မဲရုံမှူးကလည်း မဲလက်မှတ်အသစ်လဲပေးမည် မဟုတ်ပါ။** ဆန္ဒပြုရမည့် တံဆိပ်တုံးကြောင့် မဲလက်မှတ်တွင် မင်မစွန်းထင်းစေရန်အတွက် မင်ခံခွက် (inkpad)နှင့်နှိပ်ရသည့် တံဆိပ်တုံးအစား မင်အမြန်ခြောက်လွယ်သော လေဆာတံဆိပ်တုံးနှင့် ဆန္ဒပြုနိုင်ရန် စီစဉ်ထားရှိပါသည်။

**စာမျက်နှာ ၁၁ သို့**



**တံဆိပ်နှိပ်ရာတွင် အမှန်ခြစ်ကို အတည့်ဖြစ်စေရန် တံဆိပ်တုံး၏ လက်ကိုင်တွင် ပြသထားသည့် သင်္ကေတ။**



**မိမိဆန္ဒပြုလိုသော လွှတ်တော်ကိုယ်စားလှယ်လောင်း၏ ညာဘက်အစွန်းရှိ အကွက်တွင် အမှန်ခြစ်တံဆိပ်လွယ်ကူစွာ နှိပ်နိုင်ပုံ။**

## ကူညီထောက်ပံ့မှုများ

# ရေဘေးသင့်ပြည်သူများအတွက် ဆန်နှင့် စားသောက်ဖွယ်ရာများ သွားရောက်လှူဒါန်း

**ချောင်းဦး ဩဂုတ် ၁၅**

ဇူလိုင်လအတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့ခြင်းကြောင့် ချင်းတွင်းမြစ်ရေမြင့်တက်ခဲ့ရာမှ ချောင်းဦးမြို့နယ် အမြင့်ကျေးရွာ တာရိုးအပြင်ဘက်ရှိ လူနေအိမ်များ ရေနစ်မြုပ်ခဲ့ရာ ရေဘေးသင့်ပြည်သူများအတွက် ချောင်းဦးမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ဆန်နှင့် စားသောက်ဖွယ်ရာများကို ဩဂုတ် ၁၅ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။



ချောင်းဦးမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကျော့ကျော့ခိုင် ဦးစီးသော ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ရေဘေးသင့်ပြည်သူများအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ စုပေါင်းလှူဒါန်းကြသော ငွေကျပ် ၁၂ သိန်းကျော် တန်ဖိုးရှိ ဆန်တင်း ၂၀၊ ရေသန့်ကတ် ၃၅၀၊ ခေါက်ဆွဲခြောက်ဖာ ၁၁၀၊ မုန့်ကြွပ် ၂၁ဖာ၊ မရွေးဖာ ၂၃၀၊ ခေါက်ဆွဲထုပ် ၁၀ထုပ်၊ ခတ်ဆားနှင့် ဆေးဝါးများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ကျော့ကျော့ခိုင်နှင့် ကျောင်းသား ကျောင်းသူများက ချောင်းဦးမြို့နယ် အမြင့်ကျေးရွာနှင့် ဆားလင်းကြီးမြို့နယ် နှောကုတိုးကျေးရွာရှိ ရေဘေးသင့် အိမ်ထောင်စု ၂၂၆ စုတို့အတွက် သွားရောက် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**မြို့နယ်ပြန်/ဆက်**

# မုံရွာမြို့နယ်အတွင်းရှိ ရေဘေးသင့်ကျောင်းများအတွက် ကျောင်းသုံးပုံနှိပ်စာအုပ်များနှင့် ကျောင်းထောက်ပံ့ကြေးငွေများ ပေးအပ်

**မုံရွာ ဩဂုတ် ၁၅**

ချင်းတွင်းမြစ်ရေဝင်ရောက်ခဲ့၍ ရေဘေးသင့်ခဲ့သော မုံရွာမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၄၇ ကျောင်းအတွက် စစ်ကိုင်းတိုင်းဒေသကြီးပညာရေးမှူးရုံးမှ ခွဲဝေချထားပေးသော ကျောင်းသုံးပုံနှိပ်စာအုပ်များနှင့် ကျောင်းထောက်ပံ့ကြေးငွေများ ပေးအပ်ပွဲကို ဩဂုတ် ၁၄ ရက် မွန်းလွဲ ၂ နာရီခွဲက မုံရွာမြို့ မြို့နယ်ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။



အခမ်းအနားတွင် ရေဘေးသင့်ကျောင်း ၄၇ ကျောင်းရှိ သူငယ်တန်းမှ ဒသမတန်းအထိ ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးပုံနှိပ်စာအုပ် အစုံပေါင်း ၁၃၂၅ စုံကို ကျောင်းများအား ခွဲဝေထောက်ပံ့ပေးခြင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးပညာရေးမှူးရုံးမှ ထောက်ပံ့ပေးခဲ့သော ကျောင်းထောက်ပံ့ကြေးငွေများကို အထက်တန်းကျောင်း(၁) ကျောင်းအတွက် ငွေကျပ် ၁၃ ဒသမ ၅ သိန်း၊ အလယ်တန်းကျောင်းတစ်ကျောင်းအတွက် ငွေကျပ် ၁၁ ဒသမ ၅ သိန်းနှင့် မူလတန်းကျောင်း ၄၅ ကျောင်းအတွက် ငွေကျပ် ၄၂၇ ဒသမ ၅ သိန်း စုစုပေါင်း ၄၇ ကျောင်းအတွက် ငွေကျပ် ၄၅၂ ဒသမ ၅ သိန်း ထောက်ပံ့ပေးခဲ့သည်။

အခမ်းအနားတွင် မုံရွာမြို့နယ် မြို့နယ်ပညာရေးမှူးရုံး ဒုတိယမြို့နယ်ပညာရေးမှူး ဦးစိုးဝင်း (မြို့နယ်ပညာရေးမှူး-တာဝန်ခံ)က သက်ဆိုင်ရာကျောင်းအုပ်ကြီးများအား ကျောင်းသုံးပုံနှိပ်စာအုပ်များကို ကျောင်းသား ကျောင်းသူများ လက်ဝယ်အရောက် အမြန်ဆုံးဖြန့်ဖြူးပေးရန်၊ ကျောင်းထောက်ပံ့ကြေးငွေများကိုသုံးစွဲရာတွင် သန့်စင်ခန်းဆောက်ကြောရန်၊ ရွံ့ညွန်များဆေးကြောရန်၊ ရေတွင်း/ ရေတုံကင်များ ပြန်လည်ပြုပြင်ရန်၊ ကျောင်းသားကျောင်းသူများအား အာဟာရကျွေးမွေးရန်၊ စာသင်ခုံများ ပြန်လည်ပြုပြင်ရန်နှင့် ပိုငွေများကို စာသင်ခုံအသစ်များ ထပ်မံပြုလုပ်ရန် စသည့်နေရာတို့တွင် သုံးစွဲရန်နှင့် ကျောင်းထောက်ပံ့ကြေးငွေများသုံးစွဲရာတွင် ကျောင်းအုပ်ကြီးများက ကျောင်းကော်မတီဝင်များနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊ ကျောင်းရှိ ဆရာ၊ ဆရာမများအား အသိပေးပြီး ပါဝင်ဆောင်ရွက်ရန်၊ ကျောင်းသား မိဘများကို အသိပေးပြီး ပွင့်လင်းမြင်သာမှုရှိအောင် ဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

**(ဖိုးချမ်း-မုံရွာ)**

# အလှူငွေနှင့် ပစ္စည်းများ ကြိုတင်ဆက်သွယ်လှူဒါန်းနိုင်ရန် မေတ္တာရပ်ခံနိုးဆော်ထား

**နေပြည်တော် ဩဂုတ် ၁၅**

ရေဘေးသင့်စာသင်ကျောင်းများနှင့် ကျောင်းသား ကျောင်းသူများ ပြန်လည်ထူထောင်ရေးအတွက် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ဩဂုတ် ၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများအနေဖြင့် အလှူငွေနှင့်ပစ္စည်းများစာရင်းကို ဖော်ပြပါ ပုဂ္ဂိုလ်များထံသို့ ကြိုတင်ဆက်သွယ်အကြောင်းကြားပေးကြရန် ပညာရေးဝန်ကြီးဌာနက မေတ္တာရပ်ခံနိုးဆော်ထားသည်-

(က) ဦးဇော်ဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ၀၉-၈၃၀၆၇၃၃၊ ၀၆၇-၄၀၇၆၈၄။
(ခ) ဦးအောင်မြင့်၊ ညွှန်ကြားရေးမှူး(ပညာ)၊ ၀၉-၅၆၆၁၁၄၈၊၀၆၇-၄၀၇၆၉၀။
(ဂ) ဒေါ်ဝင်းဝင်းမြင့်၊ ဒုတိယညွှန်ကြားရေးမှူး၊ ၀၉-၄၂၀၁၃၃၁၆၉၊၀၆၇-၄၀၇၃၉၂။
(ဃ) ဒေါက်တာ ဥမ္မာသန်း၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ၀၉-၅၁၇၉၉၅၀၊၀၆၇-၄၀၇၆၉၀။

စေတနာရှင် ပြည်သူများအနေဖြင့် လှူဒါန်းနိုင်သော အဆောက်အအုံ၊ ပရိဘောဂပစ္စည်း၊ စာရေးကိရိယာ အမျိုးအစားနှင့် ဈေးနှုန်းများမှာ ဖော်ပြပါအတိုင်းဖြစ်ကြောင်း သိရသည်-

**အဆောက်အအုံ**

(က) မူလတန်းကျောင်းဆောင် ပေ(၆၀× ၃၀) ခြေတံရှည် (၈ပေ) RC- သိန်း ၄၀၀
(ခ) မူလတန်းလွန်ကျောင်းဆောင် ပေ(၉၀ × ၃၀) ခြေတံရှည် (၈ပေ) RC-သိန်း ၆၀၀
(ဂ) အလယ်တန်းကျောင်းဆောင် ပေ(၁၂၀ × ၃၀) ခြေတံရှည် (၈ပေ) RC-သိန်း ၈၀၀

**ပရိဘောဂပစ္စည်း**

(ဃ) အထက်တန်း/အလယ်တန်းဆင့်သုံး ပလတ်စတစ်စာရေးစားပွဲနှင့် ထိုင်ခုံ (၁)စုံ -၂၆၇၇၅ကျပ်
(င) အထက်တန်း/အလယ်တန်းဆင့်သုံး (၄) ယောက်တွဲ သစ်သားစာရေးစားပွဲနှင့်ထိုင်ခုံ (၁)စုံ -၄၃၀၀၀ကျပ်
(စ) မူလတန်းဆင့်သုံး(၄)ယောက်တွဲ သစ်သားစာရေးစားပွဲနှင့် ထိုင်ခုံ (၁)စုံ -၃၈၇၀၀ကျပ်
(ဆ) မူလတန်းဆင့်သုံး ပလတ်စတစ် စာရေးစားပွဲနှင့် ထိုင်ခုံ (၁)စုံ -၂၃၁၀၀ကျပ်
(ဇ) မူလတန်းဆင့်သုံးပလတ်စတစ်(၂)ယောက်တွဲ စာရေးစားပွဲနှင့် ထိုင်ခုံ (၂)လုံး (၁)စုံ- ၁၁၅၅၀ကျပ်

**စာရေးကိရိယာ**

(ဈ) ဗလာစာအုပ် (၁)ဒါဇင် - ၁၅၀၀ ကျပ်
(ည) ခဲတံ (၁)ဒါဇင် - ၈၅၀ ကျပ်
(ဋ) ဘောလ်ပင် (၁)ဒါဇင် - ၁၂၀၀ ကျပ်
(ဌ) ခဲဖျက် (၁)ဒါဇင် - ၅၄၀ ကျပ်
(ဍ) ချွန်စက် (၁)ဒါဇင် - ၈၄၀ ကျပ်

**(သတင်းစဉ်)**



**စေတနာရှင် အလှူရှင်များက ရေဘေးသင့်ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးပစ္စည်းများကို ရန်ကုန်မြောက်ပိုင်းခရိုင်ပညာရေးမှူးထံ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)



# ရေဘေးသင့်ဒေသများရှိ တိရစ္ဆာန်များအတွက် အစာနှင့်ဆေးဝါးများ ပေးပို့လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၅**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ရေဘေးသင့်ဒေသရှိ အစာနှင့်ဆေးဝါးများ လိုအပ်နေသော တိရစ္ဆာန်များအတွက် ဩဂုတ် ၁၅ ရက်က ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ သာပေါင်းမြို့နယ်၊ လေးမျက်နှာမြို့နယ်၊ ငါးသိုင်းချောင်းမြို့နယ်များသို့ အစာ ၁၄ ဒသမ ၃၅၅ တန် စုစုပေါင်းတန်ဖိုး ငွေကျပ် ၄ ဒသမ ၃၁ သန်းနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မိုးညိုမြို့နယ်သို့ နွားစာ ၆ တန် တန်ဖိုးငွေကျပ် ၁ ဒသမ ၅၆ သန်း ပေးပို့လှူဒါန်းခဲ့သည်။

ဆက်လက်၍ ကျန်ရှိနေသေးသော ရေဘေးသင့်ဒေသများသို့ အမြန်ဆုံး ဆက်လက်ပေးပို့လျက်ရှိကြောင်းနှင့် ဝန်ကြီးဌာနအနေဖြင့် ရေဘေးသင့်ဒေသများသို့ ကွင်းဆင်းကူညီဆောင်ရွက်ရေးအဖွဲ့ ၁၀ ဖွဲ့ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူပင် တိရစ္ဆာန်အစားအစာနှင့် ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုကလည်း နေ့စဉ်ပေးပို့လှူဒါန်းလျက်ရှိပြီး တိရစ္ဆာန်အစာနှင့် ဆေးဝါးများလှူဒါန်းလိုပါက ဒေါက်တာစိုးဝင်း ညွှန်ကြားရေးမှူး နေပြည်တော် ဖုန်း ၀၆၇-၄၀၈၁၇၅ ၊၀၉ ၄၉၂၀၈၇၂၅ ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ကူညီထောက်ပံ့မှုနှင့် ပြန်လည်ထူထောင်ရေး



# ကောလင်းနှင့် အင်းတော်မြို့နယ်တို့မှ ရေနှင့်မျောပါပျက်စီးသွားသော နေအိမ်များ အသစ်ပြန်ဆောက်မည်

**ကောလင်း ဩဂုတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နှင့် အင်းတော်မြို့တို့တွင် စံချိန်တင်ရေကြီးရေလျှံမှုများကြောင့် ပျက်စီးဆုံးရှုံးသွားသောနေအိမ်များ၊ ရေနှင့်မျောပါသွားသောနေအိမ်များ အသစ်ပြန်လည်ဆောက်လုပ်ရာတွင် ပါဝင်ကူညီမည်ဖြစ်ကြောင်း ကသာခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်အုန်းက ပြောသည်။

နေအိမ်အသစ် ပြန်လည်ဆောက်နိုင်ရေးအတွက် လိုအပ်သော သွပ်နှင့် ဘိလပ်မြေများကို တိုင်းဒေသကြီးအစိုးရကထောက်ပံ့ပြီး ခရိုင်စီမံခန့်ခွဲမှုကော်မတီမှ လိုအပ်သောသစ်များစိုက်ထုတ်ကာ ၁၈ ပေပတ်လည် သွပ်မိုး၊ ပျဉ်ခင်း၊ ထရံကာ တစ်ထပ်ကျေးလက်အိမ် တန်ဖိုး ကျပ်သိန်း ၃၀ ဝန်းကျင်ကို အစားထိုး တည်ဆောက်ပေးသွားမည်ဖြစ်သည်။

ကျေးလက်တစ်ထပ်အိမ်ပုံစံများကို ကောလင်းမြို့နယ်တွင် နေအိမ် ၁၃ လုံး၊ အင်းတော်မြို့နယ်တွင် နေအိမ် ၁၂ လုံး ဆောက်လုပ်ပေးမည်ဖြစ်ပြီး စံချိန်တင်ရေကြီးမှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဇူလိုင် ၁၆ ရက်မှ ဩဂုတ် ၁၁ ရက်ထိ ရေမျောပျက်စီးအိမ်ခြေ ၃၅ လုံးရှိကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ သိရသည်။

**(ရွှေလင်းပြည့်စုံ)**

# ပန်းတောင်းမြို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိ

**ရန်ကုန် ဩဂုတ် ၁၅**

တော်ဝင်ဖွံ့ဖြိုးမှုဖောင်ဒေးရှင်းမှ ရေဘေးသင့်ဒေသများသို့သွားရောက်၍ ထောက်ပံ့ရေးပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိရာ ရေဘေးသင့်ဒေသဖြစ်သော ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

"ကျွန်တော်တို့ တော်ဝင်ဖွံ့ဖြိုးမှုဖောင်ဒေးရှင်းအနေနဲ့ ရေဘေးသင့်ဒေသဖြစ်တဲ့ ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ငွေကျပ် သိန်း ၃၀၀ ကုန်ကျခံကာ ဆောင်ရွက်သွားမှာဖြစ်ပြီး မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းနဲ့ ပူးပေါင်းပြီးတော့လည်း အခြားလိုအပ်တဲ့နေရာတွေဖြစ်တဲ့ ရေဘေးသင့်ဒေသများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့အတွက် ငွေကျပ် သိန်း ၇၀၀ ကုန်ကျခံကာ ဆက်လက်ဆောင်ရွက်ရန် စီစဉ်ထားပြီးပါပြီ" ဟု တော်ဝင်ဖွံ့ဖြိုးမှုဖောင်ဒေးရှင်းမှ တာဝန်ရှိသူကပြောသည်။

အဆိုပါ တော်ဝင်ဖွံ့ဖြိုးမှုဖောင်ဒေးရှင်းမှ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင်လည်း ငွေကျပ် သိန်း ၁၅၀၀ ကျော်တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများအား ရေဘေးသင့်ပြည်သူများအတွက် ဩဂုတ် ၁ ရက်မှ ၈ ရက်အထိ ဆက်တိုက်ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

ရေဘေးသင့်ဒေသများသို့သွားရောက်၍ ထောက်ပံ့ရေးပစ္စည်းများအား ဆက်လက်ထောက်ပံ့လှူဒါန်းလျက်ရှိရာ ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နှင့် သုံးဆယ်မြို့ကြားရှိ ရေဘေးသင့်အိမ်ထောင်စုများဖြစ်သော ကျောင်းကုန်းရွာမှ အိမ်ခြေ ၁၀၈ စု၊အင်းပုညရွာမှ အိမ်ခြေ ၁၁၀၊ စိန်ကတော်ရွာမှ အိမ်ခြေ ၁၂၀၊ ရွာသစ်ကုန်းရွာမှ အိမ်ခြေ ၈၉ စုနှင့် ရွာကြီးရွာမှ အိမ်ခြေ ၆၉ စု စုစုပေါင်းအိမ်ထောင်စု ၄၉၆ စုအား လိုအပ်သည့် ဆန်၊ တီရှပ်၊ ကွေကာအုပ်၊ ငါးသေတ္တာ၊ ဂွမ်းစောင်၊ခာတ်မီး၊ ခေါက်ဆွဲခြောက်၊ ရေသန့်ဘူး၊ ဆေးဝါးပစ္စည်းများနှင့် ခာတ်ဆားများကို ရွာများသို့အရောက် စက်လှေများဖြင့် ဩဂုတ် ၁၄ ရက်က ပို့ဆောင်လှူဒါန်းခဲ့ကြသည်။**(အပေါ်ပုံ)**

**(စိုးဝင်း-MLA)**



# ညောင်ဦးရှိ ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့

**ညောင်ဦး ဩဂုတ် ၁၅**

ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ရေဝင်ရွှေ့ပြောင်းရသော ညောင်ဦးမြို့နယ်အတွင်းရှိ ရေဘေးသင့်အိမ်ထောင်စုများအတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ထောက်ပံ့ပေးအပ်သည့် ကယ်ဆယ်ရေးပစ္စည်းများမှာ ဆန်၊ ဆီ၊ ဘီစကွတ်၊ ကွတ်ကီးပုံးများ၊ ရေသန့်ဘူးများ၊ အဝတ်အထည်နှင့် ခြုံစောင်များ၊ စာရေးကိရိယာများ၊ ခေါက်ဆွဲခြောက်ထုပ်များအပြင် နွားများအတွက် အာဟာရပြည့် ယူရီးယားသကာတုံးများလည်းပါဝင်ကြောင်း သိရသည်။

ညောင်ဦးမြို့နယ်အတွင်းရှိ ရေဝင်ရွှေ့ပြောင်းရသည့် ရပ်ကွက်ကျေးရွာများမှာ တောင်ရွာနောင်၊ ဆယ်လံ၊ သူကောင်းတည်ကျွန်း၊ လက်ထုတ်ကျွန်း၊ မီးလောင်ပြားကျွန်း၊ အုန္နဲချောင်းကျွန်း၊ ပုလင်း၊ စဥ့်ကူ(ကျွန်းမကြီး)၊ မြင်းကပါ၊ သဖန်းကုန်း၊ ကြအိုကျွန်း၊ ကြအိုကျေးရွာ၊ အောက်ညဥ့်၊ မြို့ပေါ်တွင် အမှတ် (၁)၊ (၂)၊ (၄)၊ (၅)၊ (၇)တို့ဖြစ်ကြောင်း၊ ရေဘေးသင့်အိမ်ထောင်စု စုစုပေါင်းမှာ ၁၈၇၈ စု ဖြစ်ပြီး လူဦးရေ ၈၀၀၁ ဦးခန့်ရှိကြောင်း ရေဝင်ရွှေ့ပြောင်းယာယီနားခိုစခန်း အသီးသီး၏ စာရင်းထုတ်ပြန်ချက်များအရ သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

❖ **ကျောဖုံးမှ**

"လတ်တလောမှာလည်း ရေဘေးသင့်ပြည်သူတွေအတွက် အခွင့်သင့်တိုင်း လှူဖြစ်တယ်။ ကိုယ်တတ်နိုင်သလောက် လုပ်ပေးနေပါတယ်။ အခုလို တစ်ဖက်တစ်လမ်းက ပါဝင်ခွင့်ရတဲ့အတွက်လည်း ဝမ်းသာတယ်။ အမြန်ဆုံး အဆင်ပြေသွားပါစေလို့လည်းဆုတောင်းပေးနေပါတယ်"ဟု အဆိုပါသီဆိုဖျော်ဖြေမှုတွင် ပါဝင်သူ သရုပ်ဆောင် ကျော်ဇောဟိန်းကပြောသည်။

ယင်းဖျော်ဖြေမှုမှရရှိသည့် အလှူငွေများကို လတ်တလော ရေနစ်မြုပ်မှုဒဏ်ခံစားနေရသည့် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင်အတွင်းရှိ လက်ပံလှရွာ၊ နန်းတော်ကျွန်းကျေးရွာ၊ စိန်ပန်းကုန်းကျေးရွာနှင့် သက်ကယ်ပြင်ကျေးရွာများရှိ ရေဘေးသင့် ပြည်သူများအတွက် "မေတ္တာမျိုးဆက်" ပရဟိတအဖွဲ့မှတစ်ဆင့် မကြာမီရက်ပိုင်းအတွင်း လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ<br>ဇော်ကြီး(ပဏ္ဍိတ)**

# ရေဘေးသင့်ပြည်သူများအား သီလရက္ခိတ ဓမ္မာရုံမှ ပစ္စည်းများ လှူဒါန်း

**အောင်လံ ဩဂုတ် ၁၅**

မကွေးတိုင်းဒေသကြီးအတွင်း ရေဘေးသင့်ပြည်သူများအား ဆန်၊ ဆီနှင့် အသုံးအဆောင်ပစ္စည်းများကို လိုက်လံလှူဒါန်းနေသော ချမ်းအေးသာစံမြို့နယ် အကွက်(၂၇၀) စမွန်းရပ် မန္တလေးမြို့ သီလရက္ခိတဓမ္မာရုံ အသင်းသား စေတနာရှင်များသည် ဩဂုတ် ၁၃ ရက်က အောင်လံမြို့ ရွာထောင်ရပ်ကွက် ရခိုင်ပရိယတ္တိစာသင်တိုက်ပဓာနနာယက ဆရာတော် ဦးဇောတိက၏ စီစဉ်မှု၊ ချမ်းအေးသာစံမြို့ ပတ္တမြားတိုက်သိမ်ကျောင်း ဆရာတော် ဦးဇောတိက၏ ဦးဆောင်မှုဖြင့် အောင်လံမြို့နယ်အတွင်းရှိ ရေဘေးသင့် ကျေးရွာများဖြစ်ကြသော ရေပေါ်ကျွန်း(သရက်မြို့နယ်) အင်းပေါက်၊ ပြလို့၊ ပျဉ်းပင်လှ၊ ကွမ်းလောင်း(ရေ)၊ ညောင်ပင်ဆိပ်၊ ဇေယျာ၊ ကံမလေးကျေးရွာများသို့ ကားများ၊ စက်လှေများဖြင့် အဆင့်ဆင့် အိမ်တိုင်ရာရောက် သွားရောက်၍လှူဒါန်းခဲ့ကြသည်။

ထိုသို့လှူတန်းရာတွင် အောင်လံမြို့မှ ဆရာတော်ဦးဇောတိကနှင့် မြို့နယ်ထွေ/အုပ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမြတ်မင်းမောင်တို့ လိုက်ပါဆောင်ရွက်ကြပြီး ကျေးရွာအလိုက် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းလျှင် ငွေကျပ် ၅၀၀၀၀ နှုန်း၊ အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၅၀၀၀ နှင့် ဆန်၊ ဆီ၊ ဆေး၊ အဝတ်အထည်၊ ဆိုလာမီးအိမ် အပါအဝင် လူသုံးကုန်ပစ္စည်း ၁၅ မျိုး စုစုပေါင်း ကျပ်သိန်း ၁၀၀ ကျော်ဖိုး လှူဒါန်းခဲ့ကြကြောင်း သိရသည်။



**သိန်းလွင်(ပြန်/ဆက်)**

# မြန်မာနိုင်ငံအတွင်း ရေဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပအလှူရှင်များက လှူဒါန်းလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၅ ။ ။** မြန်မာနိုင်ငံအတွင်း ရေဘေးသင့်ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနလက်အောက်ရှိ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးနှင့် နေပြည်တော်ရုံးများသို့ ပြည်သူလူထုနှင့် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်များက အလှူငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများကို ထောက်ပံ့ပေးအပ်လှူဒါန်းလျက်ရှိရာ ယနေ့တွင် လူသုံးကုန် တစ်ထုပ်နှင့် ရန်ကုန် မြေပဲဆီသန့် ဖာ ၃၀ ပါဝင်ကြောင်း သိရသည်။

အလားတူ မင်္ဂလာဒုံလေတပ်စခန်း ဌာနချုပ်သို့ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်များက ကယ်ဆယ်ရေးပစ္စည်းများကို ထောက်ပံ့ပေးအပ်လှူဒါန်းလျက်ရှိရာ ယနေ့တွင် ဝေဖာမုန့် ဖာ ၁၂၀၊ ခေါက်ဆွဲခြောက် ၁၀ ဖာ၊ ငါးသေတ္တာ သုံးဖာ၊ ရေသန့် ခြောက်လုံးတွဲ ၁၆၈ တွဲ၊ ဆန်အိတ် ၄၇ အိတ်၊ အဝတ်အထည် သုံးအိတ်၊ ဆာလာအိတ် ၄၅ အိတ်နှင့် တာပေါ်လင်စ ၃၆ စကို လာရောက်လှူဒါန်းခဲ့ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာနမှ ပေးပို့သည့်စာရင်းများအရ သိရသည်။

**(သတင်းစဉ်)**

ကူညီထောက်ပံ့မှုများ

# ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လ ၁၄ ရက်နေ့အထိ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပေးပို့ထောက်ပံ့မှုအခြေအနေ

နေပြည်တော် ဩဂုတ် ၁၅

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဇွန် ၂၄ ရက်မှ ၂၈ ရက်အထိ တိုင်းဒေသကြီးသုံးခုနှင့် ပြည်နယ်နှစ်ခုတွင်လည်းကောင်း၊ ဇူလိုင် ၁၆ ရက်မှ ဩဂုတ် ၁၅ ရက်အထိ တိုင်းဒေသကြီးခြောက်ခုနှင့် ပြည်နယ်ခြောက်ခုတို့တွင်လည်းကောင်း သဘာဝဘေးအန္တရာယ်များကြောင့် အိမ်ထောင်စု ၃၄၉၂၇၃ စုမှ လူဦးရေ ၁၆၁၅၃၃၅ ဦး ရေဘေးသင့်ခဲ့ပြီး ၁၁၀ ဦးသေဆုံးခဲ့မှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆန်ရိက္ခာ တန်ဖိုးငွေကျပ် ၉၃၇၆၈၇၅၀၊ အရေးပေါ်အစားအစာ တန်ဖိုးငွေကျပ် ၁၅၂၄၄၂၃၀၊ အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေကျပ် ၁၄၉၈၅၀၀၀၀၊ ကယ်ဆယ်ရေးပစ္စည်းတန်ဖိုးငွေကျပ် ၃၀၇၈၅၂၉၂၈ နှင့် သေဆုံးမှုထောက်ပံ့ကြေး ငွေကျပ် ၉၀၀၀၀၀၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၅၇၅၇၁၅၉၀၈ ကို ပေးပို့ထောက်ပံ့ခဲ့သည်။

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် ထောက်ပံ့မှုအခြေအနေဇယားချုပ် (၁၅-၈-၂၀၁၅)

| စဉ် | ဘေးဖြစ်ပွားသည့် တိုင်းဒေသကြီး/ပြည်နယ် | ဘေးသင့်အိမ်ထောင်စု | | ဘေးသင့်လူဦးရေ | သေဆုံး | ထောက်ပံ့မှု (ကျပ်) | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မျောပါ/ပျက်စီး | ပြောင်းရွှေ့ | | | ဆန်ရိက္ခာ | အရေးပေါ် အစားအစာ | အိမ်ဆောက် ပစ္စည်း | ကဆရ ပစ္စည်း | သေဆုံး | စုစုပေါင်း | |
| ဇွန်လ ၂၄ ရက်နေ့မှ ၂၈ ရက်နေ့အထိ | | | | | | | | | | | | |
| ၁။ | ရခိုင်ပြည်နယ် | ၃၈၉ | ၁၈၆၇ | ၁၃၅၄၂ | ၆ | ၂၈၃၅၀၀၀ | ၂၈၃၅၈၄၀ | ၄၀၃၀၀၀၀၀ | ၁၃၆၆၉၆၁၄ | ၆၀၀၀၀၀ | ၆၀၂၄၀၄၅၄ | |
| ၂။ | တနင်္သာရီတိုင်းဒေသကြီး | - | ၅၆ | ၂၆၄ | - | ၁၇၄၆၀၀ | - | - | ၄၅၅၂၈၀ | - | ၆၂၉၈၈၀ | |
| ၃။ | ကရင်ပြည်နယ် | - | ၇၂ | ၃၈၉ | - | - | ၉၅၆၉၄၀ | - | - | - | ၉၅၆၉၄၀ | |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | ၄ | ၁၄၉ | ၇၁၆ | ၁ | ၅၃၇၇၅၀ | - | - | ၁၂၉၉၆၃၄ | ၁၀၀၀၀၀ | ၁၉၃၇၃၈၄ | |
| ၅။ | ပဲခူးတိုင်းဒေသကြီး | ၁၂ | ၂ | - | - | - | - | - | ၂၈၁၀၅၂ | - | ၂၈၁၀၅၂ | |
| | စုစုပေါင်း | ၄၀၅ | ၂၁၄၆ | ၁၄၉၁၁ | ၇ | ၃၅၄၇၃၅၀ | ၃၇၉၂၇၈၀ | ၄၀၃၀၀၀၀၀ | ၁၅၇၀၅၅၈၀ | ၇၀၀၀၀၀ | ၆၄၀၄၅၇၁၀ | |
| ဇူလိုင်လ ၁၆ ရက်နေ့မှ ဩဂုတ်လ ၁၅ ရက်နေ့အထိ | | | | | | | | | | | | |
| ၁။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၆၈၅ | ၆၅၉၆၀ | ၄၄၄၂၉၄ | ၁၄ | ၃၉၈၇၃၁၅၀ | - | ၁၇၅၀၀၀၀ | ၃၈၂၇၅၅၀၀ | ၁၀၀၀၀၀၀ | ၈၀၈၉၈၆၅၀ | |
| ၂။ | ကချင်ပြည်နယ် | ၅၀ | ၁၁၄၅ | ၆၂၁၉ | ၁ | ၁၂၉၅၀၃၀၀ | - | ၂၅၀၀၀၀၀ | ၂၉၁၀၅၄၀ | ၁၀၀၀၀၀ | ၁၈၄၆၀၈၄၀ | |
| ၃။ | ရှမ်းပြည်နယ် | ၁၀၃ | ၁၄၆၂ | ၇၅၀၆ | ၉ | - | - | - | ၅၁၀၀၅၂၂ | ၅၀၀၀၀၀ | ၅၆၀၀၅၂၂ | |
| ၄။ | မန္တလေးတိုင်းဒေသကြီး | ၉၉ | ၃၆၈၈ | ၁၅၃၆၂ | ၁၁ | ၉၄၃၆၇၀၀ | - | ၄၉၀၀၀၀၀ | ၂၈၁၉၂၄၀၄ | ၁၁၀၀၀၀၀ | ၄၃၆၂၉၁၀၄ | |
| ၅။ | ချင်းပြည်နယ် | ၂၃၀၆ | ၂၈၅၆ | ၁၄၁၉၂ | ၅ | - | - | - | ၄၈၅၄၆၈ | ၁၀၀၀၀၀ | ၅၈၅၄၆၈ | |
| ၆။ | ရခိုင်ပြည်နယ် | ၁၀၄၈၅ | ၁၆၇၂၈ | ၉၈၀၂၆ | ၅၆ | - | - | - | ၇၀၄၀၃၆၉၄ | ၅၅၀၀၀၀၀ | ၇၅၉၀၃၆၉၄ | |
| ၇။ | ကရင်ပြည်နယ် | - | ၁၃၉၉ | ၇၃၂၅ | - | ၆၅၂၄၄၀၀ | ၇၂၉၃၄၅၀ | - | - | - | ၁၃၈၁၇၈၅၀ | |
| ၈။ | မွန်ပြည်နယ် | - | ၁၅၁၅ | ၆၆၇၂ | - | - | ၄၁၅၈၀၀၀ | - | ၂၃၄၉၅၇၀ | - | ၆၅၀၇၅၇၀ | |
| ၉။ | ပဲခူးတိုင်းဒေသကြီး | ၁၃၀ | ၄၄၉၅၆ | ၁၇၇၁၉၇ | ၂ | - | - | - | ၃၀၄၁၂၃၂၀ | - | ၃၀၄၁၂၃၂၀ | |
| ၁၀။ | မကွေးတိုင်းဒေသကြီး | ၄၆၄ | ၆၃၂၂၁ | ၃၀၈၀၄၆ | ၂ | ၅၇၆၀၀၀၀ | - | ၁၀၀၀၀၀၀၀၀ | ၅၇၃၅၂၆၅၀ | - | ၁၆၃၁၁၂၆၅၀ | |
| ၁၁။ | ဧရာဝတီတိုင်းဒေသကြီး | ၃၄၁ | ၁၁၂၀၁၂ | ၄၅၂၇၀၈ | ၃ | ၁၅၆၆၀၂၀၀ | - | ၆၀၀၀၀၀ | ၆၁၂၀၁၄၂၀ | - | ၇၇၄၆၁၆၂၀ | |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၂၇ | ၁၆၀၉၀ | ၆၂၉၀၇ | - | ၁၆၆၅၀ | - | - | ၁၅၄၆၃၂၆၀ | - | ၁၅၄၇၉၉၁၀ | |
| | စုစုပေါင်း | ၁၅၆၉၀ | ၃၃၁၀၇၂ | ၁၆၀၀၄၂၄ | ၁၀၃ | ၉၀၂၂၀၄၀၀ | ၁၁၄၅၁၄၅၀ | ၁၀၉၅၅၀၀၀၀ | ၂၉၂၁၄၇၃၄၈ | ၈၃၀၀၀၀၀ | ၅၁၁၆၇၀၁၉၈ | |
| | ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လစုစုပေါင်း | ၁၆၀၉၅ | ၃၃၃၁၇၈ | ၁၆၁၅၃၃၅ | ၁၁၀ | ၉၃၇၆၈၇၅၀ | ၁၅၂၄၄၂၃၀ | ၁၄၉၈၅၀၀၀၀ | ၃၀၇၈၅၂၉၂၈ | ၉၀၀၀၀၀၀ | ၅၇၅၇၁၅၉၀၈ | |

# ချင်းတွင်းမြစ်ရေဝင်ရောက်ခဲ့သည့် ကျေးရွာများတွင် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများ ကွင်းဆင်းဆောင်ရွက်



**ကနီ ဩဂုတ် ၁၅**

ဇူလိုင်လကုန်နှင့် ဩဂုတ်လဆန်းပိုင်းတွင် ချင်းတွင်းမြစ်ရေကြီးမှုကြောင့် ကနီမြို့နယ်တွင် မြစ်ရေဝင်ရောက်မှုများဖြစ်ပွားခဲ့ရာ ယခုအခါ မြစ်ရေကျဆင်းသွား၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏လမ်းညွှန်မှုဖြင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကြီးကြပ်၍ ရေဝင်ရောက်ခဲ့သည့် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၄ ရက်က မြို့ပေါ်ရပ်ကွက်နှင့် ကျောင်းများကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအုန်းဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများက ရပ်ကွက်များ၌ သောက်သုံးရေတွင်း၊ ရေကန်များကို ကလိုရင်းဆေးနှင့် အဘိတ်ဆေးခတ်ခြင်းများဆောင်ရွက်ခဲ့ပြီး ကျောင်းဆောင်များအား ခြင်ဆေးဖျန်းခြင်းများ ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ သခွတ္တတိုက်နယ်ဆေးရုံ ဆရာဝန် ဒေါက်တာမိုမိုလွင်နှင့် ကျန်းမာရေးဝန်ထမ်းများက မဲဒင်ကျေးရွာပြည်သူများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုကို ကွင်းဆင်းဆေးကုသပေးခဲ့ပြီး သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါနှင့် မြစ်ရေကျဆင်းပြီးချိန်တွင် ဖြစ်ပွားတတ်သော ဝမ်းရောဂါများနှင့် ပတ်သက်၍ ရောဂါမဖြစ်ပွားစေရေး လိုက်နာရှောင်ကြဉ်ရမည့် ကျန်းမာရေးလုပ်ငန်းများကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**သန်းငွေအောင်(ကနီ)**



# ကလေးမြို့သို့ မီးစက်များရောက်ရှိ

**ကလေး ဩဂုတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် ဇူလိုင် ၂၈ ရက်မှ ဩဂုတ် ၃ ရက်အထိ ရေကြီးနစ်မြုပ်ခဲ့ရာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးစက်ရုံမှ 1250 KVA Mitsubishi, 500 KVA Inmesol, 500 KVA Olympian ဓာတ်အားပေးစက်များ ရေနစ်မြုပ်ခဲ့သည်။

ယခုအခါ လျှပ်စစ်ဓာတ်အား ပြန်လည်ထုတ်လွှတ်ပေးနိုင်ရေးအတွက် နေပြည်တော်မှ 250 KVA ဓာတ်အားပေးစက်နှစ်လုံးနှင့် 300 KVA ဓာတ်အားပေးစက်တစ်လုံးတို့ ရောက်ရှိပြီး ပင်လုံရပ်ကွက်၊ တပ်ဦးသီတာရပ်ကွက်နှင့် တောင်ဖီလာရပ်ကွက်များတွင်ထားရှိကာ ဩဂုတ် ၁၄ ရက်မှစ၍ လမ်းမီးများစတင်ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရေနစ်မြုပ်ခဲ့သည့် ဓာတ်အားပေးစက်များကိုလည်း ပြန်လည်ပြုပြင်ပြီး အောင်ဇေယျရပ်ကွက်နှင့် ရေလွတ်သည့် ပင်လုံရပ်ကွက်တို့သို့ ဩဂုတ် ၁၄ ရက် ညမှစ၍ လမ်းမီးများပေးနိုင်ရန် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဝန်ထမ်းများက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**

# ပြန်လည်ထူထောင်ရေး

## ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

နေပြည်တော် ဩဂုတ် ၁၅

မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့ညနေ ၆ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၃၉ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှရေထုတ်လွှတ်လျက်ရှိပြီး တာတမံများကျိုးပေါက်မှုမရှိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

### သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၅. ၀၀' |
| ၂။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၅. ၀၀' |
| ၃။ | ပေါင်းလောင်းရေလှောင်တမံ | ၅၄၉၄၂၀ | ၁. ၉၃' |
| ၄။ | ရေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၂. ၁၀' |
| ၅။ | လိုင်ဗားရေလှောင်တမံ | ၁၉၅၄ | ၀. ၈၀' |
| ၆။ | ကင်းတပ်ရေထိန်းတမံ | ၃၈၂၉၅ | ၅. ၂၀' |
| ၇။ | ပေကြီးရေလှောင်တမံ | ၈၁၀၀ | ၀. ၅၀' |
| ၈။ | လင်ပန်းရေလှောင်တမံ | ၁၀၁၈၀ | ၁. ၄၀' |
| ၉။ | ကိုးပင်ကန်ရေလှောင်တမံ | ၉၇၆၄ | ၂. ၃၀' |
| ၁၀။ | ရာဇဂြိုဟ်ရေလှောင်တမံ | ၅၂၀၀၀ | ၁. ၉၀' |
| ၁၁။ | မင်းမြင်ရေလှောင်တမံ | ၁၉၀၁၀ | ၀. ၉၀' |
| ၁၂။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၂. ၂၀' |
| ၁၃။ | ကျေးပင်အက်ရေလှောင်တမံ | ၄၄၀၀၀ | ၁. ၀၀' |
| ၁၄။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၂. ၇၀' |
| ၁၅။ | မြောက်ယမားရေကူရေလှောင်တမံ | ၁၂၂၉၀၀ | ၂. ၃၀' |
| ၁၆။ | ဆွာချောင်းရေလှောင်တမံ | ၂၁၆၃၅၀ | ၂. ၂၀' |
| ၁၇။ | ပသိရေလှောင်တမံ | ၃၀၅၀၀ | ၀. ၉၀' |
| ၁၈။ | ငမြွေရေလှောင်တမံ | ၂၃၈၀ | ၀. ၃၀' |
| ၁၉။ | ဘောနီရေလှောင်တမံ | ၃၅၂၀၀ | ၁. ၄၀' |
| ၂၀။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၁. ၇၀' |
| ၂၁။ | မဇင်းရေလှောင်တမံ | ၂၆၁၈၆ | ၀. ၁၀' |
| ၂၂။ | ဇလက်ထော်ရေလှောင်တမံ | ၁၈၉၁၂ | ၀. ၉၀' |
| ၂၃။ | ရွှေပြည်(၃)ရေလှောင်တမံ | ၃၇၀၀ | ၀. ၁၀' |
| ၂၄။ | တောင်နဝင်းရေလှောင်တမံ | ၂၁၁၉၆ | ၂. ၃၀' |
| ၂၅။ | စဥ့်ကူးချောင်းဂေါင်းရေလှောင်တမံ | ၂၂၂၉ | ၀. ၂၀' |
| ၂၆။ | ညောင်ကိုင်းရေလှောင်တမံ | ၁၇၅၉၄ | ၁. ၀၀' |
| ၂၇။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၀. ၈၀' |
| ၂၈။ | တောင်ညိုရေလှောင်တမံ | ၂၁၀၀၀၀ | ၁. ၂၀' |
| ၂၉။ | စလင်းရေလှောင်တမံ | ၁၃၃၀၀၀ | ၁. ၄၀' |
| ၃၀။ | မန်းရေလှောင်တမံ | ၁၂၀၀၀၀ | ၀. ၆၀' |
| ၃၁။ | မာလဲနတ်တောင်ရေလှောင်တမံ | ၅၀၉၇၀ | ၂. ၅၀' |
| ၃၂။ | ဆင်လမ်းရေလှောင်တမံ | ၆၈၄၆ | ၀. ၃၀' |
| ၃၃။ | လွန်ငင်ရေလှောင်တမံ | ၃၂၅ | ၀. ၁၀' |
| ၃၄။ | ရှောက်ချောင်းရေလှောင်တမံ | ၁၁၄၀ | ၀. ၃၀' |
| ၃၅။ | ငမိုးရိပ်ရေလှောင်တမံ | ၁၈၀၀၀၀ | ၀. ၇၀' |
| ၃၆။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ၁၇၃၅ | ၀. ၆၅' |
| ၃၇။ | ဇာမဏီအင်းရေလှောင်တမံ | ၅၃၆၄ | ၀. ၅၀' |
| ၃၈။ | ကွန်ချောင်းရေလှောင်တမံ | ၉၈၄၀၀ | ၀. ၂၅' |
| ၃၉။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၀. ၉၀' |

(သတင်းစဉ်)



## မိုးကုတ်မြို့နယ်ရှိ မိုးရွာသွန်းမှုကြောင့် ပျက်စီးဆုံးရှုံးသည့်နေရာများတွင် ကူညီရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

မိုးကုတ် ဩဂုတ် ၁၅

မိုးကုတ်မြို့နယ်တွင် ဩဂုတ် ၁၄ ရက် ညပိုင်းမှစ၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မိုးရေချိန် ၆ ဒသမ ၁၀ လက်မသို့ ရောက်ရှိပြီး မြို့နယ်အတွင်းရှိ နေရာအချို့တွင် ရေကြီးရေလျှံမှု၊ တောင်ကမ်းပါးပြိုကျမှု၊ ကျောက်ရိုးပြိုကျမှုနှင့် နေအိမ်ပြိုကျမှုများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ မိုးရွာသွန်းမှုကြောင့် မိုးကုတ်မြို့ရှိ ရပ်ကွက်အချို့တွင် ရေကြီးရေလျှံမှု၊ ကျောက်ရိုးပျက်စီးမှု ဖြစ်ပေါ်ခဲ့ပြီး မြို့မအုပ်စု ချမ်းမြေ့သာယာရပ်ရှိ ဦးဇော်အောင်၏ နေအိမ်မှာ တောင်ကျရေစီးဖြင့် မျောပါပြိုလဲခဲ့မှုကြောင့် ၎င်း၏ ဇနီးဖြစ်သူ မယဉ်ယဉ်မိုးသေဆုံးသွားခဲ့သည်။ မိုးရွာသွန်း၍ တောင်ပြိုမှုဖြစ်စဉ်များကြောင့် မိုးကုတ်-ပြင်ဦးလွင်ကားလမ်းကိုလည်း ယာယီပိတ်ထားကြောင်းနှင့် အဆိုပါ ဘေးအန္တရာယ်ဖြစ်ပွားသည့် နေရာများသို့ မြို့နယ်ရေဘေးကယ်ဆယ်ကူညီရေးကော်မတီဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများပူးပေါင်း၍ ကူညီဆယ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

(မြို့နယ် ပြန်/ဆက်)

## ရေဘေးသင့်ဒေသများရှိ ပြည်သူများထံ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်း ဆက်လက်ပေးပို့

နေပြည်တော် ဩဂုတ် ၁၅

သဘာဝဘေးအန္တရာယ် ကြုံတွေ့နေရသည့် ရေဘေးသင့်ဒေသများရှိ ပြည်သူများထံသို့ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးနိုင်ရန် ပြည်တွင်းလေကြောင်းလိုင်းများမှ လေယာဉ်များဖြင့် ဆက်လက်ပေးပို့လျက်ရှိသည်။

ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်တွင်း လေကြောင်းလိုင်းမှ လေယာဉ်များဖြင့် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်ပေးလျက်ရှိရာ ဩဂုတ် ၁၅ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေး လေဆိပ်သို့ မြန်မာအမျိုးသားလေကြောင်းနှင့် ကမ္ဘောဇလေကြောင်းတို့မှ ခေါက်ရေ နှစ်ခေါက်ဖြင့် အဝတ်အထည်၊ ဆပ်ပြာမှုန့်၊ ဆန်၊ အသားတုံး၊ သက်န်း၊ စားသောက်ကုန်၊ ရေသန့်၊ ဆေး၊ ခေါက်ဆွဲခြောက်၊ ဖျာ၊ အသက်ကယ်အင်္ကျီနှင့် မုန့်မျိုးစုံတို့ကို ပေးပို့လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုစာရင်း

၂၀၁၅ ခုနှစ် ဩဂုတ် ၁၅ ရက်

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | သီးနှံစုစုပေါင်း(ဧက) | | | | |
|---|---|---|---|---|---|---|
| | | ရေမြုပ် | ရေပြန်ပေါ် | ထိခိုက် | ပျက်စီး | ပြန်စိုက် |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - | - |
| ၂။ | ကချင်ပြည်နယ် | ၃၂၁၂၇ | ၂၇၅၉၉ | ၁၅၆၆၃ | ၁၂၇၉၁ | ၄၅၇၇ |
| ၃။ | ကယားပြည်နယ် | ၁၄၆ | ၁၄၆ | ၁၀၄ | ၆၇ | - |
| ၄။ | ကရင်ပြည်နယ် | ၁၁၆၂ | ၁၁၆၂ | ၆၁၆ | ၇၄ | ၆၇ |
| ၅။ | ချင်းပြည်နယ် | ၄၄၂၆ | ၄၄၂၆ | ၄၀၈၉ | ၂၂၀၅ | - |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၈၇၈၅၆ | ၁၇၆၀၁၃ | ၁၄၁၉၅၇ | ၁၁၀၉၆၆ | ၁၉၄၃၁ |
| ၇။ | ပဲခူးတိုင်းဒေသကြီး | ၃၇၅၉၂၅ | ၃၇၅၉၂၅ | ၂၂၆၇၁၂ | ၁၄၀၉၄၄ | ၃၈၇ |
| ၈။ | မကွေးတိုင်းဒေသကြီး | ၉၆၈၄၆ | ၉၁၀၇၉ | ၉၆၈၄၆ | ၆၅၈၅၈ | ၃၀၃၈ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | ၃၅၀၃ | ၃၅၀၃ | ၂၆၂ | ၂၈ | ၅ |
| ၁၀။ | မွန်ပြည်နယ် | ၁၃၀၁၀ | ၁၃၀၁၀ | ၂၂၉၄ | - | - |
| ၁၁။ | ရခိုင်ပြည်နယ် | ၂၉၁၂၁၉ | ၂၉၁၂၁၉ | ၂၇၃၁၅၄ | ၂၁၇၂၄၆ | ၁၃၁၉၈၁ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၁၀၂၁၇၀ | ၅၂၂၁၈ | ၅၉၃၄၆ | ၆၉၀၇ | ၁၁၀ |
| ၁၃။ | ရှမ်းပြည်နယ် | ၁၂၉၉၃ | ၁၂၇၇၃ | ၃၄၈၁ | ၂၂၁၃ | ၂၀၅ |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | ၃၀၀၆၄၉ | ၉၉၇၉၃ | ၈၅၉၁၇ | ၆၀၇၃၉ | ၃၂၇၉ |
| | စုစုပေါင်း | ၁၄၂၂၀၅၅ | ၁၁၄၈၈၈၉ | ၉၁၀၄၄၁ | ၆၂၀၀၃၈ | ၁၆၃၀၈၀ |

## မြန်အောင်တွင် ရေကြီးနစ်မြုပ်လယ်မြေများ အချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရန် ဆောင်ရွက်လျက်ရှိ

မြန်အောင် ဩဂုတ် ၁၅

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်တွင် ရေကြီးနစ်မြုပ်လယ်မြေများ အချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရန် ရှေ့တန်းစခန်းနယ်မြေခုနစ်ခု ဖွင့်လှစ်၍ ဆောင်ရွက်လျက်ရှိသည်။

ယနေ့တွင် ထူးဖောင်ဒေးရှင်းက ထောက်ပံ့လှူဒါန်းသည့် လယ်ယာသုံးလက်တွန်းထွန်စက် ငါးစီးနှင့် မျိုးစပါးတင်း ၅၀၀ ကို ပျက်စီးလယ်ဧကများတွင် အမြန်ထွန်ယက်စိုက်ပျိုးသွားနိုင်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းထွန်းဦးဆောင်၍ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့မှ ဝန်ထမ်းများက နယ်မြေကွင်းဆင်း၍ စီမံဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ထို့ပြင် မြန်အောင်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနတွင် ရေကြီးနစ်မြုပ်လယ်မြေများ အချိန်မီ ပြန်လည်ထွန်ယက်စိုက်ပျိုးနိုင်ရန် လယ်ထွန်စက်များ အသင့်ပြင်ဆင်ထားကြောင်း သိရသည်။


ဝင်းဗိုလ်(ပြန်/ဆက်)

## ငါးသိုင်းချောင်းမြို့နယ်တွင် ရေကျသော်လည်း စိုးရိမ်ရေမှတ်အထက် ကျော်လွန်လျက်ရှိ

နေပြည်တော် ဩဂုတ် ၁၅

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့နယ်၏ ငဝန်မြစ်ရေ စိုးရိမ်ရေမှတ်သည် ဇူလိုင်လကုန်ခန့်မှစ၍ နေ့စဉ်ကျော်လွန်မြင့်တက်ခဲ့ရာမှ ဩဂုတ် ၈ ရက်မှစ၍ နေ့စဉ်လျော့နည်းကျဆင်းလျက်ရှိသော်လည်း သတ်မှတ်စိုးရိမ်ရေမှတ်အထက်တွင် ရှိနေသေးကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

(သတင်းစဉ်)



## ရခိုင်ပြည်နယ်တွင် မျိုးစပါး ၂၉၁၀၈ တင်း ဖြန့်ဖြူး၊ ၁၁၈၅၁၇ ဧက ပြန်လည်စိုက်ပျိုးပြီးဖြစ်

နေပြည်တော် ဩဂုတ် ၁၅

ရခိုင်ပြည်နယ်တွင် ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြို့နယ် ၁၅ မြို့နယ်တွင် စပါးစိုက်ဧက ၂၁၇၂၄၆ ဧက ပျက်စီးခဲ့သည်။ ပျက်စီးဧကများ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် တစ်ဧကလျှင် တစ်တင်းနှုန်းဖြင့် ၂၁၇၂၄၆ တင်း လိုအပ်လျက်ရှိသည်။ သို့သော် တောင်သူအများစုသည် မိမိလက်ဝယ်တွင်ရှိသော အရန်မျိုးစပါးများဖြင့် စိုက်ပျိုးသွားကြမည်ဖြစ်သည့်အတွက် အမှန်တကယ် ဖြန့်ဖြူးရမည့်မျိုးမှာ ၆၁၅၈၁ တင်းဖြစ်ရာ ဩဂုတ် ၁၄ ရက်အထိ မျိုးစပါး ၂၉၁၀၈ တင်း ဖြန့်ဖြူးပြီးဖြစ်သည်။ ပျက်စီးဧကများ ပြန်လည်စိုက်ပျိုးမှုမှာ ဩဂုတ် ၁၄ ရက်အထိ ၁၁၈၅၁၇ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

# တစ်နိုင်ငံလုံးမဲဆန္ဒရှင်စာရင်းထုတ်ပြန်မှုအား ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့ PACE မှ စောင့်ကြည့်သွားမည်

**ရန်ကုန်   ဩဂုတ်   ၁၅**

လာမည့် ဩဂုတ်လနောက်ဆုံးပတ်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်သွားမည့် မြန်မာတစ်နိုင်ငံလုံး၏ အခြေခံမဲဆန္ဒရှင်စာရင်းထုတ်ပြန်မှု ဖြစ်စဉ်အား PACE (ယုံကြည်ရသောရွေးကောက်ပွဲများပေါ်ပေါက်ရေး ပြည်သူများပူးပေါင်းလှုပ်ရှားမှုအဖွဲ့)မှစောင့်ကြည့်သွားမည်ဖြစ်ကြောင်း PACE အဖွဲ့၏ အမှုဆောင်ဒါရိုက်တာ ဦးစိုင်းရဲကျော်စွာမြင့်ထံမှ သိရသည်။

PACE အဖွဲ့သည် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲအား စောင့်ကြည့်လေ့လာရာတွင် ရွေးကောက်ပွဲမတိုင်ခင် အပိုင်းနှစ်ပိုင်းနှင့် ရွေးကောက်ပွဲနေ့တွင် အပိုင်းတစ်ပိုင်း စုစုပေါင်း အပိုင်းသုံးပိုင်းစီမံချက်ချကာ လေ့လာစောင့်ကြည့်သွားမည်ဖြစ်သည်။

ဦးစိုင်းရဲကျော်စွာမြင့်က "ပထမဆုံး ရွေးကောက်ပွဲကော်မရှင်က ဩဂုတ်လနှောင်းပိုင်းမှာကပ်မယ့် တစ်နိုင်ငံလုံးအခြေခံမဲဆန္ဒရှင် စာရင်းကပ်တာကို စောင့်ကြည့်မယ်။ ကျွန်တော်တို့ အာရုံစိုက်တာက အခုရှိထားတဲ့ ဥပဒေ၊ နည်းဥပဒေ၊ ဥပဒေမူဘောင်တွေ၊ လုပ်ထုံးလုပ်နည်းတွေဟာ တကယ်ပဲ မဲဆန္ဒရှင်တွေရဲ့ အချက်အလက်တွေကိုသွားပြီးတော့ ပြုပြင်တာပဲဖြစ်ဖြစ်၊ ဖြည့်စွက်တာပဲဖြစ်ဖြစ်၊ ဖြုတ်တာပဲဖြစ်ဖြစ် ဘယ်လောက်သွားပြီးတော့မှ အဆင်ပြေပြေဖြစ်သလဲ။ ဘယ်အရာတွေကအားသာချက်၊ ဘယ်အရာတွေက အားနည်းချက်ဖြစ်မလဲဆိုတာကို ကြိုးစားရှာဖွေသွားမယ်။ လောလောဆယ်မှာတော့ ကျွန်တော်တို့ PACE အနေနဲ့ ဒီဖြစ်စဉ်ကိုပိုပြီးတော့ အာရုံစိုက်ထားတယ်။ တစ်နိုင်ငံလုံး မဲဆန္ဒရှင်စာရင်းကပ်တဲ့နေရာမှာ အချက်အလက်တွေ ဘယ်လိုမှားယွင်းသလဲ။ ဘယ်သူတွေကျန်ခဲ့သလဲ။ ပါသင့်တဲ့သူတွေပါရဲ့လား။ မပါသင့်တဲ့ လူတွေပါနေလားဆိုတာတွေကိုတော့ ကြီးကြီးမားမားရှာဖွေနိုင်မှာမဟုတ်ပါဘူး။ နောက် ပြည်သူလူထုကိုယ်တိုင်က ဒီဖြစ်စဉ်မှာ ဘယ်လောက်အထိ စိတ်ပါဝင်စားမှုရှိသလဲဆိုတာကို နည်းနည်းပါးပါးရှာဖွေမယ်"ဟု ပြောသည်။

လေ့လာစောင့်ကြည့်ရာတွင် နိုင်ငံပေါင်း ၅၀ ကျော်တွင် အသုံးပြုနေသည့် မဲရုံများကိုနမူနာရွေးထုတ်ပြီး လေ့လာစောင့်ကြည့်သည့် Systematic Observation (နည်းစနစ်ဖြင့် စောင့်ကြည့်လေ့လာခြင်း) နည်းလမ်းကို အသုံးပြုမည်ဖြစ်သည်။ ယင်းနည်းစနစ်သည် မျက်မြင်တွေ့ရှိချက်ကို အခြေခံပြီး အစီရင်ခံစာရေးသားခြင်းဖြစ်သောကြောင့် တစ်နိုင်ငံလုံးအခြေအနေကို ထင်ဟပ်စေနိုင်မည်ဖြစ်သည်။

PACE အနေဖြင့် ရွေးကောက်ပွဲမတိုင်ခင် ရွေးကောက်ပွဲအကြိုကာလ ကာလရှည်စောင့်ကြည့်လေ့လာရာတွင် မြို့ပေါင်း ၁၁၀ ကျော်တွင် ကာလရှည်စောင့်ကြည့်လေ့လာသူ ၁၁၀ ဖြင့်စောင့်ကြည့်လေ့လာမည်ဖြစ်ပြီး ရွေးကောက်ပွဲနေ့ ဖြစ်စဉ်အပေါ် ကာလတိုစောင့်ကြည့်ရာတွင် ကာလတိုစောင့်ကြည့်လေ့လာသူ ၂၀၀၀ ကျော်ဖြင့် တစ်နိုင်ငံလုံးစောင့်ကြည့်လေ့လာသွားမည်ဖြစ်သည်။

**(ရဲခေါင်၊ မြတ်သန္တာ)**

---

## »»» y , rrjzpa&; . . .

y , reremrsm;

**စာမျက်နှာ ၆ မှ**

ယင်း လေဆာတံဆိပ်တုံးသည် အကြိမ်ပေါင်း ၅၀၀၀ အထိ နှိပ်နိုင်ပါသည်။

ထို့ပြင် နမူနာ(၁၆)တွင် ပြထားသကဲ့သို့ တစ်စုံတစ်ဦး သိရှိစေရန်ရည်ရွယ်ချက်ဖြင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့် ဖြစ်စေ မဲလက်မှတ်ပေါ်၌ အမှတ်အသားတစ်ခုခု (ယခုနမူနာတွင် မဲလက်မှတ်အောက်ခြေ-ဘယ်ဘက်ထောင့်၌ ပြထားသောကြယ်) ပြုလိုက်ပါက ၎င်းမဲသည် ပယ်မဲဖြစ်သွားမည်ဖြစ်ပါသည်။

အထက်တွင် ဖော်ပြထားသော ခိုင်လုံမဲနမူနာများနှင့် ပယ်မဲနမူနာများကို မဲဆန္ဒရှင်များအနေဖြင့် သိရှိထားရန်သာလိုအပ်သော်လည်း ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်မှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များ၊ မဲရုံမှူးများ၊ ဒုမဲရုံမှူးများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ မဲရုံကိုယ်စားလှယ်များနှင့် မဲရုံအကူကိုယ်စားလှယ်များအနေဖြင့်မူ ဂဃနဏ သိရှိနားလည်ထားရန် အလွန်ပင်အရေးကြီးလှပါသည်။ မဲများကို အဓိကရေတွက်ရမည့် မဲရုံမှူးနှင့် မဲရေတွက်ခြင်းကို စောင့်ကြည့်ပြီး ပြောဆိုပိုင်ခွင့်ရှိသည့် မဲရုံကိုယ်စားလှယ်နှင့် အကူကိုယ်စားလှယ်များသည် ယခုပြသထားသော နမူနာများကို ရှင်းလင်းပြတ်သားစွာ သိရှိထားမှသာ မဲရေတွက်ရာတွင် အငြင်းပွားမှုများ လျော့နည်းပြီး မဲများကို လွယ်ကူလျင်မြန်စွာ ရေတွက်ပြီးစီးနိုင်မည် ဖြစ်ပါသည်။

မဲဆန္ဒရှင်တိုင်းကသာ မဲလက်မှတ်များကို ဆန္ဒပြုရာ၌ နမူနာ(၁)တွင် ပြထားသည့်အတိုင်း မိမိဆန္ဒပြုလိုသော ကိုယ်စားလှယ်လောင်း၏ အမည်နှင့် အမှတ်တံဆိပ်များ၏ ညာဘက်ကွက်လပ်တွင် အမှန်ခြစ်ပါသော တံဆိပ်ကို တိတိကျကျနှိပ်နိုင်မည်ဆိုပါက ခိုင်လုံမဲ (သို့မဟုတ်) ပယ်မဲအဖြစ် ဆုံးဖြတ်ရန်ခက်သည့် ဒွိဟဖြစ်ဖွယ် မဲလက်မှတ်များ ပါဝင်တော့မည်မဟုတ်သဖြင့် မဲရုံမှူးများအား မဲရေတွက်ရာတွင် များစွာ အထောက်အကူပြုမည် ဖြစ်ပါသည်။

ထို့ကြောင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီးတွင် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်နေကြသော အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့်တကွ နိုင်ငံရေးပါတီများ၊ မီဒီယာများ၊ လွှတ်တော်ကိုယ်စားလှယ် လောင်းများသည်လည်း မဲဆန္ဒရှင်များ ဆန္ဒပြုလိုက်သောမဲများ ပယ်မဲမဖြစ်စေဘဲ မဲလက်မှတ်အားလုံး ခိုင်လုံမဲဖြစ်စေရေးအတွက် မဲဆန္ဒရှင် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် ယခုဖော်ပြသည့် ဆန္ဒပြုနည်းနှင့် ခိုင်လုံမဲ၊ ပယ်မဲများအကြောင်းကို ထည့်သွင်း ပညာပေးကြပါရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကိုယ်စား မေတ္တာရပ်ခံတိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

■



မည်သူ့အား ဆန္ဒပြုသည်ကို ဆုံးဖြတ်ရခက်သောမဲ

နမူနာ-၉



မည်သူ့အား ဆန္ဒပြုသည်ကို ဆုံးဖြတ်ရခက်သောမဲ

နမူနာ-၁၀



ဆန္ဒပြုရမည့် အကွက်ပြင်ပတွင် ဆန္ဒပြုထားသောမဲ

နမူနာ-၁၀




တစ်ကြိမ်ထက်ပို၍ ဆန္ဒပြုထားသောမဲ (တံဆိပ်တုံးကို တစ်ကြိမ်ထက်ပို၍ နှိပ်ထားသောမဲ)

နမူနာ-၁၂



လုံးဝ ဆန္ဒပြုမထားသောမဲ

နမူနာ-၁၃



မဲရုံမှူးလက်မှတ်မပါသောမဲ

နမူနာ-၁၄



အစွန်းအထင်းပါသောမဲ

နမူနာ-၁၅



အမှတ်အသားပြုထားသောမဲ

နမူနာ-၁၆

---

# ညောင်တုန်းမြို့၌ ရေဘေးကာကွယ်ရေးတာတမံအား စက်ယန္တရားများဖြင့် အမြန်ပြုပြင်ဆောင်ရွက်လျက်ရှိ

**ညောင်တုန်း   ဩဂုတ်   ၁၅**

ညောင်တုန်းမြို့တွင် မိုးရာသီကာလ ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ရေကြီးပြီး ရေဘေးအန္တရာယ် နှစ်စဉ်ကြုံတွေ့နေရသည်။ ထို့ကြောင့် ရေဘေးအန္တရာယ်နှင့် မြို့ပတ်တာ၊ ရေကာတာများခိုင်ခံ့ကောင်းမွန်ရေးအတွက် မြို့နယ်ဆည်မြောင်းဦးစီးဌာနက ဩဂုတ် ၁၃ ရက်မှစတင်ပြီး ယနေ့အထိ ဧရာဝတီမြစ်ရေ တက်ရောက်စဉ်က အရေးပေါ်ဖြစ်ပေါ်ခဲ့သည့် မြို့ပတ်ရေကာတာများရှိ ရေပေါက်ခုနစ်ပေါက်ကို ဧရာဝတီမြစ်ရေကျချိန်တွင် တူးဖော်ပိတ်ဆို့ပြီး အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသည်။ ညောင်တုန်းမြို့၏ မြစ်ရေဘေးကာကွယ်ရေးတာတမံမှာအလျား နှစ်မိုင်ခန့်ရှိပြီး ပန်းလှိုင်မြစ်ရေတက်ရောက်မှုမှ အကာအကွယ်ပေးလျက်ရှိသည်။

ပန်းလှိုင်မြစ်ရေသည် ဇူလိုင် ၃၀ ရက်မှစတင်၍ စိုးရိမ်ရေမှတ် ၂၂ ဒသမ ၅ ပေသို့ ကျော်လွန်ကာ ဩဂုတ် ၇ ရက်တွင် ၂၅ ဒသမ ၈ ပေအထိ အမြင့်ဆုံးတက်ရောက်ခဲ့ပြီး ညောင်တုန်းမြို့နယ်အတွင်းရှိ မြို့ရေဘေးကာကွယ်ရေးတာ (မြို့ပတ်တာ) အပါအဝင် တာတမံအလျားမိုင် ၉၀ နီးပါးရှိပြီး ဆည်မြောင်းဦးစီးဌာနမှ ဝန်ထမ်းများ၊ တပ်မတော်သားများ၊ ပြည်သူလူထု၏ ပူးပေါင်းကြိုးပမ်းဆောင်ရွက်မှုကြောင့် မည်သည့်တာမျှ ထိခိုက်ပျက်စီးမှုမရှိခဲ့ကြောင်း။

ယခုအခါ ဧရာဝတီမြစ်ရေပြန်လည်ကျဆင်းနေပြီဖြစ်ရာ မြစ်ရေတက်ရောက်ခဲ့စဉ်အတွင်းဖြစ်ပေါ်ခဲ့သော မြို့၏မြစ်ရေဘေးကာကွယ်ရေးတာ၏ အားနည်းသောနေရာများနှင့် ရေပေါက်နေရာများကို ဆည်မြောင်းဦးစီးဌာနမှ အမြန်ပြင်ဆင်လျက်ရှိကြောင်း၊ မြို့ရေဘေးကာကွယ်ရေးတာတမံတွင်လည်း ဌာနပိုင်စက်ယန္တရားများဖြင့် မြစ်ကမ်းပါး၊ မြို့ပတ်တာကို ထိန်းသိမ်းပြုပြင် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုဩဂုတ်လအတွင်း ဒုတိယအကြိမ် အမြင့်ဆုံးတက်ရောက်ခဲ့သော မြစ်ရေဖြစ်ရာ စက်တင်ဘာလအတွင်း ဧရာဝတီမြစ်ရေ ထပ်မံမြင့်တက်လာမှုမှ ကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင်နေခြင်းဖြစ်ကြောင်း သိရသည်။**(ဝင်းမြင့်ကျော်၊ ထွန်းကျော်)**



အနုပညာ

# ဒစ်စနေပရိသတ်ကို အံ့အားသင့်စေခဲ့တဲ့ ဂျက်စပဲရိုးမင်းသားကြီး ဂျော်နီဒပ်



ပြီးခဲ့သည့်သောကြာနေ့က ပြုလုပ်ခဲ့သည့် " the Disney Legends Award "အတွက် နှစ်စဉ်ကျင်းပမြဲဖြစ်သော D23 Expo တွင် ပင်လယ်ဓားပြမင်းသားကြီး ဂျက်စပဲရိုးအဖြစ် ပရိသတ်စွဲလမ်းခဲ့ရသည့် မင်းသားကြီး ဂျော်နီဒပ်သည် ကြိုတင်အသိပေးထားခြင်းမရှိဘဲ ရုတ်တရက် ပရိသတ်ရှေ့ပေါ်ထွက်လာခဲ့ရာ ဒစ်စနေပရိသတ်များ အံ့သြဝမ်းသာ ဖြစ်ခဲ့ရသည်။

ဒပ်ဂျက်နှင့်အတူ အခြားသော ဒစ်စနေ၏ နာမည်ကြီး အနုပညာရှင်များဖြစ်သည့် "Star Wars"ရုပ်ရှင်ဒါရိုက်တာ ဂျော့ဂျ်လူးကက်စ်၊ တေးရေးဆရာ ဒန်နီအဲလ်ဖန်နှင့် စူစန်လူစီတို့လည်း တက်ရောက်ခဲ့ကြသည်။

၂၀၁၇ခုနှစ်တွင် ရုံတင်ပြသမည့် ဂျက်စပဲရိုးရုပ်ရှင်သစ် " Pirates of the Caribbean: Dead Men Tell No Tales"တွင်လည်း ပင်လယ်ဓားပြကြီးအဖြစ် ပါဝင်သရုပ်ဆောင်ထားသော ဂျော်နီဒပ်က "ငါဘာလို့ဒီနေရာကို ရောက်နေပါလိမ့်"ဟု ပရိသတ်ကို အရွှန်းဖောက်ကာနှုတ်ဆက်ခဲ့သည်။

ထို့ပြင် သူ၏အသက်မွေးဝမ်းကျောင်းဖြစ်သည့် အနုပညာလုပ်ငန်းနှင့်ပတ်သက်၍ ပြောကြားစဉ် မင်းသားက သူ့အနေဖြင့် ပရိသတ်ဆိုသည့်စကားအသုံးအနှုန်းကို မနှစ်သက်ကြောင်းနှင့် ယင်းစကားလုံးသည် အနုပညာရှင်များက ပရိသတ်အထက် ရောက်ရှိနေသည်ဟု အဓိပ္ပာယ်သက်ရောက်စေသည်ဟု ယူဆ၍ ပရိသတ်များကို "fans"ဆိုသောစကားလုံးအစား အလုပ်ရှင်ဟု သတ်မှတ်ထားသည့်အတွက် "employer" ဟုသာ ရည်ညွှန်းလိုကြောင်းလည်း ဆိုခဲ့သည်။

အေးပြည့်-စုစည်းသည်

## မျက်နှာဖုံးရှင်ဖြစ်လာပြန်တဲ့ မိုင်လီဆိုင်းရပ်စ်

အမေရိကန် ပေါ့ပ်အဆိုတော် မိုင်လီဆိုင်းရပ်စ်သည် နာမည်ကျော်အဆိုတော်တစ်ဦး ဖြစ်သည့်အပြင် လူမှုရေးလှုပ်ရှားဆောင်ရွက်သူ၊ ၂၀၁၅ VMAs ဂီတဆုပေးပွဲတွင် အစီအစဉ်တင်ဆက်သူ စသဖြင့် အနုပညာလှုပ်ရှားမှုပုံစံအမျိုးမျိုးကို လုပ်ဆောင်ခဲ့ရာ ယခုအခါအနုပညာလှုပ်ရှားမှုအသစ်တစ်ရပ်အနေဖြင့် ကမ္ဘာကျော် "Marie Claire"မဂ္ဂဇင်း၏ မျက်နှာဖုံးရှင်အဖြစ် ဖော်ပြခြင်းခံခဲ့ရကာ မျက်နှာဖုံးရှင် ဖြစ်လာခဲ့သည်။

မိုင်လီဆိုင်းရပ်စ်သည် အဆိုပါမဂ္ဂဇင်း၏စက်တင်ဘာလထုတ်မဂ္ဂဇင်း မျက်နှာဖုံးရှင်အဖြစ် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။

စက်တင်ဘာလထုတ်ယင်းမဂ္ဂဇင်းတွင် မိုင်လီဆောင်ရွက်လျက်ရှိသော အိမ်ရာမဲ့များအတွက် တည်ထောင်ထားသည့် "Happy Hippie"ဖောင်ဒေးရှင်းနှင့် ပတ်သက်သည့်အကြောင်းအရာများနှင့် သူ၏ပုဂ္ဂိုလ်ရေးအချက်အလက်များကို ထည့်သွင်းဖော်ပြသွားမည်ဖြစ်ကြောင်းသိရသည်။

## အမေရိကန်ဒေါ်လာ သုံးသိန်းကျော်တန်ဖိုးရှိ ဖိနပ်ကို ဝယ်ယူခဲ့တဲ့ ဘီယွန်းစေး





အမေရိကန်ပေါ့ပ်အဆိုတော် ဘီယွန်းစေးဟာ နောင်ထွက်ရှိမယ့်သူရဲ့တေးအယ်လ်ဘမ်အတွက် တေးဗီဒီယို ရိုက်ကူးရာမှာ ဝတ်ဆင်ဖို့ ရည်ရွယ်ကာ အမေရိကန် ဒေါ်လာ ၃၁၂၀၀၀ တန်ဖိုးရှိ စိန်တွေနဲ့ စီခြယ်အလှဆင်ထားတဲ့ ဖိနပ်ကို ဝယ်ယူခဲ့ပါတယ်။

အဆိုပါဖန်စီဖိနပ်ဟာ အင်္ဂလန်အခြေစိုက် ကုမ္ပဏီတစ်ခုဖြစ်တဲ့ "House of Borgezie"က ဖန်တီးထုတ်လုပ်တဲ့ဒီဇိုင်းဖြစ်ပြီး တလက်လက်တောက်ပကာ ညီညီညာညာသွယ်တန်းနေတဲ့ စိန်အလုံးပေါင်း ၁၃၁၀လုံးနဲ့ ဖိနပ်ကို အလှဆင်ထားကြောင်း နယူးစ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ယင်းကုမ္ပဏီပိုင်ရှင် ခရစ်ရှယ်လစ်က "တစ်စုံတစ်ယောက်ဟာ ကိုယ်ကိုယ်တိုင်ဖန်တီးထားတဲ့ လက်ရာတွေအတွက် ဝတ်ဆင်ပြသပေးမယ့် မော်ဒယ်တစ်ယောက်ကို ရွေးချယ်ချင်တယ်ဆိုရင် ကျွန်တော့်အမြင်မှာတော့ ဘီယွန်းစေးထက် ပိုသင့်တော်တဲ့သူမရှိပါဘူး"လို့ ဆိုခဲ့ပါတယ်။

"the Princess Constellation stilettos"လို့ အမည်ပေးထားတဲ့ အဆိုပါဖိနပ်ကို ကမ္ဘာ့အလှပဆုံးသော အဆင်တန်ဆာဒီဇိုင်းများကို ဖော်ပြပေးတဲ့ ဝက်ဘ်ဆိုက်တစ်ခုဖြစ်တဲ့ "the jeweller's"က ရှစ်ခုမြောက်ကမ္ဘာ့အံ့ချီးဖွယ်လက်ရာအဖြစ် ဖော်ပြခဲ့ပါတယ်။

## အီဂျစ်ရုပ်သံလိုင်းမှာ ထုတ်လွှင့်ပြသသွားမယ့် ကိုရီးယားရုပ်သံဇာတ်လမ်းတွဲ



တောင်ကိုရီးယားရုပ်သံဇာတ်လမ်းတွဲတစ်ခုဖြစ်သော "You Who Came From the Stars"ကို အီဂျစ်နိုင်ငံပိုင်ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကာ ထိုသို့ပြသခြင်းသည် (၇)နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ကိုရီးယားရုပ်ရှင်ကို ပြန်လည်ပြသခြင်းဖြစ်ကြောင်း အီဂျစ်နိုင်ငံဆိုင်ရာ ကိုရီးယားသံရုံးက ပြောကြားခဲ့သည်ကို ကိုရီးယားမီဒီယာများက ဖော်ပြခဲ့သည်။

အဆိုပါရုပ်ရှင်ကို တောင်ကိုရီးယားနိုင်ငံနှင့် အီဂျစ်နိုင်ငံတို့အကြား သံတမန်ဆက်ဆံရေးကို ထူထောင်ခဲ့သည့် နှစ်(၂၀)ပြည့် အထိမ်းအမှတ်အဖြစ် ပြသခြင်းဖြစ်ကာ အီဂျစ်နိုင်ငံတွင် ၂၀၀၈ခုနှစ်က တောင်ကိုရီးယားရုပ်ရှင် " My Name Is Kim Sam Soon"ကို နောက်ဆုံးအကြိမ်ထုတ်လွှင့်ပြသခဲ့ဖူးသည်။

## ရုပ်မြင်သံကြားအစီအစဉ်များ

၁၆ - ၈ -၂၀၁၅ (တနင်္ဂနွေနေ့)

### မြဝတီ

၆:၀၃ တရားတော်
၆:၁၅ မေတ္တာပို့
၆:၂၅ ဓမ္မပူဇာတေး
၈:၁၅ စိုက်ပျိုးသုတ
၈:၂၅ DVD Hits
၈:၃၅ အင်္ဂလိပ်စာသုတ
၁၁:၁၅ Lucky Door
၁၂:၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပျော်ရွှင်ခြင်းအိပ်မက်များဆီသို့"
၁:၁၉ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်သောကွန်မန်ဒို" (အပိုင်း-၃)
၄:၂၅ လျှပ်တစ်ပြက်
၄:၃၅ သီဆိုဖြေဖျော် တစ်ကိုယ်တော်
၄:၅၅ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၀၀ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဂါလီမာ" (အပိုင်း-၅၃)
၅:၄၀ ဒီဇိုင်နာတို့ရဲ့ ဒီဇိုင်း
၆:၁၀ ဘဝကြေးမုံ
၆:၃၅ လူစွမ်းစားခရီးသွားနေသည်
၇:၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကျောင်းဒိုဂျွန်း" (အပိုင်း-၁၈)
-VOA အင်္ဂလိပ်စာသင်ခန်းစာ
-ပဟေဠိနန်းတော်
-ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အဆုံးမရှိ(အပိုင်း-၁၂)

### MRTV - 4

၅:၀၀ ပဋ္ဌာန်းပါဠိတော်+ ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၁၀:၅၀ 4 TV နွေးထွေးသော ကမ်းလက်များ
၁၁:၀၀ Star တို့ရဲ့လက်ရာ
၁၁:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်သူစုန်းမလေး" (အပိုင်း-၁၇+၁၈)
၂:၂၀ Thai Fight
၃:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၂၃)
၄:၄၅ I Got It
၅:၀၅ East and West Episode-1
၆:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ"(အပိုင်း-၂၄)
၇:၂၀ Fashion Week
၇:၄၀ Thai Fight
၈:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှာ ပွင့်သောပန်း " (အပိုင်း-၅၆)
၉:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်သူစုန်းမလေး" (အပိုင်း-၁၉+၂၀)
၁၀:၃၅ Sunday Talk (ဦးဝင်းမြတ်ဦး၊ မျိုးမြတ်သူ)
၁၁:၁၅ MRTV-4 Stage
၁၁:၄၀ တန်ခိုးကြီးဘုရားစေတီပုထိုးများ (ဆုတောင်းပြည့် ကျိုက္ခမီ ရေလယ်ဘုရား)

### mitv

- Unique Pattern Of Myanma... A Trend Of Chin Traditional Dress
- Size Does Matter: Elephants in Focused (Part-1)
- Size Does Matter Elephants in Focused (Part-2)
- Travelogue: To My Dream City (Part-1)
- Well-trained Elephants
- Kayin Child Boxer
- "Myanmar's Traditions and Culture" Novicehood in Myanmar
- Food Trip (Ep-5) (Part-1)
- Today Myanmar: Impacts of Social Media
- An Aficionado Of Alluring Antiques
- Great Shwedagon- Historic And Mysterious Places
- [Doctor] [Painter]
- The Long-Lasting Royal Tradition
- Next Weekend
- Let's Cook (Episode- 11)
- Sitagu International Buddhist Academy (Part-3)
- Egg Shell
- The Pride of Myanmar "Traditional Handicraft"
- Discovering Tribes "Gaybar Kayin"
- Sagaing: Gold Leaf

# ယခုနှစ်ပရီမီယာလိဂ်ချန်ပီယံအဖြစ် မန်ယူသာ အောင်ပွဲခံမည်



ဗြိတိန်ဘောလုံးကျွမ်းကျင်ပညာရှင် မစ္စတာ ရောဘီဆက်ဗေ့ဂျ်က ယခုနှစ်ဘောလုံးရာသီတွင် မန်ယူသာ ပရီမီယာလိဂ်အမှတ်ပေးဇယားနံပါတ်(၁)နေရာကို ရယူ၍ ချန်ပီယံအဖြစ်အောင်ပွဲခံနိုင်မည်ဟု ခန့်မှန်းပေးထားသည်။ သူ၏အမြင်အရ မန်ယူသည်ရှေ့၊ နောက်၊ အလယ်၊ ဂိုးသမားနေရာ အားလုံးတွင် အလုံးစုံပြီးပြည့်စုံသည့် လူစာရင်းကိုပိုင်ဆိုင်ထားပြီး ဖြစ်သောကြောင့် နည်းပြဗန်ဟားလ်၏ အတွေ့အကြုံကောင်းများနှင့်ပေါင်းစပ်လိုက်ပါက မန်ယူသာ ချန်ပီယံဖြစ်လာမည်ဟု ဖော်ပြထားသည်။

လက်ရှိတွင်လည်း ဘောလုံးပရိသတ်များအနေဖြင့် မန်ယူ၏တိုက်စစ်အင်အားပြည့် သွင်းဂိုးအမြောက်အမြားများကိုမမြင်တွေ့ရသေးသော်လည်း ယမန်နှစ် ရာသီအစ ရလဒ်များ ဆိုးရွားမှုကိုချေဖျက်နိုင်ခဲ့ကာ နှစ်ပွဲကစားပြီးချိန်တွင် နှစ်ပွဲလုံးအနိုင်ရကာရမှတ်ပြည့်ဖြင့် ပရီမီယာလိဂ်ဖလားလမ်းကြောင်းမှန်ပေါ်တွင် အကောင်းဆုံးအနေအထားတစ်ရပ်အား ပိုင်ဆိုင်ထားဆဲဖြစ်သည်။

မန်ယူ၏တိုက်စစ်တွင် ရွန်းနီ၊ ဒီပေးတို့သည် ကစားဟန်မတူကြသော်လည်း ကြောက်စရာအကောင်းဆုံးတိုက်စစ်အတွဲဖြစ်လာမည်ဖြစ်သလို စတိုင်ဂါနှင့် ရှနိုက်ဒါလင်တို့ကြောင့် ကွင်းလယ်အဖျက်နေရာအတွက် စိတ်ချရပြီးဖြစ်ကြောင်း၊ ဂိုးသမားရိုမီယိုမှာ ကမ္ဘာ့ထိပ်တန်းဂိုးသမားတစ်ဦးဖြစ်ခြင်းကြောင့် ဒီဂီယာမရှိလျှင်လည်း အသင်း၏ဂိုးပေါက်ကို လုံလောက်စေမည့်သူဖြစ်ကြောင်းဆက်လက်သုံးသပ်ဖော်ပြထားသည်။သို့သော် မန်ယူ၏အားနည်းချက်တစ်ခုမှာ တိုက်စစ်တွင် ရွန်းနီတစ်ဦးတည်းကိုသာ အားကိုးအားထားပြုနေလျှင် ပျမ်းမျှပွဲငါးဆယ်လောက်ကစားရသော ဘောလုံးရာသီတစ်ရာသီအတွက် မလုံလောက်သောကြောင့် ပရီမီယာလိဂ်ကစားဟန်နှင့်အံဝင်နိုင်မည့် ထိပ်တန်းတိုက်စစ်မှူးတစ်ဦးအားထပ်မံဝယ်ယူရန်လိုအပ်နေသေးသည်ဟု ချဉ်းကပ်ပြထားသည်။

သို့သော် လက်ရှိချန်ပီယံ ချယ်လ်ဆီးမှာ တိုက်စစ်ပြဿနာကိုသေချာပေါက်ကြုံတွေ့ရမည်ဖြစ်ပြီး ကော်စတာကြံ့ခိုင်မှုမပြည့်ဝချိန်တွင် ရာမီနှင့် ဖယ်လ်ကာအိုတို့နှစ်ဦးတည်းဖြင့် ချန်ပီယံဆုကိုကာကွယ်ရန်မလုံလောက်သောကြောင့် အဆင့်(၃)နေရာဖြင့်သာရာသီသိမ်းနိုင်မည်ဟု ဆက်လက်ခန့်မှန်းပေးထားသည်။

အာဆင်နယ်၏ အဓိကလိုအပ်ချက်မှာတိုက်စစ်နေရာဖြစ်ပြီး တိုက်စစ်မှူးဂီရောဒ် ဂိုးပေါက်ပျောက်နေချိန်တွင် အသင်း၏ကွင်းလယ်ကစားသမားများ၏ သွင်းဂိုးများဖြင့် အသက်ရှူချောင်နေရခြင်းဖြစ်ရာ ယခုနှစ်တွင် ထိပ်တန်းတိုက်စစ်မှူးတစ်ဦးအား မဝယ်ယူနိုင်ပါက ယမန်နှစ်များအတိုင်းပင်ပရီမီယာလိဂ်ဖလားအား လက်တစ်ကမ်း အလိုဖြင့်ပင် လက်လွှတ်ရမည်ဖြစ်၍ အဆင့်(၂)နေရာဖြင့် ရာသီသိမ်းနိုင်မည်ဟု ဆက်ဗေ့ချ်က သုံးသပ်ထားသည်။

၎င်း၏ ခန့်မှန်းချက်အရ လီဗာပူးက စတုတ္ထ၊ မန်စီးတီးက ပဥ္စမနှင့် စပါးကဆဌမနေရာတို့တွင် အသီးသီးရပ်တည်နိုင်မည်ဖြစ်ပြီး တန်းတက်သုံးသင်းစလုံးလာမည့်နှစ်တွင် တန်းပြန်ဆင်းရမည်ဟု ဖော်ပြထားသည်။

**မေလှဲ့သင်း**

# ဆိုဒါဒို ဗီလာရီးယဲလ်သို့ ပြောင်းရွှေ့ရန် သဘောတူညီမှုရရှိ

ပရီမီယာလိဂ်ကလပ် စပါးအသင်းသည် တိုက်စစ်မှူးဆိုဒါဒိုအား ဗီလာရီးယဲလ်အသင်းသို့ ရောင်းချမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးနောက် တိုက်စစ်မှူးဆိုဒါဒိုအနေဖြင့် ဗီလာရီးယဲလ်သို့ ပြောင်းရွှေ့ကစားရန်သဘောတူညီမှုရရှိခဲ့ပြီဖြစ်သည်။

အသက်(၃၀)အရွယ်ရှိပြီဖြစ်သည့် တိုက်စစ်မှူးဆိုဒါဒိုသည် ၂၀၁၃ ခုနှစ်အတွင်းက စပိန်ကလပ် ဗလင်စီယာအသင်းမှ အသင်း၏စံချိန်တင် ပြောင်းရွှေ့ကြေးပေါင် ၂၆ သန်းဖြင့် စပါးအသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်သည်။ သို့ရာတွင် စပါးအသင်း၌ ပုံမှန်ပွဲထွက်ကစားခွင့်ပျောက်ဆုံးခဲ့ရခြင်းကြောင့် စပိန်မြေသို့ ပြန်လည်ခြေချရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဆိုဒါဒိုသည် စပါးအသင်းသို့ ပြောင်းရွှေ့လာခဲ့စဉ်က လေးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆိုခဲ့သော်လည်း စပါးအသင်း၌ ကစားခဲ့သည့်ကာလအတွင်း အခက်အခဲများကိုရင်ဆိုင်ခဲ့ရသူဖြစ်ပြီး စပါးအသင်းတွင် ပွဲပေါင်း ၅၂ ပွဲပါဝင်ကစားပေးခဲ့ရာ သွင်းဂိုး ခုနစ်ဂိုးသာသွင်း ယူပေးနိုင်ခဲ့သည်။

ဆိုဒါဒိုသည် ဗလင်စီယာတွင် မွေးဖွားခဲ့သူဖြစ်သော်လည်း ၎င်း၏ကစားသမားဘဝစတင်မှုမှာမူ ရီးယဲလ်မက်ဒရစ်အသင်း၌ စတင်ခဲ့သူဖြစ်သည်။ တိုက်စစ်မှူး ဆိုဒါဒိုသည် ရီးယဲလ်မက်ဒရစ်လူငယ်အသင်းတွင် ပွဲပေါင်း ၁၂၀ ကစားပေးခဲ့ပြီး သွင်းဂိုး ၆၃ ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

**ငွေကြယ်**

# မဖြစ်နိုင်သည်ကို ဖြစ်အောင်လုပ်ဆောင်ပြမည့် ဖာရာရီ



ဖာရာရီအသင်းမှ ဖော်မြူလာဝမ်းကြယ်ပွင့် ဗက်တယ်လ်က ဖာရာရီအနေဖြင့် မာစီဒီးစ်အသင်းအားနောက်ကောက်ချကာ မဖြစ်နိုင်သည်ကို ဖြစ်နိုင်အောင်လုပ်ဆောင်ပြပြီး ဖော်မြူလာဝမ်းကမ္ဘာ့ချန်ပီယံဆုကို အရယူသွားမည်ဟု ပြောကြားလိုက်သည်။ ဟန်ဂေရီဂရင်းပရီတွင် ဗက်တယ်လ်မှာ ရမှတ်၄၂မှတ်ဖြင့် အဆင့်(၁)နေရာရရှိခဲ့သလို မလေးရှားဂရင်းပရီ၌လည်း ဗိုလ်စွဲခဲ့သေးသည်။

ဖာရာရီနည်းပညာ ဒါရိုက်တာ အလီဆန်ကလည်း နားရက်ရသည့်နှစ်ပတ်တာကာလအတွင်း နည်းပညာဆိုင်ရာ ပံ့ပိုးမှုပိုမိုကောင်းမွန်ရန် ပြန်လည်သုံးသပ်သွားမည်ဖြစ်ကြောင်း၊ ရာသီအစ ရလဒ်များမကောင်းခဲ့သော်လည်း တဖြည်းဖြည်းနှင့် လမ်းကြောင်းမှန်ပေါ်ပြန်လည်ရောက်ရှိလာပြီဖြစ်ကြောင်း၊ ဖော်မြူလာဝမ်းလောကအား မာစီဒီးစ်အသင်းသာလွှမ်းမိုးနေသည်မှာ ပရိသတ်စိတ်ဝင်စားမှုကို လျော့ကျစေကြောင်းပြောကြားခဲ့သည်။

ဗက်တယ်လ်မှာကမ္ဘာ့ချန်ပီယံအဖြစ် လေးကြိမ်ကြိမ်တိုင်တိုင် ချန်ပီယံဖြစ်ခဲ့သူဖြစ်ရာ သူ့ကိုယ်သူပင် ဂျာမနီဖော်မြူလာဝမ်းဂန္ထဝင်ကစားသမားမိုက်ကယ်ရှူးမေကာ၏ ခြေရာကိုနင်းနိုင်သူဟု ပြောကြားခဲ့သူဖြစ်သည်။ လက်ရှိတွင် ဖော်မြူလာဝမ်းလောကအား မာစီဒီးစ်နှင့် မာစီဒီးစ်အသင်းသားများကသာ လွှမ်းမိုးနေပြီး ဖာရာရီအပြင် မက်ဂ်လာရင်၊ရက်ဘူးလ်နှင့် ဝီလျံအသင်းများမှာလည်း နည်းပညာပိုင်းအပြင် ကစားသမားဖွဲ့စည်းနိုင်မှုအပိုင်းတွင်ပါ မာစီဒီးစ်အသင်းအား ယှဉ်ပြိုင်နိုင်မှုအားနည်းနေသည်။

ဗက်တယ်လ်က“ ကျွန်တော်နဲ့ရှူးမေကာတို့မှာတူညီတဲ့ အချက်ကတော့ နှစ်ဦးလုံးဟာ ဂျာမနီနိုင်ငံသားတွေဖြစ်သလို ဖာရာရီအသင်းအခက်အခဲနဲ့ကြုံနေချိန်မှာ ရောက်ရှိလာကြတာပါ။ ပြီးတော့ တစ်ကိုယ်တော်အောင်မြင်မှုဆိုတာထက် အသင်းလိုက်စိတ်ဓာတ်ကိုပဲ ပိုပြီးဦးစားပေးယှဉ်ပြိုင်ဖို့ ပိုပြီးစိတ်အားထက်သန်ကြသူတွေပါ။ ကျွန်တော့်အနေနဲ့ ဖာရာရီအသင်းနဲ့အတူ ကမ္ဘာ့ချန်ပီယံဖြစ်လိုပါတယ်။ အတိတ်ကရရှိခဲ့တဲ့ မှော်ဆန်တဲ့အောင်မြင်မှုတွေကို ပြန်ပြီး ရလိုပါတယ်” ဟုဆိုခဲ့သည်။

ဂရင်းပရီအရပ်ရပ်တွင် ရမှတ် ၂၀၂ မှတ်ဖြင့် ဦးဆောင်နေသူ မာစီဒီးစ်ကြယ်ပွင့်ဟာမီလ်တန်က ဟန်ဂေရီဂရင်းပရီမှ အမှားအတွက်၎င်းအနေဖြင့် တာဝန်ယူကြောင်း၊ ဩဂုတ်၂၃ရက်၌ စတင်မည့် ဘယ်လ်ဂျီယံဂရင်းပရီမှ အစပြု၍ ၁၄ပတ်အကြာတွင် ပြီးဆုံးမည့် အဘူဒါဘီဂရင်းပရီအထိအကောင်းဆုံးစွမ်းဆောင်ရည်ဖြင့် မာစီဒီးစ်အသင်းကိုသာ ကမ္ဘာ့ချန်ပီယံဖလားဆွတ်ခူးစေမည်ဟု ကတိပြုပြောကြားထားသည်။

ဝီလျံအသင်းမှ ဖာရာရီအသင်းသို့ ပြောင်းရွှေ့မည်ဟု သတင်းထွက်နေသော ဘော့တပ်စ်ကပင် ဗက်တယ်လ်၏ရည်ရွယ်ချက်မှာကောင်းမွန်သော်လည်း ကျန်ရှိသည့် ဂရင်းပရီကိုးခုတွင်လည်း ဖာရာရီအသင်းအနေဖြင့်မာစီဒီးစ်ကို ကျော်လွန်၍ ချန်ပီယံဆုဖလားရယူရန်မှာ မည်သို့မျှမဖြစ်နိုင်သော ကိစ္စရပ်သာဖြစ်သည်ဟု မှတ်ချက်ပြုခဲ့သည်။

ကျင်းပပြီးစီးခဲ့သည့်ဂရင်းပရီ၁၀ပွဲတွင် မာစီဒီးစ်အသင်းမှ ဟာမီလ်တန်နှင့်ရော့စ်ဘတ်တို့က ရှစ်ပွဲ၊ ဖာရာရီအသင်းမှ ဗက်တယ်လ်က နှစ်ပွဲသာ ဗိုလ်စွဲထားရာ ယေဘုယျအားဖြင့် ကမ္ဘာ့ချန်ပီယံဆုကို မာစီးဒီးစ်အသင်းကပင် ထပ်မံသိမ်းပိုက်သွားရန် အခွင့်သာနေခြင်းဖြစ်သည်။

**ရှိုင်ယန်ဟေဒင်**

## အားကစားလောကသတင်းတိုများ

- မန်စီးတီးတိုက်စစ်မှူးဟောင်း ဒီဇီကိုသည် ရိုမားအသင်း အတွက်ပွဲဦးထွက်အဖြစ်ကစားခဲ့သော ဆီဗီလာနှင့် ချစ်ကြည်ရေး ခြေစမ်းပွဲမှာပင် သွင်းဂိုးနှစ်ဂိုးသွင်းယူနိုင်ခဲ့သည်။
- ကမ္ဘာ့အဆင့်(၁)တင်းနစ်မယ်ဆရီနာဝီလျံက ဂရင်းစလင်းဖလားလေးလုံးအား တစ်ဆက်တစ်စပ်တည်း ဆွတ်ခူးနိုင်ခဲ့ပြီးနောက် ၎င်းမှာ ရော်ဂျာဖက်ဒရာကဲ့သို့ပင် ဂန္ထဝင်တင်းနစ်ကစားသမားဖြစ်သည်ဟုဆိုခဲ့သည်။
- ခရစ္စတယ်ပဲလေ့စ်နှင့်ကစားမည့် ပရီမီယာလိဂ် ပွဲစဉ် အား ဆန်းချက်ဇ် ဝင်ရောက်ကစားရန်အသင့်ရှိနေပြီဟု အာဆင်နယ်နည်းပြ ဝင်းဂါးက အတည်ပြုခဲ့သည်။





## ဘေးအန္တရာယ်ဖြစ်စေသော စကောဘား၊ သံတုတ်၊ လေးခွနှင့် ကုန်းသီးများ ယာဉ်ပေါ်တွင်တွေ့ရှိသဖြင့် အရေးယူ

**ရန်ကုန်　သြဂုတ်　၁၅**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့အနေဖြင့် မှုခင်းကြိုတင်ကာကွယ်ရေးနှင့် ဒုစရိုက်မှုများမဖြစ်ပွားစေရေးအတွက် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၏ စီမံကွပ်ကဲမှု၊ ခရိုင်ရဲတပ်ဖွဲ့မှူးများ၏ အနီးကပ်ကြပ်မတ်မှုဖြင့် မြို့နယ်များတွင် Mobile စနစ်ဖြင့် ယာဉ်စစ်ပိတ်ဆို့စစ်ဆေးဆောင်ရွက်ခြင်း၊မသင်္ကာဖွယ်စိမ်းများစစ်ဆေးခြင်းများကို သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့်ပူးပေါင်း၍ ဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်များတွင် သယ်ယူလာသည့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခြင်း၊ ဘေးအန္တရာယ်ဖြစ်စေသော တုတ်၊ ဓားလက်နက်များ သိမ်းဆည်းရမိပြီး အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။

သြဂုတ် ၁၄ ရက် ည ၁၁ နာရီ မိနစ်၅၀ ခန့်တွင် မရမ်းကုန်းမြို့မ ရဲစခန်းမှတပ်ဖွဲ့ဝင်များသည် မရမ်းကုန်းမြို့နယ် ပြည်လမ်း ၈ မိုင်လမ်းဆုံအနီး၌ ယာဉ်ပိတ်ဆို့ရှာဖွေစဉ် အင်းစိန်မြို့နယ်နေ အောင်သူရ (၂၀)နှစ် မောင်းနှင်လာသော EE ---- passo အငှားယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်မောင်း၏ ထိုင်ခုံဘေးမှအရှည် နှစ်ပေ နှစ်လက်မခန့်ရှိ သံတုတ်တစ်ချောင်း၊ ယာဉ်၏ရှေ့ခန်းတွင် လိုက်ပါစီးနင်းသူ အင်းစိန်မြို့နယ်နေ ဇော်ထက်(ခ)ဇော်ကြီး(၄၂)နှစ်ထံမှ အရိုးအသွား တစ်ပေခန့်ရှိ သုံးမြောင့်စကောဘားတစ်ချောင်း၊ ယာဉ်၏နောက်ခန်းတွင် လိုက်ပါစီးနင်းသူ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေ ကျော်နိုင်(၅၄)နှစ်ထံမှ လေးခွတစ်လက်နှင့် ကုန်းသီး ၁၈ လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် မရမ်းကုန်းမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိသည်။

**(ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့)**



**မူးယစ်ကင်းစင် အောင်ပွဲဆင်**

မျိုးမြတ်သူ A/C Express
မန္တလေး၊ပြင်ဦးလွင် ကျောက်စိမ်းဘုရား
24 Aug တောင်ပြုံးပွဲနှင့်တောင်ကြီးအင်းလေး
65000
22.8 22500
09254058712, 0931568500

# ရေဘေးသင့်ပြည်သူများသို့ ကူညီလှူဒါန်းမှုများအတွက် ကျေးဇူးတင်လွှာ

၂၀၁၅ခုနှစ်၊ ဇွန်လမှ သြဂုတ်လအတွင်း မြန်မာနိုင်ငံတစ်ဝန်းဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများကြောင့် အတိဒုက္ခကြုံတွေ့ရသည့် ပြည်သူများကို စာနာသောစိတ်ထား၊ မွန်မြတ်သော စေတနာသဒ္ဓါတရားတို့ဖြင့် ပြည်တွင်း/ပြည်ပရှိ ရဟန်းရှင်လူပြည်သူများ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးဌာနအသီးသီးမှ ပြည်ထောင်စုဝန်ကြီးများနှင့်ဝန်ထမ်းများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊တပ်မတော်သားမိသားစုများ၊ အထူးဒေသအဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ ပြည်တွင်း/ ပြည်ပကုမ္ပဏီများနှင့် လူမှုရေးအဖွဲ့အစည်းများ၊ ဖောင်ဒေးရှင်းများအပါအဝင် နိုင်ငံအသီးသီး/အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းအသီးသီးတို့က တစ်ဦးချင်းသော်လည်းကောင်း၊ အသင်းအဖွဲ့လိုက်သော်လည်းကောင်း လုပ်အားဒါနပေးလှူခြင်း၊ အလှူငွေနှင့်ပစ္စည်းများ ထောက်ပံ့ကူညီလှူဒါန်းခြင်းများအတွက် ရေဘေးသင့်ပြည်သူများနှင့်တကွ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ကျေးဇူးဥပကာရ တင်ရှိပါကြောင်းနှင့် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါကြောင်း လေးစားစွာအသိပေးဖော်ပြအပ်ပါသည်။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ**
**လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

လက်ကမ်းပေးကူ သဒ္ဓါဖြူ ချယ်ရီဦးနှင့်လှူ
ချယ်ရီဦး တွင်နာရီဝယ်ယူရင်း ရေဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းနိုင်မည့်အခွင့်အရေး...
LET'S SAVE OUR PEOPLE
ချယ်ရီဦး နာရီဆိုင်များတွင်(၁၅.၈.၂၀၁၅ မှ ၃၀.၉.၂၀၁၅)အတွင်း ရောင်းရငွေများမှ (၃%)ကို ဖျာဝေ၍ ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးအစီအစဉ်များတွင် ချယ်ရီဦး Customer များ၏အလှူအနေဖြင့် လှူဒါန်းပေးသွားမည်ဖြစ်ပါသည်။
ချယ်ရီဦး Customer များ၏ ရေဘေးသင့်ပြည်သူများအတွက် အလှူကို သတင်းမီဒီယာများမှ အတိအလင်းဖော်ပြပေးသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။
CHERRY OO : 01 381751,01 375491, 09 73145658, 02 72992 .
www.cherryoo.com
cherryoowatchgallery

အရည်အချင်းရှိသော
အင်ဂျင်နီယာ ကြယ်တစ်ပွင့် ဖြစ်လိုသူတိုင်း
iSTAR ENGINERING COLLEGE
SQA Approved
နိုင်ငံတကာ အသိအမှတ်ပြု အင်ဂျင်နီယာ ဒီပလိုမာ
HND (UK)
ကျောင်းသစ်ဖွင့်လှစ်ခြင်း အထိမ်းအမှတ် အဖြစ်
scholarship 20%
09 2565 64 687
09 79700 5384-5
Blk (15-17), Room No. 11 (A), Bang Bang Condo အပေါ်ဆုံးထပ်၊
အင်းစိန်လမ်းမ၊ (လှည်းတန်းမှတ်တိုင်ရှေ့)တွင် အသစ်ဖွင့်လှစ်လိုက်ပါပြီ၊
www.facebook.com/i.STAREduHub
Time-Table (Sept-Oct Intake)
Full Time: Mon - Thurs(9 am to 4 pm)
Part Time: Thurs - Sun(2 pm to 7pm)
စိတ်ဝင်စားသူမိဘများ၊ အနေနှင့် ရုံးဖိတ်ရက် အားလပ်ချိန်များတွင် ကိုယ်တိုင်လာရောက် ဆွေးနွေးနိုင်ပါသည်။ဘာသာရပ် ဆွေးနွေးချိန်
Sat & Sun (9 am to 6 pm)
Mon - Friday (7-8 am or 6 - 8 pm)

**ပြည်တွင်းရေးရာ**

## Mobile Library လုပ်ငန်းများကွင်းဆင်းဆောင်ရွက်

**ကော့သောင်း ဩဂုတ် ၁၅**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာကြည့်တိုက်သို့ မလာရောက်နိုင်ကြသည့် စာပေမြတ်နိုးသူ စာဖတ်ပရိသတ်များ လက်ဝယ်အရောက် ဝန်ဆောင်မှုပေးသည့် Mobile Library ရွေ့လျားစာကြည့်တိုက်စနစ်ဖြင့် ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက သီရိမြိုင်ရပ်ကွက် မူလတန်းလွန်ကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများ စာပေဖတ်ရှုနိုင်ရေးကို ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ပြည်သူ့ဗဟိုပြု နယ်လှည့်စာကြည့်တိုက်အဖြစ် သုတရသစာအုပ်စာပေများ လိုက်လံငှားရမ်းဖတ်ရှုစေခြင်းလုပ်ငန်း ဆောင်ရွက်ပေးသဖြင့် ကျောင်းသား၊ ကျောင်းသူကလေးငယ်များအကြား စာဖတ်ခြင်းအလေ့အထ ရှင်သန်လာခြင်း၊ အသိဉာဏ်အမြော်အမြင် ကြွယ်ဝလာကာ အမှားအမှန် ဝေဖန်ပိုင်းခြားတတ်လာခြင်း၊ စာဖတ်သူဦးရေတိုးပွားလာကာ ဗဟုသုတအကြားအမြင် ကျယ်ပြန့်လာ၍ အနာဂတ်လူငယ်မျိုးဆက်သစ်များ ကျောင်းပညာအားဆည်းပူးရင်း ပြင်ပဗဟုသုတဖြစ်ဖွယ်များ လေ့လာသိရှိခွင့်ရရှိလာမည်ဖြစ်သည် ။

**ကော့သောင်း(ပြန်/ဆက်)**

# ရွှေပေါက်ကျွန်း သာသနာပြုစခန်း သာသနာ့နယ်မြေအတွင်း နေထိုင်ကြသူများ မဲစာရင်းတွင်ပါဝင်နိုင်ရေး ပုံစံ(၃-က)ဖြန့်ဝေ

**မလှိုင် ဩဂုတ် ၁၅**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ရွှေပေါက်ကျွန်းသာသနာပြုစခန်း သာသနာ့နယ်မြေအတွင်း အိမ်ထောင်စုဇယားမရှိဘဲ ရက်ပေါင်း ၁၈၀ အထက် နေထိုင်ကြသူများ ဆန္ဒမဲပေးနိုင်ရန် မဲစာရင်းတွင် ပါဝင်နိုင်ရေး တောင်းဆိုလွှာ ပုံစံ(၃-က) ဖြန့်ဝေရေးသွင်းခြင်းကို ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက ရွှေပေါက်ကျွန်း သာသနာပြုစခန်းရှိ ဇာတ်ရုံ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးသန့်ဇော်က ရွှေပေါက်ကျွန်းသာသနာပြုစခန်း သာသနာ့နယ်မြေအတွင်း နေထိုင်ကြသူ နိုင်ငံသားများ ဆန္ဒမဲပေးပိုင်ခွင့် အခွင့်အရေးမဆုံးရှုံးစေရန် မဲစာရင်းတွင် ပါဝင်နိုင်ရေးအတွက် လာရောက်ရခြင်းဖြစ်ကြောင်းနှင့် ရွေးကောက်ပွဲဥပဒေပါ အချက်အလက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာသူများအား မဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုလွှာပုံစံ (၃-က) များ ဖြန့်ဝေပေးခဲ့ပြီး ပုံစံရေးသွင်းခြင်းကို ကူညီဆောင်ရွက်ပေးခဲ့သည်။

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် မလှိုင်မြို့နယ်၌ မဲဆန္ဒနယ်မြေ နှစ်ခုထားရှိသည်။ မဲဆန္ဒနယ်မြေ (၁) တွင် မဲရုံ ၉၈ ရုံ၊ မဲဆန္ဒနယ်မြေ (၂)တွင် မဲရုံ ၁၀၄ ရုံ စုစုပေါင်း ၂၀၂ ရုံထားရှိပြီး အသက် ၁၈ နှစ်ပြည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ တစ်သိန်းတစ်သောင်းကျော် ရှိကြောင်း သိရသည်။

**အောင်ငွေး(မလှိုင်)**

# ရေများ နေ့စဉ်တိုးဝင်လာမှုကြောင့် ကျုံပျော်တွင် ရေနစ်မြုပ်မှုများ ထပ်မံဖြစ်ပေါ်

**ကျုံပျော် ဩဂုတ် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ဒါးကချောင်းရေနှင့်မြစ်ရေများ တိုးဝင်လာမှုကြောင့် ချောင်းနံဘေးကျေးရွာများနှင့် အနိမ့်ပိုင်းကျေးရွာများတွင် ရေဝင်ရောက်မှုများ ထပ်မံဖြစ်ပေါ်လျက်ရှိပြီး ဩဂုတ် ၁၃ ရက်အထိ စာသင်ကျောင်း ၁၉ ကျောင်းနှင့် အိမ် ၂၂၇ လုံးတို့တွင် ရေနစ်မြုပ်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။



အဆိုပါ ရေဘေးသင့်နေအိမ်များမှ ပြည်သူ ၈၈၃ ဦးတို့ကို ရေဘေးကယ်ဆယ်ရေးအဖွဲ့များက ကယ်ဆယ်ရေးစခန်း ငါးခုတွင် ရွှေ့ပြောင်းဆောင်ရွက်ပေးထားကာ ကျန်းမာရေး၊ နေထိုင်စားသောက်ရေးနှင့် လုံခြုံရေးတို့ကို မြို့နယ်မှတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အလှူရှင်များကလည်း နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိပြီး အနယ်နယ်အရပ်ရပ်မှ အလှူရှင်များကလည်း နေ့စဉ် လာရောက်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် ကျုံပျော်မြို့နယ်အတွင်း စီးဝင်လာသောရေပမာဏမှာ နေ့စဉ်များပြားလျက်ရှိသောကြောင့် အနိမ့်ပိုင်းကျေးရွာများ၊ လယ်များတွင် ရေဝင်နစ်မြုပ်မှုများ ထပ်မံဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

**နေဝင်းမြင့်(ပြန်/ဆက်)**

## ခရိုင်ချင်းဆက်လမ်းပေါ်ရှိတံတားနှင့်လမ်းများအဆင့်မြှင့်တင်ဆောင်ရွက်

**တောင်တွင်းကြီး ဩဂုတ် ၁၅**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေကျပ် ၂၃၈ ဒသမ ၃၉ သန်းဖြင့် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ခရိုင်ချင်းဆက်လမ်း အမှတ်(၁) ကားလမ်းမကြီးအား ကတ္တရာလမ်းများပြုပြင်ခင်းကျင်းခြင်း၊ တံတားခြောက်စင်း ပြုပြင်တည်ဆောက်ခြင်း၊ မိုင်တိုင်စိုက်ထူခြင်း၊ ကျောက်စီမြေကာန်ရံတည်ဆောက်ခြင်းနှင့် လမ်းများကောင်းမွန်ရေး အဆင့်မြှင့်တင်ဆောင်ရွက်နေကြောင်း သိရသည်။

အဆိုပါလုပ်ငန်းခွင်သို့ မကွေးခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ဩဂုတ် ၁၃ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

**နိုင်ဝင်း**

## ကယ်ဆယ်ရေးစခန်းများရှိ တိရစ္ဆာန်များအား ကုသပေးလျက်ရှိ

**ရေနံချောင်း ဩဂုတ် ၁၅**

ရေနံချောင်းမြို့နယ်တွင် ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ကယ်ဆယ်ရေးစခန်းများ၌ ရောက်ရှိနေသော နွားကောင်ရေ ၆၀၀၀ ကျော်ကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဆေးကုသပေးလျက်ရှိကြောင်း သိရသည်။

ဧရာဝတီမြစ်ရေ မြင့်တက်ဝင်ရောက်မှုကြောင့် ရေနံချောင်းမြို့နယ်၊ ပွင့်ဖြူမြို့နယ်နှင့် စကုမြို့နယ်များမှ နွားကောင်ရေ ၆၀၀၀ ကျော်ကို ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းသယ်ယူခဲ့ကြသည်။ အချို့သောနွားများသည် ရေထဲတွင် နှစ်ရက်ခန့်နေခဲ့ရသဖြင့် နွားအားလုံးကို ဆေးကုသစစ်ဆေးပေးလျက်ရှိသည်။

**မြို့နယ်(ပြန်/ဆက်)**


### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
### လျှပ်စစ်ဆိုင်ရာ သက်မွေးပညာသင်တန်း
### သင်တန်းအမှတ်စဉ် (၁/၂၀၁၅) သင်တန်းသား/သူခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှု ဖူလုံရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာနတို့ ပူးပေါင်း၍ လျှပ်စစ်ဆိုင်ရာ သက်မွေးပညာသင်တန်းများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။ တက်ရောက်လိုသော သင်တန်းသား/သူများအား ဖိတ်ခေါ်အပ်ပါသည်။

၂။ သင်တန်းကာလမှာ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့မှ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့အထိ ရက်သတ္တပတ် (၁၂) ပတ်ဖြစ်ပါသည်။

၃။ ရန်ကုန်တွင် သင်တန်းသား/သူ (၅၀) ဦး၊ မန္တလေးတွင် သင်တန်းသား/သူ (၅၀) ဦး သင်ကြားပေးမည်ဖြစ်ပါသည်။

၄။ ရန်ကုန်သင်တန်းကျောင်းတွင် ကျောင်းအိပ်ကျောင်းစားအဖြစ် လည်းကောင်း၊ မန္တလေးသင်တန်းကျောင်းတွင် နေ့သင်တန်းကျောင်းအဖြစ် လည်းကောင်း ဖွင့်လှစ်ပါမည်။

၅။ သင်တန်းအတွက် ကုန်ကျစရိတ်အား နိုင်ငံတော်မှ ကျခံပါမည်။

၆။ သင်တန်းဝင်ခွင့်လျှောက်ထားလိုသူများသည် အောက်ပါအချက်အလက်များနှင့်တကွ ပြည့်စုံစွာ လျှောက်ထားရမည်-

(က) သင်တန်းတက်ရောက်လိုကြောင်း လျှောက်ထားသူ၏ ကိုယ်တိုင်ရေးလျှောက်လွှာ
(ခ) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
(ဂ) ပညာအရည်အချင်း အထောက်အထား မိတ္တူ
(ဤသင်တန်းအတွက် အနိမ့်ဆုံးပညာအရည်အချင်း အဋ္ဌမတန်း အောင်မြင်ပြီးသူ ဖြစ်ရမည်။)
(ဃ) သင်တန်းစတင်ဖွင့်လှစ်သည့်နေ့တွင် (၁၈)နှစ် ပြည့်ပြီး (၃၅) နှစ်ထက်မကြီးသူဖြစ်ရမည်။
(င) ကျန်းမာရေးကောင်းမွန်ကြောင်း တိုက်နယ်ဆေးရုံ (သို့မဟုတ်) မြို့/မြို့နယ်ဆေးရုံ (သို့မဟုတ်) ဒေသန္တရဆေးခန်း တစ်ခုခု၏ ထောက်ခံချက်
(စ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း မိမိတို့နေထိုင်ရာဒေသ ရဲစခန်း၏ ထောက်ခံချက်
(ဆ) (၆) လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ (၂) ပုံ

၇။ လျှောက်လွှာများကို ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့ ရုံးချိန်နောက်ဆုံးထား၍ မန္တလေးသင်တန်းကျောင်းတွင် တက်ရောက်လိုသူများအတွက် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းရုံးသို့လည်းကောင်း၊ ရန်ကုန်သင်တန်းကျောင်းတွင် တက်ရောက်လိုသူများအတွက် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းရုံးသို့လည်းကောင်း အရောက်ပေးပို့လျှောက်ထားရမည်။

၈။ အချက်အလက်မပြည့်စုံသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ထားသော လျှောက်လွှာများနှင့် အချိန်မီမရောက်လာသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၉။ သင်တန်းသည် အချိန်ပြည့်သင်တန်းဖြစ်သည်။

၁၀။ ဆက်သွယ်နိုင်သည့်ဖုန်းနံပါတ်များ

**ရန်ကုန် - ၀၁-၂၅၅၁၄၆၊ ၂၃၀၂၀၇၁၊ ၀၉-၇၃၁၄၉၅၀၆**
**မန္တလေး - ၀၂- ၃၉၃၃၀၊ ၃၄၈၈၉၊ ၇၃၈၀၃**

### အုပ်ချုပ်မှုဝန်ထမ်းအလိုရှိသည်

ဂျပန်ကုမ္ပဏီ လက်ပတ်နာရီအစိတ်အပိုင်း ထုတ်လုပ်သော စက်ရုံတွင် အောက်ပါဝန်ထမ်းများ အမြန်အလိုရှိသည်

၁)အင်ဂျင်နီယာ (Mechanical, Electrical, Chemical) : ၁၀ ယောက်
၂)ဂျပန်စကားပြန် : ၁ ယောက်

အမှတ်စဉ်(၁)အတွက် တက္ကသိုလ်မှ ဘွဲ့ရဖြစ်ရမည်။ အင်္ဂလိပ်စကားအနည်းငယ်ပြောတတ်ရမည်။ (အဝေးသင်နှင့်ကျောင်းပြီးသူမဖြစ်ရ။)
အမှတ်စဉ်(၂)အတွက် ဂျပန်စကားကို ကျွမ်းကျင်ပိုင်နိုင်စွာ ဘာသာပြန်ပြောဆိုနိုင်ရမည်။ အလုပ်လျှောက်မည့်သူများ အောက်ပါလိပ်စာသို့ တနင်္လာနေ့မှ သောကြာနေ့ ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်သည်။

**SHOKOSHA MYANMAR CO.,LTD.**
**C4 Mingalardon Industrial Park, Mingalardon Township, Yangon, Myanmar.**
**Tel:09 254202647, 01-639061-3**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၃-စီ N)၊ မြေကွက်အမှတ် (V-၂)၊ မြေကွက်အကျယ် (အလျား ၄၀ ပေ × အနံ ၈၆ ပေ ၆ လက်မ)၊ ဧရိယာ (၀. ၀၈၀) ဧကရှိ နှစ် (၉၀) ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ ယခုအခေါ် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ် (၁၄၀) ဟု ခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို မြို့မြေစာရင်းတွင် ဒေါ်မိမိသိန်း (ခ) ဒေါ်မြင့်မြင့်သန်း အမည်ပေါက်ထားပြီး လက်ရှိပိုင်ဆိုင်နေထိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ရောင်းချသူ ဒေါ်မိမိသိန်း (ခ) ဒေါ်မြင့်မြင့်သန်း (၁၂/ တမန (နိုင်) ၀၂၂၈၄၇) ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေနှင့်အိမ် ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှု မှတ်ပုံတင်စာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်မြလှဲ့ဝင်း (အထက်တန်းရှေ့နေ) (LL.B, D.B.L)
ဖုန်း - ၀၁၉၆၆၉၀၀၄၊ ၀၉၅၁၅၁၈၃၃။
**ထက်အောင်သျှိုင်း (အိမ်ခြံမြေနှင့်ခရီးသွားဝန်ဆောင်မှု)**
**အမှတ် (၁၃)၊ ဩဘာလမ်း၊ ကျောက်မြောင်းအထက်ရပ်ကွက်၊ တာမွေမြို့နယ်။**

### ရွှေပုပ္ပါးအဆင့်မြင့်ခရီးသွားလုပ်ငန်း
### ရွှေတောင်ပြုံး(ပွဲတော်)

မန္တလေး-ပြင်ဦးလွင် ၂ညအိပ်၃ရက်ခရီး
တည်းစရိတ်ငြိမ်း ၄၅၀၀၀ကျပ်
ဖုန်း ၀၉-၄၂၀၂၀၁၀၈၃၊ ၀၉-၄၂၅၀၁၇၀၈၉၊ ၀၉-၇၃၀၂၈၅၉၇၊ ၀၉-၂၅၀၄၄၉၈၂၉
၂၄-၈-၂၀၁၅ရက်တွင် ထွက်ပါမည်။

**ဓမ္မအလင်း** တရားအသံတော် ဖြန့်ချိရေး

(MP 3ဝက်၊ USB-Micro Stick) များကို အသင့်သွင်းပြီး တရားအသံတော်များကို ဓမ္မဒါနပြုလိုသူများအတွက် သက်သာသောနှုန်းဖြင့် ဆောင်ရွက်ပေးပါသည်။

L7- ယုဇနပလာဇာ၊ မြေညီထပ်၊
PH: 01 200747, လိုင်း‌ခွဲ -1315, 09 73009841

လှူဒါန်းလိုသူများနှင့် ထမင်းကောင်းကြိုက်သူများအတွက် (တိုးတိုးတံဆိပ်) ရွှေဘိုပေါ်ဆန်းမွှေး(ရှယ်) တစ်အိတ်-၅၀၀၀၀ကျပ် ဖုန်း-၀၉-၉၇၂၃၁၅၃၃၀၊ ၀၉-၉၇၂၃၁၅၃၃၁၊ ၀၉-၉၇၂၈၉၇၈၂၈၊ ၀၉-၂၆၂၆ ၀၁၈၆၊ ရန်ကုန်မြို့တွင်းအရောက်ပို့၊ နယ်မှမှာလျှင် ကားဂိတ်ဖြင့် ပို့ပေးသည်။

### လူပျောက်ကြော်ငြာ



အဖ ဦးအောင်နိုင်၊ အမိ ဒေါ်ခင်နီလာထွေးတို့၏ သမီး အသက် (၂၀)ရှိသူ မဖူးယမုံ(ခ)မေသူသည် ၁၃-၆-၂၀၁၅ရက် နံနက်က အလုပ်သွားရာမှ ပြန်မလာဘဲ ပျောက်ဆုံးသွားပါသောကြောင့် တွေ့ရှိသူများ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ တရားမဝင် ဖြားယောင်းသွေးဆောင် ခေါ်ယူသွားသူများရှိပါကလည်း ဥပဒေနှင့်အညီအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**ဖုန်း-၀၉-၄၂၅၂၉၇၁၉၂၊ ၀၉-၄၂၀၀၃၆၉၃၃၊ ၀၉-၄၂၀၀၃၆၉၃၁**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့ ၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ သီရိလမ်း၊ မြေကွက်အမှတ်(၂၁/ဘီ)ဟုခေါ်တွင်သောမြေဧရိယာ (၄၀×၈၀)ပေ၊ (၃၂၀၀) စတုရန်းပေမြေကွက်နှင့် မြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချသူ ဒေါ်ဖုန်ဆိုက်ဘွေ (၁၃/ကခန (နိုင်)၀၁၉၈၇၇) ထံမှကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ငွေအပြေအကြေပေးချေ၍ လက်ရောက်အပိုင်ဝယ်ယူပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍(၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်တရားဝင်ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေးကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးခင်ဝင်း(အထက်တန်းရှေ့နေ)(စဉ်-၁၁၈၄၃)
အမှတ်(၅၁၇)၊မင်းရဲကျော်စွာ(၄)လမ်း၊ (၇)ရပ်ကွက်၊
တောင်ဥက္ကလာပမြို့။ ဖုန်း-၀၉၄၂၁၀၇၅၀၄၅

# စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်းရှိ ရေဝင်ခဲ့သည့် စာသင်ကျောင်းများ ပုံမှန်ပြန်လည်ဖွင့်လှစ်သင်ကြား

**မုံရွာ ဩဂုတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီးတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဒေသအချို့တွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ရာ မုံရွာမြို့နယ်အတွင်းရှိ အချို့ကျေးရွာများသည်လည်း ရေဘေးသင့်ခဲ့သည်။ အဆိုပါမုံရွာမြို့နယ်အတွင်း ရေကြီးမှုဖြစ်စဉ်ကြောင့်ရေဝင်ရောက်သည့်ကျောင်း ၄၉ ကျောင်း ယာယီပိတ်ထားခဲ့ရရာ ဩဂုတ် ၁၃ ရက်တွင် စာသင်ကျောင်း ၂၁ ကျောင်းမှာ ပုံမှန်ပြန်လည်ဖွင့်လှစ် သင်ကြားနေပြီဖြစ်သည်။

မုံရွာမြို့နယ်အတွင်းရှိ ညောင်ဖြူပင်ကျေးရွာ အ.ထ.ကကျောင်းမှာ ဩဂုတ် ၁၀ ရက်မှ စတင်၍ ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်ကာ သင်ကြားနေပြီဖြစ်ရာ ကျောင်းသား၊ ကျောင်းသူ ၁၀၀၈ ဦး ရှိသည့် အနက် သုံးပုံနှစ်ပုံခန့် ကျောင်းပြန်တက်နေကြပြီဖြစ်သည်။

ကျောင်းပြန်လည်ဖွင့်လှစ်မှု အခြေအနေနှင့် ပတ်သက်ပြီး တာဝန်ရှိသူတစ်ဦးကလည်း ကျောင်းက တာရိုးရဲ့အရှေ့ဘက်မှာရှိပြီး တာရိုးအနောက်ဘက် ချင်းတွင်းမြစ်ရေဝင်တဲ့ ကျွန်းကြီး၊ ရတနာပုံကျွန်း၊ ဇီးဖြူကျွန်းရွာများမှ ကျောင်းသား၊ ကျောင်းသူအချို့သာ ကျောင်းပြန်မတက်နိုင် သေးခြင်းဖြစ်ကြောင်း၊ စာသင်ကြားမှုအနေဖြင့် နေ့စဉ်အချိန်ပိုခေါ်ပြီး ကျောင်းပျက်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအတွက် သင်ခန်းစာများ ပြန်လည်သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ ဩဂုတ် ၃ ရက်မှ ၇ ရက်အထိ ယာယီကျောင်းပိတ်ခဲ့ရသည့်ရက်များအတွက် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း အစားပြန်လည်ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ညောင်ဖြူပင်အ.ထ.ကကျောင်းမှာ တာရိုးဘေးတွင်ရှိသည့်အတွက် ရုတ်တရက် တာရိုးကျိုးပေါက်ပြီး စာသင်ကျောင်းအတွင်း ရေဝင်ရောက်လာပါက ကျောင်းသား၊ ကျောင်းသူများအတွက် အန္တရာယ်ကြီးမည်ဖြစ်သည်။ ယင်းအပြင် တာရိုးမှ စိမ့်ရေများ စိမ့်ထွက်ခြင်းကြောင့် ရေဘေးသင့်သူများအတွက် ယင်းကျောင်းတွင် ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ပြီး ကျောင်းကို ယာယီပိတ်ထားခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဆည်ပျက်စီးမှု ပြန်လည်ပြုပြင်ရန် ကွင်းဆင်းဆောင်ရွက်



**တောင်တွင်းကြီး ဩဂုတ် ၁၅**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကျောင်းတော်ရာကျေးရွာ အနောက်ဘက် လေးဖာလုံခန့်အကွာရှိ ခရအင်းတစ်ဖက်ပိတ်ဆည်သည် ဇူလိုင် ၃၀ ရက်က သည်းထန်စွာရွာသွန်းခဲ့သောမိုးကြောင့်ကျိုးပဲ့ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါဆည်သည် ဒေသခံတောင်သူများ၏ လယ်ဧက ၁၀၀ ခန့်အတွက် မိုးစပါးများစိုက်ပျိုးရန် ရေလုံလောက်စွာရရှိသောကြောင့် အကျိုးပြုသည့်ဆည်ဖြစ်သည်။ အဆိုပါဆည်ကျိုးပဲ့ပျက်စီးမှုအခြေအနေများကို တာဝန်ရှိသူများလိုက်ပါ၍ ဩဂုတ် ၁၄ ရက် နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

တွေ့ဆုံပွဲတွင် ရေပိုလွှဲငယ်နှင့်ဆည်ကျိုးအား ပြန်လည်ပြုပြင်ရန် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု လွှတ်တော်ရန်ပုံငွေဖြင့် ပြုပြင်တည်ဆောက်ရန် တင်ပြပေးသွားမည်ဖြစ်ကြောင်း ဒေသခံတောင်သူကြီးများသို့ ပြောကြားခဲ့သည်။

**နိုင်ဝင်း**

# ရင်ထဲကမြို့မတေးသီချင်း သီဆိုပြိုင်ပွဲကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ကျင်းပ

**မန္တလေး ဩဂုတ် ၁၅**

ရင်ထဲကမြို့မတေးသီချင်းသီဆိုပြိုင်ပွဲ ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၄ ရက် နံနက် ၁၀ နာရီက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရင်ထဲကမြို့မတေးသီချင်းသီဆိုပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာမြင့်ကြူက အဖွင့်အမှာစကားပြောကြားရာတွင် မန္တလေးမြို့မမှ သီချင်းများကို (A)(B)(C) အုပ်စုအဖြစ်ခွဲခြား၍ သီဆိုယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း၊ မြို့မသီချင်းများကို (A)(B)(C) အဖြစ်ခွဲခြားထားသည်မှာ သီချင်းကောင်း၊ မကောင်းကို ဆုံးဖြတ်ခွဲခြားထားခြင်းမဟုတ်ကြောင်း၊ (A) အုပ်စုသီချင်းများမှ ဂန္ထဝင်သီချင်းကြီးများဖြစ်ကြောင်း၊ (B) အုပ်စုသီချင်းများမှာ ခေတ်ပေါ်တေးသီချင်းများနှင့် (C) အုပ်စုသီချင်းများသည် သကြၤန်သီချင်းများဖြစ်ကြောင်း၊ ကျင်းပပြုလုပ်မည့် အမျိုးသားကဇာတ်ရုံ (မန္တလေး) ကိုလည်း မြို့မနှင့်မကင်းသည့် အငွေ့အသက်များပါဝင်သည့် အပြင်အဆင်များနှင့် ပြင်ဆင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ရင်ထဲကမန္တလေးမြို့မတေးသီချင်း သီဆိုပြိုင်ပွဲ ကျင်းပရေးနှင့်ပတ်သက်၍ လုပ်ငန်းကော်မတီအသီးသီးမှ ဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးတင်ပြပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ ဘဏ္ဍာရေးဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးခဲ့သည်။

ရင်ထဲက မြို့မတေးသီချင်းဆိုပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် စာရင်းပေးလျှောက်ထားလျက်ရှိရာ ဩဂုတ် ၁၄ ရက်ထိ ၁၇၇ ဦးအထိရှိပြီး နယ်မှလာရောက်လျှောက်ထားသူ ၅၈ ဦးရှိကြောင်းနှင့် မုံရွာ၊ ကျောက်မဲ၊ ချောက်၊ လားရှိုးနှင့် တမလန်းမြို့များမှ လျှောက်ထားကြောင်း သိရသည်။

ရင်ထဲက မြို့မတေးသီချင်းဆိုပြိုင်ပွဲအား အသက် ၈၆ နှစ်ရှိ အမျိုးသားတစ်ဦးနှင့် အသက် ၇၀ နှစ်ရှိ အမျိုးသမီးတစ်ဦးလည်း လျှောက်ထားကြောင်း သိရသည်။

**ကျော်ဇင်(မုံရွာ)**

## ရေဘေးသင့်ဒေသများသို့ စေတနာရှင်များ လာရောက်လှူဒါန်း

**သာပေါင်း ဩဂုတ် ၁၅**

သာပေါင်းမြို့ ရေကြီးရေလျှံမှုကြောင့် မြို့ပေါ်ရပ်ကွက်သုံးခုနှင့် ကျေးရွာ ၂၆၄ ရွာ ရေကြီးနစ်မြုပ်မှုခံခဲ့ရသောကြောင့် ရေဘေးသင့်ပြည်သူများအား ယာယီကယ်ဆယ်ရေးစခန်း ၃၇ ခု ဖွင့်လှစ်ထားရာ သုခမေတ္တာလူမှုကူညီရေးအသင်း (သဘော့ဂံ) မှ ဆန်၊ ရေသန့်ဘူး၊ ခေါက်ဆွဲခြောက်၊ဖယောင်းတိုင်၊ ဓာတ်မီး၊ ဆေးလိပ်၊ မီးခြစ်များအား မကျိကုန်းကျေးရွာသို့ဩဂုတ် ၁၃ ရက် နံနက် ၁၀ နာရီက သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။ ကျေးလက်စည်ပင်နှင့် U N A.Co.,Ltd. အဖွဲ့မှလည်း ဆန်၊ ရေသန့်များ၊ ကိတ်ခြောက်၊ ရေသန့်၊ ခေါက်ဆွဲခြောက်၊ အဝတ်အထည်များ၊ဆေးနှင့် ဓာတ်ဆားအိတ်တို့ကို ရေဘေးသင့်ကျေးရွာများသို့ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## အသိပေးကြေညာချက်

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ဆောက်လုပ်မည့် အဆောက်အအုံများအတွက် မြေသားစမ်းသပ်မှု (Soil Test)လုပ်ငန်းဆောင်ရွက်ရာတွင် မြေသားစမ်းသပ်ခြင်းနှင့်ပတ်သက်၍ ပိုမိုတိကျသောရလဒ်များ ရရှိလာစေပြီး တင်ပြချက်များ အပေါ်တွင် တာဝန်ယူ၊ တာဝန်ခံမှုရှိစေရန် မြေသားစမ်းသပ်မှုလုပ်ငန်းဆောင်ရွက်သည့် အောက်ပါကုမ္ပဏီ များကိုစိစစ်၍ လိုင်စင်ထုတ်ပေးထားပြီးဖြစ်ပါသည်-

| | |
|---|---|
| (က) Mya Yar Pin Engineering & Consulting Group | အမှတ်(၂)၊ မြောင်းမြလမ်း၊ စမ်းချောင်းမြို့နယ်၊ ၀၁-၅၂၄၁၆၃၊ ၀၁-၅၂၃၈၅၅၊ ၀၉-၇၃၂၂၁၆၉၆၉၊ ၀၉-၈၅၉၈၇၉၅ |
| (ခ) CECC (Civil Engineer's Construction Co.Operative Limited) | အမှတ်(၅၈/၆၄)၊ ထီးတန်းအိမ်ရာ၊ ကမ်းနားလမ်း၊ ကြည့်မြင်တိုင်မြို့နယ် ၀၉-၅၄၀၄၅၇၂၊ ၀၁-၂၂၀၉၆၂၊ ၀၁-၂၂၂၆၄၉ |
| (ဂ) UNO Consultant Geotechnical Engineering Group | အမှတ်(၁၀၈)၊ ဝေဇယန္တာဥယျာဉ်(၄)လမ်း၊ မိချောင်းကန်အပိုင်း(၁)၊ သင်္ဃန်းကျွန်းမြို့နယ်၊ ၀၉-၅၁၁၂၅၅၇၊ ၀၁-၅၇၃၀၁၉၊ ၀၁-၅၇၁၈၁၄ |
| (ဃ) Tek Bumi Co., Ltd | အမှတ်(၂၁၂/၂၁၅)၊ Ground Floor၊ စံပယ်မာဃလမ်း၊ ဟံသာရိပ်မွန်အိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ၀၁-၅၁၂၆၉၅၊ ၀၁-၅၁၁၅၁၉ |
| (င) GEO Friends Co., Ltd | အမှတ်(၁၁၃၆/ဘီ)၊ သုမင်္ဂလာလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ၀၁-၅၆၁၄၃၁၊ ၀၁-၅၇၇၀၃၅၊ ၀၉-၄၂၀၁၀၇၇၅၇၊ ၀၉-၄၂၀၁၀၇၇၆၇ |
| (စ) AMT Geotechnical Engineering Group | အမှတ်(၉၃)၊ မြေညီ၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ ၀၁-၂၂၇၀၁၈ |

၂။ ၁-၁၀-၂၀၁၅ရက်မှစ၍ အဆောက်အအုံဆောက်လုပ်ခွင့်တင်ပြရာတွင် တင်ပြရမည့် Soil Report များကို အထက်ဖော်ပြပါ ဤကော်မတီအသိအမှတ်ပြု မြေသားစမ်းသပ်မှုလုပ်ငန်းလိုင်စင်ရယူထားသည့် ကုမ္ပဏီများ၏ Soil Report များကိုသာ လက်ခံဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ အထပ်မြင့်အဆောက်အအုံဆောက်လုပ်ခွင့်တင်ပြမည့်သူများ သိရှိနိုင်ပါရန်နှင့် မြေသားစမ်းသပ်မှုလုပ်ငန်း လိုင်စင် (Soil Test Licence)လျှောက်ထားလိုသည့် မြန်မာနိုင်ငံသားပိုင်ကုမ္ပဏီများမှ အင်ဂျင်နီယာဌာန(အဆောက်အအုံ) သို့လျှောက်ထားနိုင်ကြောင်း အသိပေးအပ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(အဆောက်အအုံ) (၁၀) ထပ်ရုံးသို့ ရုံးအချိန်အတွင်း လာရောက်၍ ကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း-၀၁-၃၇၄၀၇၇၊ ၀၁-၃၇၄၀၅၅သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**သချ်ာကျော်ဗိုန်**
၁၀ တန်းဘာသာစုံပိုင်းနှင့်ခေါက်ဒါ
**မဟာကျော်**
အရေးသင်တက္ကသိုလ်
မြန်မာစာ(အထူးသင်မည်)။
အင်္ဂလိပ်စာ၊ ပထဝီ၊ သမိုင်း၊ ဒဿနိကဗေဒ
ရာထူးဝင်ခွင့်များအားလုံး
PPTT မူလတန်းပြဆရာ/မ ဝင်ခွင့်
အမှတ်(၁၀၃)၊ ပထပ်၊ ဆိပ်ကမ်းသာလမ်း(အောက်)
အမှတ်-၂၁၂ ပထပ်၊ ပန်းဆိုးတန်းလမ်း(လယ်)
Ph:09-250359833, 09-253034191

**ဝန်ထမ်းအလိုရှိသည်**
Marketing - ကျား (၅) ဦး
လစာ + ကော်မရှင်
Ph: 09 5670262
09 73184279

*a';iim;rn
မြေ(၁၂၀× ၈၀)ပေအပေါ်၊
ဂိုဒေါင်(၃၀×၅၀)ပေ၊ ရေ၊ မီး
ဖော့ကန်၊ အင်းစိန်။
ဖုန်း ၀၉-၅၀၄၈၂၆၇၊ ၀၉-၅၀၂၀၄၂၂

## အမည်ပြောင်း

မြောက်ဒဂုံမြို့နယ်၊ အမက(၁၃)၊ ဒုတိယတန်း (B)တွင် ပညာသင်ကြားနေသော အဖ ဦးလှငွေအောင်၏ သမီးများဖြစ်သော မသိမ့်နွယ်နွယ်အောင်၏ အမည်မှန်မှာ သီရိဖြူစင်အောင်နှင့် မသိမ့်နွေးနွေးအောင်၏ အမည်မှန်မှာ မသဒ္ဒါဖြူစင်အောင်ဖြစ်ပါကြောင်း။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ကျန်းမာရေးဌာနတွင် အသုံးပြုရန်အတွက် လိုအပ်သောAbate(ခေါ်) ခြင်သားလောင်းမပေါက်ပွားဆေးပုံး (၂၅)ကီလိုဂရမ်ပါ ပုံး(၈၀၀)ပုံးကို ဌာနအရောက်ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ ဈေးနှုန်းလွှာပိတ်ရက်မှာ ၂၁-၈-၂၀၁၅ရက် ၁၆း၀၀နာရီဖြစ်ပြီး တင်ဒါပုံစံတစ်စုံလျှင် ကျပ်၅၀၀၀(ကျပ်ငါးထောင်တိတိ) နှုန်းဖြင့် မြို့တော်ခန်းမ(ပထမထပ်)ဘတ်ဂျက်နှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်-၃၈၈၇၃၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အတွင်းရေးမှူး**
**ပစ္စည်းဝယ်ယူရေးအဖွဲ့**




## ဒေါ်သောင်းကြည် အမြန်ဆက်သွယ်ပါ

(ယခင်)အမှတ်-၁၃၁၊ စိန်ရတီလမ်း၊ ရတနာကျွန်းရိပ်သာ၊ မြောက်ဥက္ကလာပမြို့နယ်နေ ဒေါ်သောင်းကြည်နှင့် PERTH မြို့မှ ဒေါ်ဂရေစီတို့ အဆက်အသွယ်ပြတ်နေတာကြာပြီဖြစ်၍ စိတ်ပူနေသောကြောင့် ဤစာကိုတွေ့ပါက အောက်ပါဖုန်းသို့ အမြန်ဆက်သွယ်ပေးပါရန်။

PH-01-565739၊ 09-5173505

## ခြံနှင့်အိမ်ငှားမည်

လှိုင်မြို့နယ်၊ (၃)ရပ်ကွက်၊ ရတနာမွန်အဆင့်မြင့်အိမ်ရာ မြေအကျယ် ပေ(၈၀) ပတ်လည် အိမ်အကျယ် ပေ(၄၁×၅၁) ရေချိုးခန်းအိမ်သာတွဲလျက် အိပ်ခန်း ၃ခန်း၊ ရိုးရိုးအိပ်ခန်း ၃ခန်း၊ စုစုပေါင်း ၆ ခန်း၊ ထမင်းချက် ၁ခန်း၊ ထမင်းစားခန်း ၁ခန်း၊ ကြိုးဖုန်း ၂လုံး၊ အဲယားကွန်း ၂လုံး၊ မီတာ ၂လုံး၊ ကား ၁၀စီးထားလို့ရသည်။

ဖုန်း-၀၁-၅၂၄၄၂၈၊ ၀၉-၈၇၆၃၂၇၅

*မျက်မှောက်ကမ္ဘာတွင် ဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေးစသည့် နိုင်ငံတကာအရေးကိစ္စများကို မျက်ခြည်မပြတ်လေ့လာနေရန် လိုအပ်ပါသည်။ ထိုသို့လေ့လာနေမှသာလျှင် နိုင်ငံတကာ အခင်းအကျင်းများမှ ရယူသင့်သော သင်ခန်းစာများကို ထုတ်ယူနိုင်မည်ဖြစ်ပါသည်။ ကြေးမုံစာဖတ်ပရိသတ်များအား တစ်ပတ်အတွင်းထူးခြားသော နိုင်ငံတကာ ဖြစ်စဉ်များကို ခြုံငုံသိရှိနိုင်စေရန်အတွက် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း နိုင်ငံတကာသတင်း ပုံရိပ်များကို ဖော်ပြအပ်ပါသည်။ (စာတည်း)*

# နည်းပညာခေတ်ရထား ရွေ့လျားလေပြီ မေတ္တာရှေ့ထား စာရေးသားလိုက်ပါသည်

ကိုရင်ညြ







ကျွန်ုပ်၏ ချစ်လှစွာသော ရောင်းရင်းကြီးတစ်ဦးမှာ ထူးခြားလှသော ဝါသနာဘာဂီရှိသူဖြစ်သည်။ သူ၏ ဟဒယ နှလုံးအိမ်အတွင်း ရင်ဖိုစွဲငြိနေသော ဝါသနာဘာဂီကား တံဆိပ်ခေါင်း စုဆောင်းခြင်းပင် ဖြစ်လေ၏။

ကျွန်ုပ်၏ ရောင်းရင်းကြီးသည် တံဆိပ်ခေါင်း တစ်ပုံတစ်ခေါင်းကို စုဆောင်းထားရှိပြီး သူ၏ တစ်သက်လျာကာလ ပတ်လုံး ရတတ်သမျှ တံဆိပ်ခေါင်း အပေါင်းကိုသမူဟပြု ပေါင်းစုကာ စနစ်တကျ သိမ်းဆည်းတတ်လေသည်။

ဝါသနာဘာဂီ ဆက်တိုင်းမီရှော့ထင့်။ ဘဝတစ်ခု၌ စွဲလမ်းခဲ့သည့် ဝါသနာမျိုးသည် နောက်ဘဝသို့တိုင်လိုက်ပါတတ်၏ ဟု ကျွန်ုပ်မှတ်သားဖူးသည်။ သူ၏ ဝါသနာမှာ သန္ဓေပါ ဝါသနာတစ်ခုဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။

ဝါသနာဟူသည် အစရှိ အနောင်နောင် ထပ်ကာ ထပ်ကာလုပ်ရလေ့ရှိသည်ဟု ကျွန်ုပ်တွေးမိ၏။ ဂီတဝါသနာပါသူက ဆိုင်းသံဗုံသံကြားရလျှင် ကခုန်ချင်စိတ်ပေါက်တတ်သလို တံဆိပ်ခေါင်းစု ဝါသနာမှာလည်း တံဆိပ်ခေါင်းမြင်လျှင် စုဆောင်းချင်သည့် စိတ်ကို မြိုသိပ်ဘရိတ်အုပ်၍ ရနိုင်အံ့ မထင်ပေ။

စာတိုပေစ ဝါသနာပါသည့် ကျွန်ုပ်အတွက်မူကား ပလက်ဖောင်းဘေးတွင် ခင်းကျင်းရောင်းချသော အဖိုးစားနား ချိုသာလှသည့် စာအုပ်ဟောင်းများကို တွေ့မြင်ရခိုက် မဝယ်ရ မနေနိုင်လောက်အောင် ဖြစ်တတ်သကဲ့သို့ပင် သူ၏ တံဆိပ်ခေါင်းစု ဝါသနာကို ကျွန်ုပ်စာနာ နားလည်မိလေသည်။

ကျွန်ုပ်၏ မိတ်ဆွေကြီးသည် သူအမြတ်တနိုး သိုမှီးထားသော တံဆိပ်ခေါင်းများကို တစိန်းစိန်းကြည့်ကာ ပီတိသောမနသပွားနေတတ်ပြီး သူနှင့် တံဆိပ်ခေါင်းနှစ်ကိုယ်ကြား စကားပြောနေသည့်အသွင် ကျွန်ုပ်တွေ့မြင်ရသည်။ သူသည် တံဆိပ်ခေါင်းနှင့် ပတ်သက်လျှင် အပွေးမြင် အပင်သိသူ၊ အသွေးမြင် အသွင်သိသူ ဖြစ်လင့်ကစား ကျွန်ုပ်မှာမူ တံဆိပ်ခေါင်းနှင့် ပတ်သက်လာလျှင် စောင်းတီးသမား အနီးအပါးသို့ ရောက်နေသည့်ကျွဲနှယ် တံဆိပ်ခေါင်းက ပေးစွမ်းသော အနုရသကို စောင်းပါး ရိပ်ခြည်မျှပင် မခံစားတတ်ဘဲ ဒုံးဝေးလှသူ ဖြစ်လေသည်။

ကျွန်ုပ်သည် ပြီးခဲ့သည့် ရက်သတ္တပတ်က တံဆိပ်ခေါင်းချစ်သူ ရောင်းရင်းကြီး၏ ဖိတ်မန္တကပြုမှုအရ ရန်ကုန်မြို့ရှိ ဗဟိုစာတိုက်ကြီး၌ ခင်းကျင်းပြသသော တံဆိပ်ခေါင်းပြပွဲသို့ မယောင်မလည် ရောက်ရှိခဲ့သည်။ ကျွန်ုပ်၏ ဘဝတစ်သက်တာတွင် တံဆိပ်ခေါင်းပြပွဲသို့ သွားရောက်ခြင်းမှာ ပထမဆုံးအကြိမ်ပင် ဖြစ်လေသည်။

တံဆိပ်ခေါင်းပြပွဲသို့ ရောက်ရှိသခိုက် ကျွန်ုပ်၏ အာရုံတွင် မပီဝိုးတဝါး ပေါ်လာသည့် အတွေးစမှာ ကြာလေ ကောင်းလေ၊ ဟောင်းလေသစ်လေ ဟူသော သဘောတရားဖြစ်သည်။

မြန်မာတံဆိပ်ခေါင်းစုဆောင်းသူ ဝါသနာရှင်များအဖွဲ့က ခင်းကျင်းပြသသော ယင်းပြပွဲသည် ကျွန်ုပ်အတွက် အတိတ်သမိုင်းကြောင်းကို ရော်ရမ်းတမ်းတ မျှော်မှန်းလွမ်းသစရာ ဖြစ်ရသည်ကား အမှန်ပင်။

ယင်းပြပွဲ၌ ခေတ်ကာလအလိုက် ထုတ်ဝေခဲ့သော တံဆိပ်ခေါင်းများကို စနစ်တကျ ခင်းကျင်းပြသထားလေရာ မြန်မာနိုင်ငံ၏ အတိတ်သမိုင်းကြောင်း တစ်စေ့တစ်စောင်းကို မိနစ်ပိုင်းအတွင်း ကျွန်ုပ်ကောက်ကြောင်းခြစ်မိလေ၏။

အင်္ဂလိပ်ခေတ်၊ ဂျပန်ခေတ်၊ လွတ်လပ်ရေးရပြီးခေတ်၊ ဖဆပလခေတ်၊ ဆိုရှယ်လစ်ခေတ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ခေတ်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခေတ်ဟူသည့် ခေတ်များမှ သည် ယနေ့ကာလ ဒီမိုကရေစီ နိုင်ငံတော် ထူထောင်နေသည့် ခေတ်သို့တိုင် တံဆိပ်ခေါင်း အဖုံဖုံကို စုံလင်အောင်ခင်းကျင်းပြသထားလေရာ ကျွန်ုပ်အတွက် ကြယ်များစုံသည့် ညတွင် ကောင်းကင်ပြင်ကို ကြည့်ရှုရဘိသကဲ့သို့ ကြည်နူးစိတ်များ ရင်ဝယ်လှုပ်ရှားခဲ့ရလေသည်။

အနီတံဆိပ်ခေါင်းပြပွဲ ခင်းကျင်းပြသသည့် နေ့ရက် (ဩဂုတ် ၈ ရက်)သည်ကား မြန်မာ့ စာတိုက်လုပ်ငန်းက (၄၈)နှစ်မြောက် အာဆီယံ နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် စာပို့တံဆိပ်ခေါင်းသစ် စတင်ထုတ်ဝေ သည့် နေ့ရက်လည်းဖြစ်သည်။

**နိုင်ငံကို ကိုယ်စားပြု**

တံဆိပ်ခေါင်းဟူသော ဝေါဟာရကို သရုပ်ခွဲကြည့်လျှင် ‘တံဆိပ်’နှင့် ‘ခေါင်း’ဟူ၍ အမှတ်သညာ နှစ်ခုကို တွေ့နိုင်၏။ ရှေးအထက် ကျော်ကာရီကစ၍ မင်းဧကရာဇ်တို့က တံဆိပ်တော်ကို အသုံးပြုခဲ့ကြပြီး ခေါင်းမှာ ပြည့်ရှင်မင်းဧကရာဇ်တို့၏ ဦးခေါင်းပုံတူကို ညွှန်းဆို သည်။ သို့ဖြစ်ရကား တံဆိပ်ခေါင်းသည် နိုင်ငံကို ကိုယ်စားပြုသည်ဟု သတ္တုချ ဆန်းစစ်နိုင်လေသည်။

ရှုမြင်ရသူအတွက် သန္တရသ (တည်ကြည်ငြိမ်းချမ်းမှုရသ)ကို ပေးစွမ်းသော တံဆိပ်ခေါင်းသည် အစဉ်အလာကြီးမားလှသည်။ လွန်ခဲ့သော နှစ်ပေါင်း ၄၀၀၀ ခန့်က ဘေဘီလုံ အင်ပါယာခေတ်၌ ဟမ္မူရာဗီ ဘုရင် လက်ထက်တွင် ဘုရင့်တံဆိပ်တော် ခပ်နှိပ် အသုံးပြုခဲ့သည်ဆို၏။

ရှေးအခါက ခြေလျင်တော်၊ လှေလျင်တော်၊ မြင်းသည်တော် များသည် စာချွန်လွှာများ ပေးပို့သူများ ဖြစ်ခဲ့သည်။ ပြည်သူပြည်သားများ မှာမူ လူကြုံ၊ လှေကြုံဖြင့် စာလွှာပါးကြရသည်။

အင်္ဂလန်ပြည် စာပို့လုပ်ငန်းသည် ခရစ်နှစ် ၁၈၄၀၊ မေ (၆)ရက်တွင် ဝိတိုရိယ ဘုရင်မကြီး၏ ရုပ်ပုံဖြင့် တစ်ပဲနိတန် တံဆိပ်ခေါင်းကို ပထမဆုံးအကြိမ် ထုတ်ဝေခဲ့လေသည်။

မြန်မာမင်းများလက်ထက် ပေရွက်ပေါ် စာချွန်လွှာ ရေးသားခဲ့ကြပြီး သကာလ တံဆိပ်တော်အဖြစ် ဒေါင်းရုပ် (ဥဒေါင်း)ကို အထိမ်းအမှတ် ပြုခဲ့သည်။

ကိုလိုနီ ခေတ်ဦးပိုင်းက အင်္ဂလိပ် မြို့သိမ်းတပ်များက ရန်ကုန်မြို့သို့ ဝင်ရောက်လာခဲ့ပြီးနောက် စစ်သည်များ ဆက်သွယ်ရေး လွယ်ကူစေရန် “တပ်မြေစာတိုက်”ပေါ်ထွန်းခဲ့သည်။

၁၉၃၇ ခုနှစ်တွင် အိန္ဒိယ၏ လက်အောက်ခံဘဝမှ သီးခြားရပ်တည်လာနိုင်ပြီးနောက် အိန္ဒိယပြည်ထုတ် ဂျော့ဂျ်ဘုရင်၏ တံဆိပ်ခေါင်းပေါ်တွင် BURMA ဟု ရိုက်နှိပ်ကာ ထုတ်ဝေနိုင်ခဲ့သည်။

သမိုင်းကို ချုံ့၍ဆိုသော် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ဗိုလ်ချုပ်အောင်ဆန်းပုံပါ လွတ်လပ်ရေးမော်ကွန်းတင် တံဆိပ်ခေါင်းများကို ထုတ်ဝေခဲ့လေသည်။

**စာပို့တိုက်လုပ်ငန်း ရှေ့သို့လှမ်းချိန်**

နိုင်ငံတကာ လူထုဆက်သွယ်ရေးစနစ်တွင် စာပို့တိုက်လုပ်ငန်း၏ အခန်းကဏ္ဍမှာ အရေးကြီး၏။ ကမ္ဘာ့ပြည်သူများ အချင်းချင်း ပေါင်းကူးပေးနိုင်ရန် ကမ္ဘာ့စာပို့တိုက်လုပ်ငန်းက စွမ်းဆောင်ပေးသည်။ ကမ္ဘာလုံးဆိုင်ရာ စာပို့တိုက်သမဂ္ဂ ပေါ်ထွန်းခဲ့သည်မှာ ယနေ့ကာလတွင် နှစ်ပေါင်း ၁၄၀ ကျော် ကြာမြင့်ခဲ့လေပြီ။

ကမ္ဘာ့စာပို့တိုက်လုပ်ငန်းသည် တစ်ပြည်ထောင်နှင့် တစ်ပြည်ထောင်ချစ်ကြည်ရင်းနှီးမှုကို ပေးစွမ်းခဲ့သည်။ အင်္ဂလိပ်စာရေးဆရာကြီး ချားလ်စ်ဒစ်ကင်းသည် ပြင်သစ်စာရေး ဆရာကြီး အီမလီဇိုးလားထံ ပေးစာပေးပို့နိုင်ခြင်းမှာ စာပို့တိုက်၏ အကျိုးပြုမှု ပြယုဂ်ဖြစ်သည်။ ကြီးမြတ်ထည်ဝါခဲ့သည့် ရောမအင်ပါယာအတွင်း လက်ဆင့်ကမ်းစာပို့စခန်းများ ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် ဆက်သွယ်မှုလွယ်ကူစေခဲ့သည်။

နပိုလီယန်နစ် စစ်ပွဲများအတွင်းက လန်ဒန် “တိုင်းမ်စ်” သတင်းစာကြီးသည် အစိုးရကိုယ်တိုင် သတင်းမရသေးမီ စစ်ပွဲသတင်းများကို ဦးဦးဖျားဖျား ထူးထူးခြားခြား ဖော်ပြနိုင်ခြင်းမှာ စာပို့လုပ်ငန်းစနစ် ကောင်းမွန်သောကြောင့်ဖြစ်သည်။ “တိုင်းမ်စ်” သတင်းစာ အယ်ဒီတာသည် ဝါတာလူးစစ်ပွဲ အရှုံးအနိုင်ကို အင်္ဂလိပ် နန်းရင်းဝန်ထက်စော၍ သိခဲ့သည်ဟုစကား ဒဏ္ဍာရီရှိခဲ့လေသည်။

နိုင်ငံအရွယ်အစား အလွန်ကြီးမားလှသည့် တရုတ်နိုင်ငံ၌ ယနေ့ကာလတွင် နိုင်ငံအဝန်း သတင်းစာဖြန့်ချိမှု လုပ်ငန်းကို စာပို့တိုက်များ က တာဝန်ယူလုပ်ဆောင်ပေးသည်ဟု ကျွန်ုပ်မှတ်သားရဖူးလေသည်။

ကျွန်ုပ်တို့ မြန်မာနိုင်ငံ၌ ခေတ်စနစ်နှင့်အညီ စာပို့တိုက်ဥပဒေ ပြဋ္ဌာန်းနိုင်ရန် ကမ္ဘာ့ဘဏ်အကူအညီဖြင့် ရေးဆွဲခဲ့ပြီး ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနက စာပို့တိုက် ဥပဒေ(မူကြမ်း)ကို ပြည်သူများ လေ့လာအကြံပြုနိုင်ရန် (၂၀၁၅)ဇူလိုင် ၆ ရက်မှ ဩဂုတ် ၂၁ ရက်အထိ ဝက်ဘ်ဆိုက်တွင် တင်ပြထားလေသည်။ ၁၈၉၈ ခုနှစ်ကပင် တည်ရှိခဲ့သော မြန်မာ့စာပို့တိုက်ဥပဒေကို ခေတ်စနစ်နှင့်အညီ လွှမ်းခြုံနိုင်စေရန် ရည်ရွယ်ပေသည်။

**ကွန်ပျူနီကေးရှင်းခေတ်**

**ရှေ့သို့ ချီတက် ခရီးဆက်**

ယနေ့ကာလ၌ အွန်လိုင်းမှ တစ်ဆင့် သတင်းစကား (သတင်းအချက်များ)ကို အလွယ်တကူ ရယူနိုင်ပြီဖြစ်သော်လည်း စာပို့တိုက်လုပ်ငန်းနှင့် တံဆိပ်ခေါင်းထုတ်ဝေခြင်းလုပ်ငန်း ပျောက်ကွယ်သွားမည်မဟုတ်ဟု ကျွန်ုပ်မှတ်သားရ၏။ ကမ္ဘာ့နိုင်ငံ အသီးသီး၌ တံဆိပ်ခေါင်းများကို စာပို့ရန်အတွက် အဓိက ထုတ်ဝေနေခြင်း မဟုတ်မူ၍ တံဆိပ်ခေါင်း စုဆောင်းသူ ဝါသနာရှင်များအတွက် ထုတ်ဝေနေကြသည် ဆို၏။

အခွန်တံဆိပ်ခေါင်းမှာမူ ၂၀၁၅ ပြည်ထောင်စုအခွန်အကောက် ဥပဒေအရ လုပ်ငန်းရှင်များ မလွဲသေချာကပ်ရန် လိုအပ်ပေလိမ့်မည်။ ခေတ်ကာလ ပြောင်းလဲမှုနှင့်အတူ နည်းပညာသစ်များပေါ် ထွန်းလာပြီး လူထုဆက်သွယ်ရေးပုံစံ ပြောင်းလဲလာခြင်းကို ကမ္ဘာတစ်လွှား တွေ့မြင်လာရခြင်းမှာ ကွန်ပျူနီကေးရှင်းခေတ်သို့ ဝင်ရောက်လာခြင်း အမှတ်သင်္ကေတဖြစ်သည်။

“ကွန်ပျူတာ”ဟူသော ဝေါဟာရနှင့် “ကွန်မျူနီကေးရှင်း”ဟူသော ဝေါဟာရတို့ကို ပေါင်းစပ်ကာ “ကွန်ပျူနီကေးရှင်း” (Compunication)ဟု ဝေါဟာရသစ်ပေါ်ထွန်းလာ၏။ ကွန်ပျူတာအခြေပြု တယ်လီဖုန်းစကားပြောကြေးနန်းဆက်သွယ်ရေးနည်းပညာ ခေတ်စားလာခြင်းကြောင့် ကျွန်ုပ်တို့၏ ကမ္ဘာကြီးသည် “ကမ္ဘာ့ရွာ”အဖြစ်သို့ ကူးပြောင်းလေတော့သည်။ ရေကြောမြေကြောရှုံ့လေပြီ။

အင်တာနက်၊ အီးမေးလ်၊ ဆဲလ်ဖုန်းများ တွင်ကျယ်လာခြင်းဖြင့် ကမ္ဘာ့ပြည်သူများ အချင်းချင်း သမုဒ္ဒရာခုနစ်တန်ခြားနေသည့်တိုင် လွယ်လင့်တကူ ဆက်သွယ်လာနိုင်သည်။

ခေတ်ပြောင်းခေတ်လွဲ ဖန်တီးမှုများကို ကျွန်ုပ်တို့မသိကျိုးကျွန်ပြု၍ မရ။ ခေတ်သစ်အတွင်း၌ ခေတ်ရေစီးကြောင်းအတိုင်းပင် စီးမျောကြ ရပေဦးမည်။

**ဆက်သွယ်ရေးခေတ်ကောင်းကြီး (သမ္ပတ္တိခေတ်)**

ယနေ့ကာလသည် ဆက်သွယ်ရေး ခေတ်ကောင်းကြီးဖြစ်၏။ လွန်ခဲ့သည့် နှစ် ၅၀ ခန့်က ကွန်ပျူတာနှင့် ရုပ်မြင်သံကြားစက်တို့ ပေါ်ထွန်းလာခဲ့ပြီး ဒစ်ဂျစ်တယ်စနစ်ဖြင့် သတင်းအချက်အလက်များကို ရှာဖွေမွှေနှောက်လာနိုင်သည်အထိ တိုးတက်လာသည်။

လူတို့၏ နိစ္စဓူဝ လူမှုဘဝကို ပြောင်းလဲစေသည်ကား သတင်းအချက်အလက်နည်းပညာ ပြောင်းလဲမှုဖြစ်သည်။ ကမ္ဘာတစ်လွှား ကွန်ပျူတာကွန်ရက် အင်တာနက် သည် အချိန်နှင့် နေရာဟူသော အဆီးအတား အကွာအဝေးတို့ကို ဖယ်ရှင်းပေးသည်။

**ဆိုရှယ်မီဒီယာ လွှမ်းမိုးလာချိန်**

ခေတ်သစ်ကမ္ဘာတွင် “စာလာပြီဗျို့” ဟူသော အသံပျောက်ကွယ်လုနီးရှိနေပြီး ဆိုရှယ်မီဒီယာ၏ လွှမ်းမိုးမှုကို အထင်အရှား တွေ့မြင်နိုင်သည်။

ဆိုရှယ်မီဒီယာများအနက် ကမ္ဘာ့ပြည်သူများကို စိုးမိုးထားသည်မှာ Facebook ဖြစ်၏။ ယခုနှစ်တွင် Facebook အသက် ၁၁ နှစ်ပြည့်ပြီဟု ဆိုနိုင်သည်။

လူမှုကွန်ရက်ပလက်ဖောင်းဖြစ်သည့် Facebook ကို ကမ္ဘာနှင့်အဝန်း သုံးစွဲနေကြသည်။

ဤနေရာတွင် အရေးကြီးသည်မှာ Facebook ၏ အကျိုးနှင့်အပြစ်ကို ပြက်ပြက်ထင်ထင် သိရှိရန် လိုအပ်ပေမည်။ အရွယ်မရောက်သေးသူ လူငယ်လေးများ၊ မြီးကောင်ပေါက်များက Facebook ကို အလွန်အကျွံ သုံးစွဲကြခြင်းဖြင့် ဆိုးကျိုး သက်ရောက်နိုင်သည်ဟု မိဘများက စိုးရိမ်ပူပန်လာကြသည်ကို ကျွန်ုပ်သတိမူမိလေသည်။

ကမ္ဘာ့ပြည်သူ သန်း ၁၀၀၀ ကျော်က သုံးစွဲနေသော Facebook ၏ မြန်မာလူထု ပရိသတ်အင်အားမှာ သုံးသန်းကျော်သည်ဟု သိရလေသည်။

Facebook သုံးစွဲသူများ သတိမူရန်မှာ လူမှုကွန်ရက်မီဒီယာပေါ်တွင် အချိန်ပြည့် စီးမျောမနေမိဖို့ လိုသည်။ ဆေးစွဲသလို မစွဲမိဖို့ လိုသည်။ အလွန်အကျွံ အသုံးပြုခြင်းဖြင့် မိမိ၏ အလုပ်၊ မိသားစုနှင့် ကျန်းမာရေးတို့ ထိခိုက်နိုင်သည်။ ဝါသနာပါရာအလုပ်ကို မလုပ်ဆောင်နိုင်။ (တန်ဆေး၊ လွန်ဘေး)။

အရွယ်မရောက်သေးသူများ အသက်လိမ်၍ မသုံးအပ်။ ကွန်ရက်ချိတ်ကွန်ပျူတာဖြစ်ရုံ တမည် (Virtual Online) ဖြစ်ခြင်းကြောင့် မသိသူများ အပေါ် မယုံကြည်အပ်။ ဓာတ်ပုံအတု၊ အချက်အလက် လိမ်ဆင်ရှိနိုင်မှုကို သတိချပ်အပ်။ အတွင်းရေးများ မပေါက်ကြားအပ်။ အပျော်သဘောမထားအပ်။ အလိမ်အညာမိကာ ပြစ်မှု၏ သားကောင်ဖြစ်တတ်သည်ကို မမေ့အပ်။ သတင်းမှားများနှင့် ဝါဒဖြန့်ချိမှုများ ဖြစ်ပေါ် နိုင်သည်ကို သတိချပ်အပ်။ လူမျိုးရေးနှင့် ဘာသာရေးအရလည်းကောင်း၊ အယူဝါဒအရ လည်းကောင်း၊ အမုန်းပွားစကားများ၊ ပဋိပက္ခဖြစ်စေနိုင်သည့် ခြေထိုးမှုများနှင့် သွေးထိုးမှုများရှိနိုင်သည်ကို မတွေ့ဝေအပ် စသည်စသည်ဖြင့် နည်းပညာခေတ်ရထားရွေ့လျားနေချိန်တွင် မြန်မာလူထုကြီးအား ကျွန်ုပ်မေတ္တာရှေ့ထား စာရေးသားလိုက်ရပါသတည်း။ ။

**အခန်းဆက်ဝတ္ထုရှည်**



# ကမ္ဘာကုန် ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

*ရသစာပေသည် စာဖတ်ပရိသတ်များအား ညှို့ယူဖမ်းစားနိုင်၏။ ထိုစာပေကို ရသမြောက်အောင် ရေးဖွဲ့နိုင်ရန်မှာ စာရေးသူ၏ စာဖတ်ပရိသတ်အပေါ်ထားရှိသော စေတနာမှာ အရေးပါ၏။ ဆရာတက္ကသိုလ်ဘုန်းနိုင် မှာ စာဖတ်သူများအပေါ် အကျိုးအမြတ်မပါ၊ ဆန္ဒစွဲမရှိ၊ ရိုးသားစွာဖြင့်ဘဝနှင့် ခံစားမှုတစ်ထပ်တည်းကျအောင် ရေးသားနိုင်သော စေတနာရှိ၏။ ထို့ကြောင့် ဆရာ၏ ရသစာပေများမှာ စာဖတ်ပရိသတ်များကြားဝယ် ယနေ့ထက်တိုင် တောက်ပနေဆဲဖြစ်၏။ ဆရာ၏ စာပေတွင် လူတို့၏ စရိုက်၊ လူတို့၏ ဘဝအမှန်တို့ကို သူတို့ဖြတ်သန်းရာခေတ်ကာလ အခြေအနေများနှင့် ထင်ဟပ်ဖော်ပြရာတွင် အရောင်အသွေးမရှိဘဲ ပကတိ အခြေအနေပေါ်လွင်အောင်ရေးဖွဲ့ထား၏။ ထို့ကြောင့်ခံစားမှုများနှင့်အတူ ဘဝအတွေးအခေါ်များလည်းရ၏။ အသိအမြင်များလည်း တိုး၏။ ခေတ်သမိုင်းကိုလည်း ထင်ဟပ်ရှုမြင်နိုင်၏။ ဤသည်ကား စာရေးသူ၏ စေတနာ အရင်းခံဖြစ်၏။ ယခု 'ကမ္ဘာကုန်ကျယ်သရွေ့ဝယ်' တွင်လည်း စာဖတ်ပရိသတ်များ ဤသို့ ရှုမြင်ခံစားနိုင်မည်ဟု ယုံကြည်ပါသည်။ (စာတည်း)*

**ယမန်နေ့မှအဆက်**

"မောင်. . . ဒေါ်လေးသက်သက် ဒီနေ့ ဘာလို့မလာတာလဲ"

"ဘာလို့မလာတာလဲ. . ဟုတ်လား၊ မမနွယ်မသိဘူးလား၊ သပိတ်တပ်ကြီး ရေနံချောင်းရောက်လာပြီ"

"အင်းလေ. . အဲဒါ ဘာဖြစ်လဲ"

"ဘာဖြစ်ရမလဲ၊ အခုညနေ ဈေးမှာ ဈေးသူဈေးသားတွေက သပိတ်တပ်သားတွေကို ကျွေးကြ မွေးကြတော့မလို့၊ မေမေလည်း အဲဒီမှာပေါ့၊ မောင်လည်း အဲဒီကို ပြန်သွားမလို့ဟာ၊ အခုတော့နောက်ကျနေပြီ ထင်တယ်"

မလေးနွယ်သည် ခေတ္တစဉ်းစားနေသည်။ ထိုနောက်မှ အကြံရဟန် ဝမ်းသာစွာပြောသည်။

"အဲဒီတပ်ကြီးက မကွေးကိုသွားမှာ မဟုတ်လား. . . ဟင်မောင်လေး"

"မဟုတ်ဘူး၊ ရန်ကုန်အထိသွားမှာ၊ တကယ့်ကိုသွားမှာ၊ ဘုရင်ခံအိမ်ကိုသွားဝိုင်းမှာ၊ တကယ့်ကိုဝိုင်း. . ."

"ဟုတ်ပါတယ်၊ တကတဲ. . မကွေးရောက်အောင်တော့ သွားရဦးမှာပဲမဟုတ်လား"

"အင်းလေ. . အင်းလေ. ."

"ဒါဖြင့် သူတို့ညောင်လှထိအောင် လျှောက်ကြရဦးမှာပဲ၊ မမနွယ်တို့ ရပ်ကွက်လမ်းထိပ်ကနေကြည့်ရင် မြင်ရမှာပေါ့၊ အဲဒီက သွားကြည့်ရအောင်နော်. . မောင်"

သက်ခိုင်က ဘဘောတူသဖြင့် မလေးနွယ်က စက်ဘီးကလေးကို တွန်းကာ ထွက်လာခဲ့သည်။ သက်ခိုင်က နောက်မှ လိုက်လာခဲ့၏။

ဝါဒ်ဆွန်ဝေးပေါ်သို့ရောက်သောအခါ ပြဿနာပေါ်တော့၏။

"မမနွယ် စက်ဘီးနင်းမယ်နော်၊ မောင်က အနောက်ဘက်က ထိုင်ခုံပေါ်ကလိုက်ခဲ့"

သက်ခိုင်က မျက်မှောင်ကြုတ်၍ ခေါင်းခါ၏။

"ဘာခေါင်းခါတာလဲ"

"မိန်းမလေးက စက်ဘီးနင်းပြီး ယောကျ်ားလေးက နောက်ကလိုက်စီးတော့ ရှက်စရာကြီး"

"ဒါဖြင့် မောင် နင်း၊ မမနွယ် နောက်ကလိုက်စီးမယ်"

"အို. . . မောင်မှ စက်ဘီးမစီးတတ်ဘဲ"

"တကယ် မစီးတတ်ဘူး"

"ဘယ်လိုလုပ် စီးတတ်ရမလဲ၊ စက်ဘီးမှမဝယ်နိုင်ဘဲဟာ"

"မောင်က မာနကြီးတာပဲ၊ သိပ်ကိုမာနကြီးတာပဲ၊ အင်းလေ. . ဒီလိုဆို လျှောက်သွားကြမယ်၊ သပိတ်တပ်ကြီးကို မမီတော့ မမနွယ်ကို မောင်အပြစ်မပြောနဲ့၊ ဒါပဲ"

ဤသို့ဆိုသော် သက်ခိုင်အရှုံးပေးရသည်။ စက်ဘီးမစီးတတ်သော မိမိကိုယ်သာ အပြစ်တင်ရ၏။

မလေးနွယ်က စက်ဘီး စနင်းသည်။ အရှိန်ရသောအခါ မကျေနပ်သော်လည်း သက်ခိုင်က နောက်ထိုင်ခုံပေါ်သို့ တင်ပါးလွဲ ခုန်တက်ပြီး လိုက်ပါခဲ့ရ၏။

ဝါဒ်ဆွန်ဝေးမှ ညာဘက်သို့ ချိုး၍ရွှေဘုံသာရပ်ကွက်ဆီသို့ ဝင်မိလေသောအခါ ဘောလုံးကွင်း၏ သည်ဘက်ထိပ်၌ မလေးနွယ်က စက်ဘီးကို ရပ်ပေးသည်။

"မောင်. . လမ်းထိပ်ကသွားစောင့်နေ၊ မမနွယ် စက်ဘီးသွားထားလိုက်ဦးမယ်၊ ပြီးတော့ . . ပြန်လာခဲ့မယ်နော်. . ကြားလား"

သက်ခိုင်က ခေါင်းညိတ်ပြ၏။ မလေးနွယ်က စက်ဘီးစီး၍ ထွက်ခွာသွား၏။

သက်ခိုင်သည် လမ်းထိပ်ဆီမသွားဘဲ ရပ်စောင့်နေ၏။ လမ်းထိပ်ဆီမှ အုတ်အုတ်ကျက်ကျက် ညံသောလူသံများ ကြားနေရ၏။

တစ်အောင့်စောင့်နေရပြီးသောအခါ မလေးနွယ်သည် ပြေးထွက်ပြန်လာ၏။

သက်ခိုင်နှင့်မလေးနွယ်သည် တစ်ဦးလက် တစ်ဦး ဆွဲကိုင်လျက်လမ်းထိပ်ဆီသို့ပြေးလာခဲ့ကြလေသည်။

လမ်းထိပ်၌လည်းကောင်း၊ လမ်းထိပ်ကဦးတိုက်ဆုံရာ ရေနံချောင်းမှ ထွက်၍ ညောင်လှမှသည် မကွေးသို့ပြေးသော မင်းလမ်းမကြီးတစ်လျှောက်၌ လည်းကောင်း လူပရိသတ်တို့ ကြိတ်ကြိတ်ခဲခဲ တစ်ခဲနက် တိုးဝှေ့တန်းစီလျက်ရှိနေကြသည်။

သက်ခိုင်နှင့်မလေးနွယ်သည် လူကြားထဲ တိုး၍လည်းကောင်း၊ လူတို့အောက်လျှိုး၍ လည်းကောင်းလမ်းထွင်ကာရှေ့ဆုံးသို့ ရောက်လာကြသည်။

လမ်းမကြီးပေါ်၌ ရေနံမြေ အလုပ်သမားတပ်ကြီးသည် တည်ငြိမ်ခံ့ညားစွာချီတက်လာနေ၏။

တပ်ကြီး၏ ရှေ့ဆုံးမှ ချီတက်လာသူ ပုဂ္ဂိုလ်ကြီး၏ အသွင်မှာ အခံ့ညားဆုံး ဖြစ်နေ၏။

သူကား . . တုတ်ခိုင်၏။ ကြန့်ကြီး၏။ တည်လှသော မျက်နှာမှ မေးရိုးကြီးများမှာ ပီသ ထင်ရှားနေ၏။ ဘောင်းဘီတို၊ အကျီညို လက်တိုတို့ကိုဝတ်ထားသောကြောင့် သူ၏ ခိုင်ခံ့သော ခြေသလုံးနှင့် ပေါင်တံများ၊ လက်မောင်းလက်ရုံးများကို ထင်ရှားစွာတွေ့နိုင်သည်။ ပခုံးနည်းတူ ကျယ်ဝန်းမောက်ဖြိုးသော သူ့ရင်ဘတ် တစ်ဖက်ပေါ်၌ နီရဲသော ဖဲပြားတံဆိပ်ကြီးကို ထိုးထား၏။ သူ့လည်ပင်းမှ ရင်ကို စလွယ်သိုင်းကာ ငွေရောင်လက်သော သံကြိုးခရာကြီးတစ်ခုကို လွယ်ထား၏။ သူ့ပခုံးနှစ်ဘက်ပေါ်တွင် ပုလိပ်နှင့် စစ်အရာရှိများတပ်ဆင်ထားတတ်သော ပခုံးဒေါက်များရှိသည်။ ဤပခုံးဒေါက်များ ထက်တွင် ပုလိပ်နှင့် စစ်အရာရှိများ၏ ဒေါက်များထက်မှ သရဖူများမပါ။ အဝ၊ အစိမ်း၊ အနီတည်းဟူသော တို့ဗမာအစည်းအရုံး၏ သင်္ကေတလက္ခဏာ အရောင်သုံးရပ်ကိုသာဆောင်ထား၏။

မလေးနွယ်က သက်ခိုင်၏ နားနားကပ်၍ တိုးတိုးမေးသည်။

"မောင်. . အဲဒီလူကြီးက ဘယ်သူလဲ"

"သခင်ဖိုးလှကြီးတဲ့. . အာဋ္ဌာဝကကြီးလို့လည်း ခေါ်တယ်"

"အာဋ္ဌာဝကကြီး၊ အဲဒါဘာ အဓိပ္ပာယ်လဲ"

"မမနွယ်ကလည်းဖျင်းလိုက်တာ၊အာဋ္ဌာဝက ဆိုတာ ဘာမှတ်လဲ၊ သိပ်စွမ်းတာ၊ အားကြီးစွမ်းတာ"

မလေးနွယ်သည် သက်ခိုင်ရှင်းပြသည်ကို နားမလည်သော်လည်း မေးမြန်းခွင့်မရတော့။

အကြောင်းမှာ လမ်းဘေးတစ်ဖက်တစ်ချက်ရှိ လူထုကြီး၏ တစ်ခဲနက်ကြွေးကြော်သံများက မိုးချုန်းဘိအလား ပေါ်ထွက်လာသောကြောင့်တည်း။

"သခင်မျိုးဟေ့ တို့ဗမာ။
အရေးတော်ပုံ အောင်ပါစေ. . ။
သပိတ်. . သပိတ်. . မှောက် မှောက်. . .
နေရှင်စနစ် ပျက်စီးပါစေ. . ."

မလေးနွယ်သည် သက်ခိုင်ကိုလှမ်းကြည့်သည်။

သက်ခိုင်သည် သူ့ညာလက်လေးကို လက်သီးဆုပ်မြှောက်၍ ပရိသတ်နှင့် အတူ ကြွေးကြော်နေ၏။

သို့ရာတွင် သက်ခိုင်၏ ညာလက်၌ မလေးနွယ်စည်းပေးထားသော လက်ကိုင်ပဝါလေးမရှိတော့။ လူကြားထဲ တိုးရင်း ဝှေ့ရင်း ပြုတ်ကျခဲ့လေပြီထင် သည်။

သက်ခိုင်က မလေးနွယ်ကို လှည့်ကြည့်ပြီး အမိန့်ပေးသည်။

"အော်လေ. . မမနွယ်၊ အော်ပါလား"

"ဘယ်လို အော်ရမလဲ မောင်ရ"

"သခင်မျိုးဟေ့ တို့ဗမာ၊ အဲဒီလိုအော်ပေါ့"

မလေးနွယ်သည်အော်ရန် ကြိုးစားကြည့်မိသည်။ သို့ရာတွင် အသံက ထွက်မလာ။ သက်ခိုင်ကသာ လက်သီးလက်မောင်းတန်း၍ ဆက်အော်နေ၏။

ဆုံးပါတော့မည်လောဟု ထင်မှားသဖွယ် သပိတ်တပ်ကြီးက အဆက်မပြတ်ချီတက်လာနေသည်။

သပိတ်တပ်သားတို့ကား အသွင်မျိုးစုံလှ၏။

အချို့က ဗိုလ်ဆံတောက်နှင့်၊ အချို့ကခေါင်းတုံး၊ အချို့ကသျှောင်ကြီး ဗွေနှင့်၊ ဘောင်းဘီဝတ်ထားသူများလည်းပါကြသည်။ ပုဆိုးတိုတို ဝတ်ထားသူများလည်း ပါကြသည်။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ

ဒေါက်တာအောင်မြင့်ဦး(ပါမောက္ခ/ဌာနမှူး၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်)-မိတင်တင်စိုးအေး(ကထိက/ဌာနမှူး၊ မြန်မာစာဌာန၊ ဆေးတက္ကသိုလ်-၁)တို့၏သား

ri;cr;rene

**(Librarian at Institute of Southeast Asian Studies; Ministry of Education Singapore)**
**M.Sc Information Studies; Nanyang Technological University (Singapore), B.A(Hons) Library and Information Studies(Ygn), Higher Diploma in Masscommunication**
**(TMC Academy, Singapore), Diploma in TESOL(USA)**

နှင့်

စင်ကာပူနေ

ဦးမင်းလွင်ဦး**[Workplace Safety and Health(WSH) Manager at Sumitomo Mitsui Construction Co.,Ltd Singapore]**-ဒေါ်တင်တင်လှတို့၏သမီး

r , rri;vi

**(Training Executive at NTUC Learninghub Pte.Ltd, Singapore)**
**Advanced Diploma in Management; Kaplan Higher Education Institute (Singapore),**
**Diploma in Retail Management; Nanyang Polytechnic(Singapore)**

တို့သည် ၁၀-၈-၂၀၁၅ရက်တွင် ရန်ကုန်မြို့၊ Sedona Hotel ၌ နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပြီးဖြစ်ပါသည်။

နှစ်ဖက်သောမိဘများနှင့်
မင်းချမ်းမွန်ညိန်-မယမုံမင်းလွင်



**ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မှန်နီဇလုပ်(အနောက်)၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃၂/A)၊ မြေကွက်အမှတ် (၁၉/A)၊ မြေရေိယာ(၁ဒသမ၇၉)ကေ မြေကွက်နှင့်မြေကွက်အမှတ်(၁၉/B)၊ မြေရေိယာ(၀ဒသမ၁၀)ကေရှိ မြေကွက်စုစုပေါင်းရေိယာ(၁ဒသမ၈၉)ကေရှိ မြေကွက်နှင့်ပတ်သက်၍ အများသိစေရန်အသိပေးကြေညာချက်**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မှန်နီဇလုပ်(အနောက်)၊ မြေတိုင်းရပ်ကွက်အမှတ်-၅၃၂/A၊ မြေကွက်အမှတ်(၁၉/A)၊ မြေဧရိယာ(၁. ၇၉) ဧကမြေကွက်နှင့်မြေကွက်အမှတ်(၁၉/B)၊ မြေဧရိယာ(၀. ၁၀)ဧကရှိ မြေဧရိယာ(၁. ၈၉)ဧကသည် ကွယ်လွန်သူမိတ်ဆွေ၏အဘိုး ဦးရန်နီရန်ဂျန်ဒတ်(ခ)အမည်ပေါက်ပိုင်ဆိုင်သော ဂရန်ရှိမြေပိုင်မြေ (Leasehold lands) ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါမြေ(၁. ၈၉)ဧကကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း၊ ကျူးကျော်နေထိုင်ခြင်း၊ ခြံကာခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ မြေပုံမြေရာဇဝင်ကူးယူလျှောက်ထားခြင်း၊ အမည်ပြောင်းလဲခြင်း၊ မြေအဆင့်အတန်းမြှင့်တင်ရန်လျှောက်ထားခြင်းမပြုလုပ်ရန်နှင့် ပြုလုပ်ပါက တည်ဆဲဥပဒေများအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဘီးမားဟာရီ(၁၂/ပဘတ(နိုင်)၀၁၈၀၇၆)၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဌေးမောင်(စဥ်-၃၉၈၄)** | **ဒေါ်နုနုယဉ်(စဥ်-၂၃၅၇၃)**
**တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ**

**အမှတ်(၄၇)၊ ဗိုလ်လရောင်လမ်း၊ (၁၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**



## ကုန်အမှတ်တံဆိပ် သတိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်လမ်း၊ အမှတ်(၅၉)ရှိ "iMyanmar Co.,Ltd."၏ အုပ်ချုပ်မှု မန်နေဂျာဖြစ်သူ ဦးနေမင်းသူ၏ ညွှန်ကြားချက်အရ အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးစာချုပ်အမှတ်-၂၃၅၂/၂၀၁၃အရ မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။

iMyanmar

အထက်ပါကုန်အမှတ်တံဆိပ် အမှတ်အသားကို အသုံးပြု၍ ဆိုင်းဘုတ်၊ ဘလောက်၊ တီဗွီ၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်များ၊ လက်ကမ်းကြော်ငြာများ၊ တံဆိပ်တုံး၊ Internet, Website, Facebook, Emailအစရှိသည်တို့တွင် အသုံးပြုသွားမည်ဖြစ်ပါသည်။

အဆိုပါ လုပ်ငန်းတံဆိပ်အမည်အမှတ်အသားဖြစ်သော "iMyanmar" ဟူသော အမည်ဖြင့် မီဒီယာလုပ်ငန်း(Print Media)၊ အွန်လိုင်းမီဒီယာလုပ်ငန်း(Online Media)၊ မိုဘိုင်းမီဒီယာလုပ်ငန်း(Mobile Media)၊ ကြော်ငြာလုပ်ငန်း(Advertising)၊ အွန်လိုင်းကြော်ငြာလုပ်ငန်း(Online Advertising)၊ မိုဘိုင်းကြော်ငြာလုပ်ငန်း(Mobile Advertising)၊ အွန်လိုင်းဈေးရောင်းဈေးဝယ်ဝန်ဆောင်မှု (Online Shopping Services)၊ မိုဘိုင်းဈေးရောင်းဈေးဝယ်ဝန်ဆောင်မှု(Mobile Shopping Services)၊ အွန်လိုင်းသတင်းအချက်အလက်ဝန်ဆောင်မှု (Online Information Services)၊ မိုဘိုင်းသတင်းအချက်အလက်ဝန်ဆောင်မှု (Mobile Information Services)၊ အွန်လိုင်းဖျော်ဖြေရေး ဝန်ဆောင်မှု(Online Entertainment Services)၊ မိုဘိုင်းဖျော်ဖြေရေးဝန်ဆောင်မှု (Mobile Entertainment Services) အမျိုးမျိုးတို့ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် လုပ်ကိုင် သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါ တံဆိပ်အမည်အမှတ်အသားကို မိမိတစ်ဦးတည်း သုံးစွဲလျက်ရှိပြီး အခြားမည်သူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ အများကဖြစ်စေ၊ အဖွဲ့အစည်းကဖြစ်စေ၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေ၊ အားလုံးကိုဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း တုပပြုလုပ်အသုံးပြုပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**
**ဦးဇော်သိန်းထွန်း**
**(တရားလွှတ်တော်ရှေ့နေ)(စဉ်-၁၆၁၅)**
**Myanmar Prestige Legal and Financial Consulting Co.,Ltd.**
**အခန်း-၃၊ ၇-လွှာ၊ Strand Condo၊ မဟာဗန္ဓုလပန်းခြံလမ်းနှင့် ဘဏ်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၄၁၅၈၀၈၊ ၀၁-၃၇၈၆၁၅**

# ဘဏ္ဍာရေးအစီရင်ခံခြင်းလုပ်ငန်းများတိုးတက်စေရန် မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်ဆွေးနွေး

**ရန်ကုန် ဩဂုတ် ၁၅**

မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးအစီရင်ခံခြင်းလုပ်ငန်းများ (Myanmar Financial Reporting System) တိုးတက်စေရန်အတွက် နိုင်ငံအဆင့် မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက် မိတ်ဆက်ခြင်းနှင့် ဆွေးနွေးပွဲကို ရန်ကုန်မြို့ Novotel ဟိုတယ်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် ဘဏ္ဍာရေးအစီရင်ခံခြင်းလုပ်ငန်းစီမံချက်ကော်မတီအနေဖြင့် မြန်မာနိုင်ငံဘဏ်လုပ်ငန်းကဏ္ဍတွင် ဘဏ္ဍာရေးအစီအရင်ခံခြင်းလုပ်ငန်းများ တိုးတက်စေရေးအတွက် နိုင်ငံအဆင့် မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်ဆိုင်ရာများကို တက်ရောက်လာသည့် အဖွဲ့အစည်းများက ဂျာမန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(GIZ)၏ ဘဏ္ဍာရေးကဏ္ဍ တိုးတက်ဖွံ့ဖြိုးမှု စီမံကိန်းမှကူညီမှုဖြင့် ဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံစာရင်းကောင်စီ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း၊ အာရှပစိဖိတ်ဒေသစာရင်းကိုင်မူဝါဒဆိုင်ရာ အကြံပေးအဖွဲ့တို့မှ ကိုယ်စားလှယ်များ၊ GIZ မှ စာရင်းအင်းပညာရှင်များ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

International Financial Reporting System (IFRS) နိုင်ငံတကာစံနှုန်းနှင့်ညီညွတ်သော စာရင်းကိုင်နှင့် စာရင်းစစ်စံနှုန်းများသည် မြန်မာနိုင်ငံတွင် ၂၀၀၃ ခုနှစ်ကတည်းကရှိနေပြီး တိုးမြှင့်ဆောင်ရွက်လာနိုင်ရန် ဘဏ်လုပ်ငန်းများတွင် ဘဏ္ဍာရေးအစီရင်ခံခြင်း ထင်သာမြင်သာရှိမှု၊ တာဝန်ယူမှုနှင့် ကော်ပိုရိတ်ဆိုင်ရာ အုပ်ချုပ်မှုတို့ကို တိုးမြှင့်ပေးရန် လုပ်ငန်းအစီအစဉ်များ ကော်မတီမှ သတ်မှတ်ပေးထားကြောင်း၊ ပြည်တွင်းရှိစာရင်းကိုင်များနှင့် စာရင်းစစ်များ၏ လုပ်ငန်းစွမ်းဆောင်ရည်နှင့် အသိပညာ တိုးတက်လာစေရန်၊ နိုင်ငံတကာစာရင်းစံနှုန်းများနှင့် စာရင်းစစ်စံနှုန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအားဖြင့် ဘဏ်လုပ်ငန်းတွင်း ဆုံးရှုံးမှုအန္တရာယ်များကို စီမံထိန်းချုပ်နိုင်မည်ဖြစ်၍ ယခုလုပ်ငန်းများကို အကောင်အထည်ဖော်ရန်မှာ ဘဏ္ဍာရေးကဏ္ဍတွင် ပါဝင်ပတ်သက်နေသည့် အဖွဲ့အစည်းအသီးသီး၏ ကြိုးစားအားထုတ်မှု အဓိကလိုအပ်ကြောင်း ဒုတိယစာရင်းစစ်ချုပ် ဦးမျိုးမြင့်ကပြောသည်။

GIZ မှ ဘဏ္ဍာရေးကဏ္ဍတိုးတက်ဖွံ့ဖြိုးမှု စီမံကိန်းအကြီးအကဲ စာရင်းအင်းကျွမ်းကျင်ပညာရှင် မစ္စတာသောမတ်စ်ဖို့ချ်ကလည်း စာရင်းအင်းပိုင်းသည် လူစိတ်ဝင်စားမှုနည်းပြီး ပါဝင်ပတ်သက်နေသည့် ဘဏ္ဍာရေးအဖွဲ့အစည်းများ၊ ဘဏ္ဍာရေးလုပ်ငန်းဆောင်ရွက်နေသည့် ပုဂ္ဂိုလ်များက ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးအစီရင်ခံမှု တိုးမြှင့်ရန်မှာ အဓိကအရေးကြီးကြောင်းပြောသည်။

ဘဏ္ဍာရေးဆိုင်လုပ်ငန်းများ၊ စတော့အိတ်ချိန်းများဖွံ့ဖြိုးလာစေရန် ICT မြှင့်တင်ပေးရန်လည်း လိုအပ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး စာရင်းစစ်ချုပ် ဦးမြင့်အောင်က ပြောသည်။

မြန်မာနိုင်ငံတွင် စာရင်းစစ်၊ စာရင်းကိုင်များ နှစ်စဉ်မွေးထုတ်မှုပမာဏမှာလည်း နည်းနေသဖြင့် လက်ရှိကျွမ်းကျင်စာရင်းကိုင်နှင့် စာရင်းစစ်အင်အားသည် အလွန်နည်းနေကြောင်း Myanmar Institute of Certified Public Accountants ဦးမိုးကျော် (MICPA) က ပြောကြားခဲ့သည်။ ဆွေးနွေးပွဲသို့ ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်လည်း တက်ရောက်ဟောပြောခဲ့ကြောင်းသိရသည်။ **သန့်ဇင်ဝင်း**

# ကျုံပျော်ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့ပစ္စည်းများလာရောက်လှူဒါန်း

**ကျုံပျော် ဩဂုတ် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအားလှည်းကူးမြို့ပြည်သူများနှင့် စိုက်ပျိုးရေးဝန်ထမ်းများက ထောက်ပံ့ပစ္စည်းများပေးအပ်လှူဒါန်းပွဲကို ကျုံပျော်မြို့ ဧရာမင်းခန်းမ၌ ဩဂုတ် ၁၃ ရက် မွန်းလွဲ ၁၂ နာရီခွဲက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းလှူဒါန်းပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတန်က မြို့နယ်အတွင်း ရေကြီးနစ်မြုပ်မှုအခြေအနေအားလည်းကောင်း၊ တိုင်းစိုက်ပျိုးရေးညွှန်ကြားရေးမှူး (ငြိမ်း) ဦးမြင့်သိန်းနှင့် အလှူရှင်အားလုံးကိုယ်စား ဦးမျိုးသန့်က လှူဒါန်းရခြင်းနှင့်ပတ်သက်၍လည်းကောင်းပြောကြားရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းထွန်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

ယင်းနောက် အလှူရှင်များက ကယ်ဆယ်ရေးစခန်းများအလိုက် ထောက်ပံ့ပစ္စည်းများလှူဒါန်းရာ၊ လှူဒါန်းပစ္စည်းများတွင် ဆန်၊ ဆီ၊ ဆေး၊ အဝတ်အထည်စသည့်ပစ္စည်းကိုးမျိုးပါဝင်သည့် အိတ်ပေါင်း ၆၅၀၊ စောင်၊ ခြင်ထောင်၊ ရေသန့်နှင့် နွားစာမြက်ကားသုံးစီးအပါအဝင် စုစုပေါင်းကျပ်သိန်း ၉၀ တန်ဖိုးလှူဒါန်းခဲ့ကြကြောင်း သိရသည်။

**နေဝင်းမြင့်(ပြန်/ဆက်)**

# မုံရွာမြို့နယ် တောင်ပုံ (၅) ပေါက်တွဲရေတံခါးပြုပြင်နိုင်ရန် ယာယီရေတားတမံပြုလုပ်ခြင်းလုပ်ငန်းဆောင်ရွက်

**မုံရွာ ဩဂုတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီးတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဒေသအချို့တွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ရာ မုံရွာမြို့နယ်အတွင်းရှိ တောင်ပုံ(၅)ပေါက်တွဲ ရေတံခါးအနီးတာပေါင်နေရာမှ စတင်ထူးပေါက်ကာ ပေရှည် ၁၅၀ ခန့် ကျိုးပေါက်ခဲ့သဖြင့် အဆိုပါရေတံခါးပြုပြင်နိုင်ရန် ယာယီရေတားတမံကို ဩဂုတ် ၁၇ ရက်တွင် အပြီးဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါရေတံခါးအား အခိုင်အမာပြုပြင်ခြင်းလုပ်ငန်းကို မိုးကုန်မှသာ စစ်ဆေးခြင်း၊ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကာ ယာယီရေတားတမံ အရှည် ၄၇၅ ပေ ပြုလုပ်ခြင်းလုပ်ငန်းကို ပြည်ထောင်စုဘတ်ဂျက်နှင့် တိုင်းဒေသကြီး ဆည်မြောင်းထိန်းသိမ်းရေးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးလှရွှေက ကြီးကြပ်ပြီး စစ်ကိုင်း၊ ရွှေဘို၊ ဝက်လက်၊ ဒီပဲယင်းမြို့နယ်များမှ ဆည်မြောင်းဌာနတာဝန်ခံများက လုပ်သားအင်အားများဖြင့် ပူးပေါင်းကူညီဆောင်ရွက်လျက်ရှိရာ ပြီးစီးမှု ၄၀ ရာနှုန်းခန့်ရှိပြီဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**




ဂန္ဓဝင်ရွှေပုဂံ Travels & Tours

Promotion Trips

| | | |
|---|---|---|
| ဗန်ကောက် | (၅) ရက် | USD 470 |
| စင်ကာပူ | (၄) ရက် | USD 630 |
| ဟောင်ကောင် | (၅) ရက် | USD 1000 |
| ပီကင်း + ရှန်ဟိုင်း | (၆) ရက် | USD 1200 |

(YGN Office): 67, Baho Rd,Sanchaung, Yangon.Ph: 01-519300,51049l, 01-2304645, 09-252281456

(MDY Office): 81 Road, Between 33 x 34 St, Mandalay.
Ph: 09 - 31693339, 09-73013856





အားမာန် ပညာ့ရိပ်သာ

B.Ed ဝင်ခွင့်/ဖွင့်ပြီ

Exam Guide ထွက်ပြီ

အမှတ် ၉၀ (၅ လွှာ)၊ ၃၇ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း ၀၁-၃၇၄၄၇၀၊ ၀၉-၂၅၀၃၁၂၃၇၉



စီးပွားရေးလုပ်ငန်းသုံး အီးမေးလ်ရေးသားနည်း ထွက်ပြီ

Business e-mail Letter Writing

- ကုမ္ပဏီတိုင်း၊ လုပ်ငန်းတိုင်း၊ အဖွဲ့အစည်းတိုင်းတွင် မသုံးမဖြစ် တွင်ကျယ်လာသော e-mail အကြောင်း။
- ကုမ္ပဏီသုံး e-mailပုံစံများ၊ ဈေးနှုန်းတောင်းခံခြင်း၊ အမှာစာပေးပို့ခြင်း၊ လုပ်ငန်းများညှိနှိုင်းခြင်း၊ အစည်းအဝေးဖိတ်ကြားခြင်း စသည်တို့ကို မိမိကုမ္ပဏီ၏ Letter Head နှင့် တွဲဖက်၍ အသင့်အသုံးပြုနိုင်ရန် ရေးသားစီစဉ်ပေးထားသည်။

ဟံဝင်း (Y.U.D.E)

မနောဖြူစာပေ - ဖုန်း - 09 73246980 ၊ 09 73043873

LANCASTER Education Centre

၂၆-ေအ (တတိယထပ်)နဝဒေးလမ်း၊ ဒဂုံမြို့နယ်။ဖုန်း-၃၇၄၆၆၄၊ ၀၉-၇၃၀၉၇၄၆၆



IELTS စာမေးပွဲကို အမှတ်များများဖြင့်အောင်မြင်လိုသော ကျောင်းသားများနှင့် အင်္ဂလိပ်စာကို ကျွမ်းကျင်စွာ တတ်မြောက်လိုသူများ အတွက်

IELTS (Foundation, Preparation, Exam Practice)
IELTS ( Intensive )
General English ( Elementary -Intermediate )
IGCSE ( English )
Starters , Movers , Flyers KET , PET , Pre-FCE

တန်းခွဲသစ်များ လစဉ်ဖွင့်လှစ်ထားပါသည်။

ကျန်းမာရေးဆောင်းပါး

# ဆီးချိုရှိနေတာ သွေးလှူလို့ရပါသလား

**à** ပေါက်ပေါက်

ကျွန်မကို လူမှုကွန်ရက်တစ်ခုဖြစ်တဲ့ ဖေ့စ်ဗွတ်မက်ဆစ်ခ်ျ (Facebook message/messenger) မှနေပြီး စာဖတ်ပရိတ်သတ်များက သူတို့သိလိုသော မေးခွန်းလေးတွေကို မေးလာကြပါတယ်။ ကျွန်မက ပြန်ဖြေပေးရင်း စာဖတ်ပရိတ်များအားလုံးကိုလည်း ကျန်းမာသုတရစေလိုသောရည်ရွယ်ချက်ဖြင့် FB messenger မှ ကျန်းမာရေး အမေးအဖြေကဏ္ဍလေးများအဖြစ် ဖော်ပြပေးလိုက်ရပါတယ်။

ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း) တွင် နေထိုင်သော မပိုးပိုး အသက် ၃၈ နှစ်က "မင်္ဂလာပါ မမပေါက်၊ ညီမမေးစရာလေးရှိလို့ပါ။ ညီမက လေးလတစ်ကြိမ် သွေးလှူပါတယ်။ ဒါပေမယ့် ခုဆီးချိုရှိနေတာဆိုတော့ အဲဒါ သွေးလှူလို့ရလား သိချင်လို့ပါ" တဲ့။

မင်္ဂလာပါညီမရေ။ ဆီးချိုရှိရင် သွေးမလှူသင့်ပါဘူး။ ဒါကြောင့်လည်း blood donation bank တွေက သွေးလှူခါနီးမှာ ဆီးချို၊ သွေးချို ရှိ-မရှိကို ဦးဆုံးပုံစံ form ဖြည့်ခိုင်းနေရတာပေါ့နော်။ ဘာကြောင့်လဲဆိုတော့ ဆီးချို၊ သွေးချိုရှိသူဟာ သွေးလှူနေတုန်း သွေးဖောက်နေတုန်းမှာ ဂလူးကို့စ်ပမာဏ ဝုန်းကနဲ ပြုတ်ကျသွားတာမျိုးတွေရှိတတ်ပါတယ်။အဲဒီလို သွေးဖောက်လှူနေစဉ်မှာ ဆရာဝန်တွေနဲ့ နာ့စ်တွေက blood pressure သွေးဖိအားကိုသာ စစ်ပါတယ်။ sugar level သွေးထဲက သကြားပမာဏကို မစစ်ပေးနိုင်ပါဘူး။ ဒါကြောင့်လည်း အလှူရှင်တွေအတွက် အချိန်မရွေး အန္တရာယ်ဖြစ်နိုင်ခြေရှိပါတယ်လေ။

မမစုံစမ်းမေးမြန်းထားချက်အရ ၁၂-၈-၂၀၁၅ ရက်နေ့အထိ ရန်ကုန်ဆေးရုံကြီး၏ ဗဟိုအမျိုးသားသွေးလှူဘဏ်မှာ 'အလှူရှင်သည် ဆီးချို၊ သွေးချို ရှိသော်ငြားလည်း လက်ရှိအခြေအနေမှာ insulin အင်ဆူလင်ပြဿနာမရှိရင် လှူနိုင်၏' လို့ ဖော်ပြထားပေမယ့် တကယ်တမ်းမှာတော့ ဆီးချိုရောဂါရှိနေသူ သွေးလှူရှင်အတွက်ရော၊ ၎င်းသွေးကိုလက်ခံမယ့် အလှူခံပုဂ္ဂိုလ်အတွက်ရော save (ယုံကြည်စိတ်ချရစေ) ဖြစ်ဖို့ ဆီးချို၊ သွေးချိုရောဂါသည်ထံမှ လာလှူတဲ့သွေးကို လုံးဝလက်မခံနိုင်သေးပါဘူးတဲ့။

ဆီးချိုဝေဒနာရှင်တွေက မှီဝဲနေတဲ့ဆေးများနဲ့ ၎င်းသွေးထဲရှိ အင်ဆူလင်ဟာ အလှူခံရမယ့်သူအတွက် အနည်းနဲ့အများဆိုသလို ဘေးထွက်ဆိုးကျိုး ဖြစ်စေနိုင်ပါလိမ့်မယ်။ သွေးအလှူခံသူဟာ နဂိုကတည်းက မကျန်းမာသူ (သို့) နေမကောင်းသူ (သို့) operation ခွဲစိပ်မှု တစ်ခုခုလုပ်ထားသူ (သို့) ကိုယ်ခံအားနည်းနေသူဖြစ်တာကြောင့် ဆီးချိုရှိသူရဲ့သွေးကို လက်ခံဖို့မသင့်ပါဘူး။

ညီမသဘောပေါက်သွားအောင် သူများနိုင်ငံတွေရဲ့ အခြေအနေတွေကို မမက အောက်ပါအတိုင်း ရှင်းပြချင်ပါတယ်။

(၁) ကနေဒါနိုင်ငံရှိ The Canadian Diabetes Association တစ်ခုဖြစ်သော University College of Medicine Sciences မှ ပြောရေးဆိုခွင့်ရှိသူ Pranab Chatterjee ဆိုသူက ဒီလိုအကြံပေးထားပါတယ်။

"သင်ဟာ ဆီးချိုရောဂါကြောင့် အင်ဆူလင်ဆေးကို မှီဝဲနေရတဲ့သူဆိုရင်တော့ သွေးမလှူသင့်ပါဘူး၊ ဘာကြောင့်လဲဆိုတော့ သွေးလှူပြီးတဲ့အခါ သွေးထဲမှာရှိတဲ့ သကြားဓာတ် လျော့နည်းသွားတာကြောင့် သွေးလှူနေစဉ်မှာသော်လည်းကောင်း၊ သွေးလှူပြီးလို့ အိမ်အပြန်လမ်းမှာသော်လည်းကောင်း reaction တန်ပြန်တဲ့သဘောအရ သတိလစ်တာ၊ မူးဝေတာတွေ ရုတ်ခြည်းဖြစ်လာနိုင်ပါတယ်။ များသောအားဖြင့် ဆီးချိုရောဂါအမှတ်-၂ (ခေါ်)သက်ကြီးပိုင်းမှာဖြစ်လာတဲ့ ဆီးချိုရောဂါသည်တွေမှာ သွေးတိုးရောဂါနဲ့ နှလုံးပြဿနာတွေ ရှိနေကြပါတယ်။ အကယ်၍ သင့်မှာ ဆီးချို၊ သွေးချိုရောဂါရှိနေပေမယ့်လို့ မိမိကျန်းမာရေးကို မှန်မှန်ဂရုစိုက်တယ်။ အင်ဆူလင်ပြဿနာမရှိနိုင်ဘူးဆိုရင်တော့ သွေးလှူချင်လည်း လှူနိုင်ပါတယ်" တဲ့ညီမရေ။

(၂) Mayo Foundation for Medical Education and Research မှ သုတေသီတစ်ဦးဖြစ်တဲ့ Jeffrey Lawrence Winters ဆိုသူကတော့ "ဆီးချိုရောဂါဟာ HIV၊ ဘီပိုး၊ စီးပိုး တို့လို ကူးစက်ရောဂါမဟုတ်ပါဘူး။ ဒါကြောင့် အမေရိကန်နိုင်ငံရှိ FDA(Food and Drug Administration) နဲ့ The AABB (Formerly American Association of Blood Bank) တို့မှာ ဆီးချိုရောဂါသည်တွေ သွေးလှူတာကို မတားမြစ်ပါဘူး။ အခု ကျွန်တော်တာဝန်ထမ်းဆောင်နေတဲ့ သွေးစုဆောင်းရေးစင်တာမှာ ဆီးချိုရောဂါသည်တွေ သွေးလှူချင်တယ်ဆိုရင် သူတို့ကို အစားအစာနှင့် oral hypoglycemic (ခေါ်) အင်ဆူလင်နဲ့ထိန်းပေးပြီး အင်ဆူလင်ပုံမှန်ဖြစ်နေတယ်ဆိုရင် သွေးလက်ခံပါတယ်။ အကယ်၍ သွေးလှူရှင်မှာ ဂလူးကို့စ်ထိန်းချုပ်ဖို့ ခက်ခဲနေမယ်ဆိုရင်တော့ ဒါသူ့အတွက် ပြဿနာဖြစ်နိုင်တယ်လေ။ ပြဿနာမရှိနိုင်တဲ့သူတွေကတော့ ဆီးချို၊ သွေးချိုရောဂါဖြစ်နေပေမယ့်လည်း တချို့ကျန်းမာရေးကောင်းနေတဲ့သူတွေဆိုရင် နှစ်ကြိမ်သုံးကြိမ်ထိ လှူပြီးနေကြပါပြီ" တဲ့ ညီမရေ။

(၃) Indian Institute of Horticultural Research မှ သုတေသီတစ်ဦးက Vegeeshbabu Hanur ဆိုသူကတော့ "အိန္ဒိယနိုင်ငံ၏ AFAIK (ခေါ်) သွေးလှူဘဏ်မှာတော့ ဆီးချိုရောဂါသည်တစ်ဦးဟာ မည်မျှပင် ကျန်းမာရေးကောင်းနေပါစေ သို့သော် သွေးလှူတာကို လုံးဝ လက်မခံသေးပါဘူး။ ကမ္ဘာနဲ့အညီ တန်းတူဖြစ်စေဖို့ ဆီးချိုဝေဒနာသည်တွေဟာလည်း သွေးလှူခွင့် ရသင့်ပါတယ်လေ။ ဒါပေမယ့် သွေးဖောက်ပြီးတဲ့အခါ သူ့ကျန်းမာရေးဟာ တကယ်ပဲနောက်ဆက်တွဲပြဿနာမဖြစ်ဖို့ တော့ အရေးကြီးတာပေါ့ဗျာ" တဲ့ ညီမရေ။


(၄) ဂရိနိုင်ငံ National and Kapodistrian University of Athens ၏ လက်အောက်ရှိ Division of Biochemistry ဌာနမှ ပါရဂူတစ်ဦးဖြစ်သူ Eva Kassi ကတော့ 'ကျွန်တော်တို့ ဂရိနိုင်ငံမှာ ဆီးချိုရောဂါသည်တွေ သွေးလှူခွင့်မရှိပါဘူး။ ဒီလိုတားမြစ်ထားတာကလည်း သူတို့ (ဆီးချိုရောဂါသည်) တွေအတွက်ပါ။ သူတို့မှာ ကျန်းမာရေးအန္တရာယ်မဖြစ်စေချင်တဲ့ ရည်ရွယ်ချက်ကြောင့်ပါ" တဲ့ ညီမရေ။

ကဲ-ညီမရေ။ ဒီလောက်ဆို သဘောပေါက်သွားပြီထင်ပါတယ်။ ဒါနဲ့ညီမရေ ဆီးချိုရောဂါသည်တွေအတွက် ဘဝနေထိုင်မှုနဲ့ ရှောင်ရန်၊ ဆောင်ရန် အစားအစာလေးတွေကို မမရေးပေးထားဖူးပါတယ်။ မမရဲ့ 'Promsie Pauk' Facebook နဲ့ 'အလှအပ၊ ဖက်ရှင်နှင့် ကျန်းမာရေးဆိုင်ရာ ဆောင်းပါးရှင် Promise Pauk' ပေ့ခ်ျ (page) တို့မှာ ဝင်ရောက်ဖတ်ရှုလိုက်ပါနော်။ ကျန်းမာပျော်ရွှင်ပါစေကွယ်။ ။



စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်-ဗန်းမောက်ကားလမ်း မိုင်တိုင်အမှတ်(၂၀/၃)အနီးရှိ တောင်တန်းတွင် ဇူလိုင် ၂၉ ရက်တွင် တောင်ပြိုမှုဖြစ်ပွားခဲ့သည်။ ဩဂုတ် ၁၃ ရက်ကလည်း မိုးရွာသွန်းပြီး ထပ်မံတောင်ပြိုခဲ့သောကြောင့် ခရီးသွားလာမှု နှောင့်နှေးကြန့်ကြာမှု ဖြစ်ပွားခဲ့သည်။ သတင်းနှင့် ဓာတ်ပုံ - မောင်ချစ်လင်း




om;tjzpr tarjywpevwjci;

ကျောက်တံခါးမြို့နယ်၊ ဖဒို(၁)ရပ်ကွက်နေ ဦးပရင်မလာ-ဒေါ်လာလီယားတို့၏သားဖြစ်သူ ဦးမူရာရီ[၇/ကတခ(နိုင်)၁၀၉၅၂၈]ကိုင်ဆောင်သူသည် မိဘ(၂)ပါးစိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာအပ်ပါသည်။

**ဦးပရင်မလာ-ဒေါ်လာလီယား**

ay;mu q;

ဦးမင်းမင်းထွဋ် သဘော်သားမှတ်ပုံတင်အမှတ်(၄၃၈၉၃)ကိုင်ဆောင်သော E/D.H, 4Thickets P.S.C.R.B လက်မှတ်များသည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၀၀၆၃၄၇၂




MPT × LINE
ဆွေသဟာ သုံးစွဲသူများအတွက်
LINE ပရိုမိုးရှင်း အစီအစဉ်
အင်တာနက် သုံးစွဲခ ပေးရန်မလိုဘဲ
LINE Chat (ကြိုက်သလောက်) နှင့် LINE Calls (50MB) အသုံးပြုလိုက်ပါ
အင်တာနက် အခမဲ့ အသုံးပြုလိုက်ပါ
• LINE Application များဖြစ်သော Chatting ပြုလုပ်ခြင်း၊ စတစ်ကာများ ပေးပို့ လက်ခံခြင်း၊ ဓါတ်ပုံများ ပေးပို့ခြင်း၊ မိမိ၏ Timeline ကို Update လုပ်ခြင်း၊ VoIP ခေါ်ဆိုခြင်းများကို အခမဲ့ပြုလုပ်နိုင်ပါသည်။
• VoIP ခေါ်ဆိုခြင်းကို သုံးစွဲသူတစ်ဦးလျှင် တစ်လ 50MB ထိအသုံးပြုနိုင်ပါမည်။
• ယခုအစီအစဉ်မှာ ဆွေသဟာ အသုံးပြုသူများအတွက် ဖြစ်ပြီး ပရိုမိုးရှင်း ကာလမှာ ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့ထိ ဖြစ်ပါသည်။
• ဤပရိုမိုးရှင်း နှင့်ပတ်သက်၍ ပြင်ဆင်ပြောင်းလဲချက်များကို MPT Website တွင် အချိန်နှင့်တပြေးညီ ဖော်ပြ အသိပေးသွားပါမည်။
LINE Application ကို ယခုဘဲ www.line.me/my မှ အခမဲ့ DOWNLOAD ရယူလိုက်ပါ။
MPT
YAN NAING
100% 16:52
အင်တာနက် ချိတ်ဆက်အသုံးပြုပုံ
Android ဖုန်းအသုံးသူများအတွက်
Setting › Mobile Network › Access Point Name
Name - mptnet
APN - mptnet
iOS ဖုန်းအသုံးသူများအတွက်
Setting › Cellular › Cellular Data Network
APN - mptnet
Username - mptnet
ဆွေသဟာ ရယူရန်အတွက် SWE ဟုရိုက်ပြီး 1332 သို့ SMS အခမဲ့ ပေးပို့ပါ။
CALL CENTER 106
free hotline, 24 hours everyday
mptofficialpage
www.mpt.com.mm

# ပရဟိတ ကလေးများဘဝ ရွှေရောင်တောက်ပဖို့ မြေတောင်မြှောက်ကြစို့




မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းစံပြကျေးရွာ၊ မြို့ဦးပရဟိတဘုန်းတော်ကြီးသင် ပညာရေးကျောင်း (လူငယ်စောင့်ရှောက်ရေးဌာန)ကို ၂၀၀၁ခုနှစ်တွင် မိဘေးဖဘေး၊ မိမဲ့ဖမဲ့၊ မိဘမဲ့၊ ဆင်းရဲနွမ်းပါး ကလေး(၃၅)ဦးဖြင့် နိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့၏ ခွင့်ပြုချက်ဖြင့် စတင်ဖွင့်လှစ်ခဲ့ပါသည်။

ယခုနှစ် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာ သူငယ်တန်းမှတက္ကသိုလ်ဝင်တန်းအထိ ကျောင်းသား/ကျောင်းသူကလေးပေါင်း (၂၇၀)ဦးကို ထိန်းသိမ်းစောင့်ရှောက်ထားလျက်ရှိပါသည်။ (၁၄)နှစ်တာခရီးတိုင်အောင် ဖြတ်သန်းလာရသော်လည်း အမာခံငွေပင်ငွေရင်း ကျောထောက်နောက်ခံမရှိခြင်း၊ ရပ်ဝေးအလှူရှင်အားနည်းခြင်း စသောအကြောင်းများကြောင့် လိုအပ်ချက်များ ရှိနေပါသည်။

အထူးသဖြင့် ကလေးများအတွက် ကျွေးမွေးရေး ဆန်၊ ဆီ၊ ပဲ၊ အာလူး၊ ကြက်သွန် စသည်များလိုအပ်ခြင်း၊ ကျောင်းသူမိန်းကလေးအိပ်ဆောင်လိုအပ်ခြင်း၊ စာအုပ်၊ စာရေးကိရိယာများ လိုအပ်ခြင်းတို့သည် အရေးကြီးဆုံးများဖြစ်သည်။ သို့ဖြစ်၍ စေတနာရှင်မိဘပြည်သူများသည် ဤကျောင်းရှိ ကလေးများအား မိမိတို့၏ သားသမီးပမာ ကရုဏာထား၍ အနာဂတ်မှာ ရွှေရောင်တောက်ပဖို့ ဝိုင်းဝန်း၍ မြေတောင်မြှောက်ကြပါရန် အထူးမေတ္တာရပ်ခံနှိုးဆော် အသိပေးအပ်ပါသည်။

**အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ပါသည်။**

၁။ ကျောင်းအုပ်ဆရာတော်-၀၉-၂၅၅၇၄၈၆၂၄၊ ၀၉-၄၉၃၁၅၃၇၀
**ရွှေဂုံတိုင်ကမ္ဘောဇဘဏ်**
**ဦးဇဋိလ(A/C No.007-301-00700708002)**ဘဏ်စာရင်းသို့ နီးစပ်ရာဘဏ်၌ ထည့်သွင်း၍ လှူဒါန်းနိုင်ပါသည်။

၂။ ဦးအောင်လွင်-ဒေါ်ချိုချိုထွေး(ငြိမ်းချမ်းရေးနှင့်ကမ္ဘာကျော်ပင်ရင်းထီဆိုင်ကြီး)
အမှတ်(၁၆၈/၁၈၈)၊ အခန်း(၄)၊ ၂၇လမ်း(အထက်)၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၄၉၂၀၈၊ ၀၁-၂၄၈၀၈၈၊ ၀၁-၂၄၉၀၁၃၊ ၀၁-၂၄၉၀၁၅

၃။ ဦးဟန်ကြည်-ဒေါ်ဝါဝါကျော် Alpine သောက်ရေသန့် ကိုယ်စားလှယ်မိသားစု ပုဇွန်တောင်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၀၁၄၀၉၀၊ ၀၉-၅၁၃၀၁၉၀

၄။ အဖြူရောင်မေတ္တာအဖွဲ့၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၅၅၃၃၅၁၊ ၀၉-၅၄၁၄၂၉၅၊ ၀၉-၅၁၁၂၄၁၆

**မှတ်ချက်**
**- ကျိုက်ထီးရိုးဘုရားဖူးရင်း တစ်ခေါက်တစ်ခါ အရောက်လာစေချင်ပါသည်။ ကျိုက်ထီးရိုးဘုရားနှင့် (၁၇)မိုင်ခန့်သာ ကွာပါသည်။**
**- မည်သူ့ကိုမျှ အလှူခံစေလွှတ်ထားခြင်းမရှိပါ။**

WEBS
IELTS, 4 Skills, Business English
> သင်တန်းတစ်ခုပြီးတိုင်း Cambridge တက္ကသိုလ်ကထောက်ခံလက်မှတ် ရရှိမည်။ သင်ကြားသည့် ဆရာ-ဆရာမိုးခင်းစိုးသည်
> အင်္ဂလန်ထိပ်တန်းတက္ကသိုလ်များဖြစ်သော The Open University, Cambridge, Business Schools များတွင် သွားရောက်၍ BA English, BSc, CAE, CPE, MBA အစရှိသည့်ဘွဲ့များကို ရယူခဲ့သည်။ အင်္ဂလန်တွင် (၁၀) နှစ်ကြာနေထိုင်ခဲ့သည့်အတွက် အင်္ဂလိပ်စာနှင့် ယဉ်ကျေးမှုကို ကိုယ်တိုင်ထိတွေ့ခဲ့ရ၍
အင်္ဂလိပ်စာသင်တန်းများ
095151398 လှည်းတန်း။


Saya Patrick Mathematics

## အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ကြောင်း

၂၀၁၄-၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သင်္ချာဘာသာရပ်ကို ထူးချွန်စွာအောင်မြင်သော တပည့်များအား မိသားစုများနှင့်ထပ်တူ အထူးဂုဏ်ယူဝမ်းမြောက်ပါသည်။

### ၆-ဘာသာ ဂုဏ်ထူးရှင်

| | | |
|---|---|---|
| ၁။ မောင်ဖိုးသမင်းလွင် | အထက(၅၅၄) | မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ |
| ၂။ မောင်သီဟဆွေ | အထက(၅၆၃) | မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ |
| ၃။ မမိုးမေအောင် | အထက(၃၀၀) | မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ |
| ၄။ မမြတ်လဲ့မွန်ဦး | အထက(၇၃) | မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ |
| ၅။ မနိုင်စာသွယ် | အထက(၂၉) | မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ |
| ၆။ မမေမြတ်ကောင်း | အထက(၂၀) | မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ |

### ၅-ဘာသာ ဂုဏ်ထူးရှင်

| | | |
|---|---|---|
| ၁။ မမြွန်းအောင် | အထက(၃၇၀) | အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ |
| ၂။ မောင်ထက်ဝေယံဦး | အထက(၆၀၂) | မြန်မာ၊ သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ |
| ၃။ မကြည်စင်ဝင်း | အထက(၂၅၀) | အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ |
| ၄။ မရုလှိုင်နှင်း | အထက(၆၁) | မြန်မာ၊ သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ |
| ၅။ မဝင့်ဒီဟိန်းကျော် | အထက(၃၃၇) | အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ |
| ၆။ မအိမ့်မြတ်ချယ် | အထက(၃၅၁) | မြန်မာ၊ သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ |
| ၇။ မောင်ဇင်ကိုသိန်း | အထက(၄၆၄) | မြန်မာ၊ သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ |

### ၄-ဘာသာ ဂုဏ်ထူးရှင်

| | | |
|---|---|---|
| ၁။ မလှမြင့်သူ | အထက(၅၇) | သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ |
| ၂။ မမြတ်ကေသီကျော် | အထက(၁၅၁) | သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ |
| ၃။ မသင်းသီရိစိုး | အထက(၂၆၁) | သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ |
| ၄။ မောင်ထက်ဦးအောင် | အထက(၅၀၆) | သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ |

### ၃-ဘာသာ ဂုဏ်ထူးရှင်

| | | |
|---|---|---|
| ၁။ မောင်အာကာဦး | အထက(၅၉၀) | သင်္ချာ၊ ရူပ၊ ဇီဝ |
| ၂။ မောင်စိုင်းသုတဝင်း | အထက(၄၁၄) | သင်္ချာ၊ ရူပ၊ ဇီဝ |
| ၃။ မောင်ရွှေအောင် | အထက(၆၃) | သင်္ချာ၊ ရူပ၊ ဇီဝ |
| ၄။ မဆန်းတော် | အထက(၂၁၅) | သင်္ချာ၊ ဓာတု၊ ဇီဝ |
| ၅။ မသင်းရည်နိုင် | အထက(၄၃၁) | သင်္ချာ၊ ရူပ၊ ဇီဝ |
| ၆။ မနှင်းရွှင်းရန် | အထက(၂၄၁) | သင်္ချာ၊ ဓာတု၊ ဇီဝ |
| ၇။ မအိသိရိ | အထက(၁၃၂) | သင်္ချာ၊ ဓာတု၊ ဇီဝ |
| ၈။ မောင်ထက်အောင်ထက် | အထက(၂) | သင်္ချာ၊ ရူပ၊ ဇီဝ |

### ၁-ဘာသာ ဂုဏ်ထူးရှင်

| | | |
|---|---|---|
| ၁။ မသူဇာ | အထက(၂) | သင်္ချာ |
| ၂။ မနိုင်ဇင်ထွန်း | အထက(၁၃) | သင်္ချာ |

စာရင်းပေးသွင်းရန် ကျန်ရှိသူများဆက်သွယ်ပါရန်။ 01-294466, 09-253530381, 09-353530354




## တမီလ် ပါရိကာဝဲကုလ လူမှုဖွံ့ဖြိုးရေးအဖွဲ့


အမှတ်-၃၃၊ ဒုတိယထပ်၊ လမ်း ၃၀၊ ရန်ကုန်မြို့ ☎ 253603 - REGD : 1737



တမီလ် ပါရိကာဝဲကုလ လူမှုဖွံ့ဖြိုးရေးအဖွဲ့၏ နာယကများဖြစ်ကြသော ဦးသောမတ်စ်၊ ဦးမိုက်ကယ်နှင့် အသင်းဥက္ကဋ္ဌ လူဝီ(စ်)ဖီလစ် (ခ) ဦးတင်ဝင်း တို့မှ ဦးဆောင်၍ အဖွဲ့ဝင် ၁၆ ယောက်စုပေါင်း၍ သုံးဖွဲ့ဖွဲ့ပြီး ဟသ်ာတမြို့နယ်၊ ကျွန်းကြီးကျေးရွာ၊ ကျောက်ရဲကျေးရွာ၊ ငုက်ပျောတောရွာတို့နှင့် အင်္ဂပူမြို့နယ်၊ အင်းပြင်ကုန်းအုပ်စု၊ ကျားသေရွာ၊ ဆင်သေရွာ၊ ဒွေးကုန်းရွာနှင့် တောင်စလဲရွာ တို့ကို ၇-၈-၂၀၁၅ နေ့တွင် သွားရောက် ကြိုတင်စီစဉ်ပြီး ၈-၈-၂၀၁၅ နေ့နှင့် ၉-၈-၂၀၁၅ နေ့တို့တွင် အသင်းသားများ ကိုယ်တိုင်သွားရောက်၍ ဆန် (၆ ပြည်) အိတ် ၆၀၀၊ ဆန် (၄ ပြည်) အိတ် ၇၄၀၊ ဆီ ၉၇၀ ပိဿာ၊ ခေါက်ဆွဲ (၃၆၀၀) ထုပ်၊ ငါးသေတ္တာ ဘူးကြီး ၁၀၀၈ ဘူး၊ ဝေဖာ အထုပ်သေး ၅၀၀၀၊ ရေသန့်ဘူးကြီး ၇၀၀၊ ရေသန့် (·၅၂၅ လီတာ) ၃၆၀၀ ဘူး၊ ကာလတန်ဖိုး ကျပ် ၁၁၄ သိန်းခန့်တန် ပစ္စည်းများကို ရေဘေးသင့် မိသားစု ၁၄၄၀ အား ကူညီထောက်ပံ့ခဲ့ကြပါသည်။ ဆန်၊ ဆီနှင့် အခြားသောပစ္စည်းများအား အထုပ်ထုပ်ရာတွင် စေတနာဖြင့် (အခမဲ့) ဝိုင်းဝန်းကူညီပေးကြသော ဟသ်ာတမြို့ အမှတ်-၅၆၊ ဗိုလ်ချုပ်လမ်းနေ ဦးအပ္ပနားမိသားစု(ပီနံအိတ်ခွဲရောင်းဝယ်ရေး)တို့အားလည်းကောင်း၊ အင်္ဂပူမြို့နယ်၊ အင်းပြင်ကုန်းအုပ်စုမှ ဒေါ်ခင်သန်းဦး၊ ဆရာမ ဒေါ်တင်တင်ဌေး၊ ဦးအောင်ကိုကိုလှိုင်၊ ဦးခင်မောင်စိုးနှင့် ရွာမှ လုပ်အားပေးကြသူအားလုံးနှင့် အလှူရှင်များအားလုံးတို့အား ကျွန်တော်တို့ တမီလ် (ခရစ်ယာန်) ပါရိကာဝဲကုလ လူမှုဖွံ့ဖြိုးရေးအဖွဲ့မှ အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် ဆက်လက်၍ ပြန်လည်ထူထောင်ရေး လုပ်ငန်းအတွက် အသင်းမှ ထပ်မံစီစဉ်လျက်ရှိပါသည်။

**တမီလ်ပါရိကာဝဲကုလ လူမှုဖွံ့ဖြိုးရေးအဖွဲ့**



myanmar national airlines

# Upgrade to MNA

လေယာဉ်အသစ် ၇၃၇ - ၈၀၀

အွန်လိုင်း သို့မဟုတ် ခရီးသွားအေးဂျင့်များမှ လက်မှတ်ကြိုတင်ဝယ်ယူနိုင်ခြင်း

ထိုင်ခုံနေရာ ကြိုတင်ရွေးချယ်နိုင်ခြင်း

"မင်္ဂလာပါ" ဝန်ဆောင်မှု (လေဆိပ်နှင့် ဖိမ်ခံမှန်လုံကား)

ဝန်စည်စလယ် ကီလို ၃၀ အခမဲ့သယ်ယူခွင့်ပြုခြင်း

မိနစ် ၃၀ အလိုတွင် *check-in* ပြုလုပ်နိုင်ခြင်း

ကျယ်ဝန်းသော ခြေထောက်ချရန်နေရာ ပါရှိခြင်း

မေတ္တာလက်ဆောင် အစားအသောက်နှင့် အချိုရည်များ သုံးဆောင်နိုင်ခြင်း

မြန်မာနှင့် အာရှ အစားအသောက်များ စိတ်ကြိုက်ရွေးချယ်နိုင်ခြင်း

*Inflight entertainment* များပါရှိခြင်း

ဖော်ရွေပျူငှာ ညွှဝတ်ကျေပွန် ဝန်ဆောင်မှု

သာမန်ထက်ပိုကျယ်သည့် "*Premium Economy*" ထိုင်ခုံနေရာ

Yangon ⇌ Singapore

All from just **$239** return

flymna.com

Journey of a lifetime

ကြော်ငြာ

myanmar national airlines



Yangon-Singapore-Yangon

Book Now!

Call Centre : 01-377840-43
Airport : 09-254219651
Online : www.flymna.com

Sun Far Travel&Tours 01-243993
Columbus Travel 01-229245
Nice Fare 01-393088

Saw Pron Phan Travel 01-255880
Oway Travel 01-2304197
Htoo Travel 01-8603766,67

Journey of a lifetime

# တန်းဆင်းဇုန်မှ ဟံသာဝတီအသင်း ပထမဆုံးနိုင်ပွဲရ

သတင်းနှင့် ဓာတ်ပုံ » ရှိုင်းထက်ဇော်



ဟံသာဝတီအသင်းမှ မောင်မောင်လွင်၏ ထိုးဖောက်မှုကို ဇေယျာရွှေမြေနောက်ခံလူ ရန်အောင်ဝင်းဖျက်ထုတ်နေစဉ်။

**ရန်ကုန် ဩဂုတ် ၁၅**

၂၀၁၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၅) ပထမနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ကျင်းပရာ ဟံသာဝတီနှင့်ရန်ကုန်အသင်းတို့ နိုင်ပွဲများရရှိခဲ့သည်။

**(သုဝဏ္ဏကွင်း)**

ဟံသာဝတီ - တစ်ဂိုး

(ဘမ်ဘာ)

ဇေယျာရွှေမြေ - ဂိုးမရှိ

၁၄ ပွဲဆက်နိုင်ပွဲမရရှိဘဲ တန်းဆင်းဇုန်ထဲကျရောက်နေသည့် ဟံသာဝတီအသင်းမှာ ၁၅ ပွဲမြောက်တွင် ပထမဆုံးနိုင်ပွဲရယူနိုင်ခဲ့သည်။ ယခုပွဲတွင် နည်းပြသစ် ဆီဗာဂျီမှာ ဟံသာဝတီအသင်းကို ပထမဆုံးကိုင်တွယ်ခဲ့ပြီး နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။ ဇေယျာရွှေမြေအသင်းမှာ ယခုပွဲတွင် ဟံသာဝတီအသင်းထက် ဂိုးသွင်းခွင့်ပိုရခဲ့သော်လည်း အသုံးမချနိုင်ခဲ့၍ ရှုံးပွဲပြန်တွေ့ခဲ့ခြင်းဖြစ်သည်။

နှစ်သင်းစလုံး အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ပထမပိုင်းတွင် အပြန်အလှန်ရှိခဲ့သည်။ တန်းဆင်းဇုန်ထဲမှ လွတ်မြောက်ရန်ကြိုးပမ်းနေသည့် ဟံသာဝတီအသင်းမှာ အားပိုထုတ်ခဲ့သော်လည်း ဇေယျာရွှေမြေနောက်တန်းကို မကျော်နိုင်ခဲ့ပေ။ ပထမပိုင်းတွင် ဇေယျာရွှေမြေအသင်း ဂိုးရနိုင်သည့် အခွင့်အရေးများရရှိခဲ့သော်လည်း ရန်နိုင်ဦး၏ကန်ချက်ကို ဂိုးသမားက ကာကွယ်နိုင်ခဲ့သလို ဗစ်တာ၏ကန်ချက်မှာလည်း ဘားတန်းထိထွက်ခဲ့သည်။

ဒုတိယပိုင်းတွင် ဟံသာဝတီအသင်း ကစားအားပိုမြင့်လာခဲ့ပြီး ဇေယျာရွှေမြေဘက်သို့ ဖိအားပေးလာနိုင်ခဲ့သည်။ မိနစ် ၇၀ တွင် ဟံသာဝတီအသင်း အနိုင်ဂိုးရခဲ့ပြီး တိုက်စစ်မှူး ဘမ်ဘာကသွင်းယူခဲ့ခြင်းဖြစ်သည်။ ဇေယျာရွှေမြေအသင်း ချေပဂိုးရရှိရန် ကြိုးပမ်းခဲ့သော်လည်း အရှုံးဖြင့်သာရင်ဆိုင်ခဲ့ရသည်။

**(အောင်ဆန်းကွင်း)**

ရန်ကုန် - တစ်ဂိုး

(ဆီဇာ)

မနောမြေ - ဂိုးမရှိ

**ယနေ့ပွဲ**

**(သုဝဏ္ဏကွင်း)**

ဇွဲကပင် - ရခိုင်

**(ဗထူးကွင်း)**

ရတနာပုံ - ချင်းယူနိုက်တက်

**(ပေါင်းလောင်းကွင်း)**

နေပြည်တော် - ကမ္ဘောဇ

**ယနေ့ မာတိကာ**

ပြည်သူလူထုယုံကြည်ကိုးစားမှုခံရသော တပ်မတော်ဖြစ်စေရန် တစ်ဦးချင်းက ကြိုးစားရန်လို

စာမျက်နှာ - ၃

တစ်နိုင်ငံလုံး မဲဆန္ဒရှင်စာရင်းထုတ်ပြန်မှုအား ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့ PACE မှ စောင့်ကြည့်သွားမည်

စာမျက်နှာ - ၁၁

ယခုနှစ် ပရီမီယာလိဂ် ချန်ပီယံအဖြစ် မန်ယူသာ အောင်ပွဲခံမည်

စာမျက်နှာ - ၁၃

# ရေဘေးသင့်ပြည်သူများကို ထောက်ပံ့ရန် ရုပ်ရှင်၊ ဂီတအနုပညာရှင်များမှ သီဆိုဖျော်ဖြေမှုများပြုလုပ်




**ရန်ကုန် ဩဂုတ် ၁၅**

ရုပ်ရှင်၊ ဂီတအနုပညာရှင်များမှ ရေဘေးသင့်ပြည်သူများကို ထောက်ပံ့နိုင်ရေးအတွက် အလှူငွေများရရှိရန် ဩဂုတ် ၁၅ ရက် နံနက်က မရမ်းကုန်းမြို့နယ်ရှိ သမိုင်းလမ်းဆုံ(City Mark Supermarket)အနီးတွင် သီဆိုဖျော်ဖြေမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ အနုပညာမောင်နှမတွေစုပေါင်းတိုင်ပင်ပြီးမှ အခုလို သီဆိုဖျော်ဖြေပြီး အလှူခံဖို့လုပ်ဖြစ်ခဲ့တာပါ။ ပြည်သူတွေ အခက်အခဲကြုံတွေ့နေတဲ့အချိန်မှာ ကိုယ်တတ်နိုင်တဲ့ဘက်က ပြန်လည်ကျေးဇူးဆပ်တဲ့သဘောပါ။ ဒီကရတဲ့ အလှူငွေတွေကို လတ်တလောအရေးကြီးနေတဲ့ ဟင်္သာတခရိုင်ထဲက ရွာတွေကို လှူသွားမှာပါ"ဟု ဦးစီးဆောင်ရွက်နေသူ ဒါရိုက်တာ ဩဇာအောင်က ပြောသည်။

အဆိုပါသီဆိုဖျော်ဖြေမှုကို ယနေ့နံနက် ၁၀ နာရီခန့် မှစတင်၍ ည ၉ နာရီ အထိပြုလုပ်ခဲ့ပြီး သရုပ်ဆောင်မြို့တော်ချစ်ဖွယ်၊ ကျော်ဇောဟိန်း၊ မိုခမ်းတို့အပါအဝင် ရုပ်ရှင်၊ ဂီတအနုပညာရှင်မောင်နှမများက သီဆိုဖျော်ဖြေခဲ့ကြကြောင်းသိရသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖




themirror.npt@gmail.com
www.facebook.com/themirrordaily